# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၈ ခုနှစ် တပေါင်းလပြည့်ကျော် ၂ ရက် အင်္ဂါနေ့။ Tuesday, 14 March 2017 (၈၈၆၅)


**ဂုဏ်တော်ထူးနှင့်ပြည့်စုံတော်မူ**

မြတ်စွာဘုရားသည် စိုးရိမ်ကြောင့်ကြမှုမရှိဘဲ အလွန်ချမ်းသာစွာ အသက်မွေးနိုင်ကုန်၏။ ဆွမ်းအာဟာရ မရသော်လည်း အာဘဿရဘုံရှိ ဗြဟ္မာကြီးများကဲ့သို့ ပီတိဟူသောအစာကို စားသုံး၍နေနိုင်ကုန်၏။ (ထိုသို့ ဂုဏ်တော်ထူးနှင့် ပြည့်စုံတော်မူပေသော မြတ်စွာဘုရားအား ရည်မှန်း၍ ပူဇော်ကန်တော့ရာ၏)

သုခဝဂ်(ဓမ္မပဒ-၂၀၀)

# ရေကိုအကျိုးရှိ ထိရောက်စွာသုံးစွဲနိုင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်လာရန် တွန်းအားပေးဆောင်ရွက်သွားကြရမည်

**နေပြည်တော် မတ် ၁၃**

အနာဂတ်တွင်လည်း ရေအရင်းအမြစ်များ ဆက်လက်တည်ရှိစေရေးနှင့် ရေအရည်အသွေးများ လုံခြုံစိတ်ချမှုရှိစေရေးအတွက် ရေအရင်းအမြစ်များကို ကာကွယ်စောင့်ရှောက်ရန်နှင့် စနစ်တကျစီမံခန့်ခွဲရန် လိုအပ်ကြောင်း အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ပြောကြားသည်။

ဒုတိယသမ္မတက မြန်မာနိုင်ငံအနေဖြင့် အနာဂတ်တွင် ရေအရင်းအမြစ်ဘက်စုံစီမံခန့်ခွဲမှုစနစ်ကို အပြည့်အဝအကောင်အထည်ဖော် ဆောင်ရွက်နိုင်ပြီး ရေကိုအကျိုးရှိ ထိရောက်စွာ သုံးစွဲနိုင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်လာရန် မျှော်မှန်းထားကာ တွန်းအားပေးဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းဖြင့်လည်း ပြောကြားသည်။

၂၀၁၇ ခုနှစ် ကမ္ဘာ့ရေနေ့အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂)၌ ကျင်းပရာ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက အထက်ပါအတိုင်းပြောကြားခဲ့ခြင်းဖြစ်သည်။

ဒုတိယသမ္မတက ယခုနှစ်အတွက် ကမ္ဘာ့ရေနေ့၏ အထူးပြုအကြောင်းအရာမှာ စွန့်ပစ်ပြုန်းတီးနေသည့် ရေ (Wastewater) ဖြစ်ပါကြောင်း၊ ၂၀၁၇ ခုနှစ် ကမ္ဘာ့ရေနေ့ အကြောင်းအရာဖြစ်သည့် Wastewater မှတစ်ဆင့် စွန့်ပစ်ရေကို

**စာမျက်နှာ ၃ ကော်လံ ၁ သို့**




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ၂၀၁၇ ခုနှစ် ကမ္ဘာ့ရေနေ့ အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

# မန္တလေးမြို့တော် မဟာသင်္ကြန်မဏ္ဍပ်ကို နောက်ခံဒီဇိုင်းပုံစံပြောင်း၍ စတင်ဆောက်လုပ်



**မန္တလေး မတ် ၁၃**

၂၀၁၇ ခုနှစ် မန္တလေး သင်္ကြန်ပွဲတော် ကျင်းပရန် မြို့တော်မဟာသင်္ကြန်မဏ္ဍပ်ကို နောက်ခံဒီဇိုင်းပုံစံပြောင်းလဲ၍ ယခုလဆန်းမှ စတင်ကာ ဆောက်လုပ်နေပြီဖြစ်ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဝင် ဦးကျော်ဆန်းမြင့်က ပြောသည်။

"မဏ္ဍပ် အရွယ်အစားကတော့ အရင်နှစ်ကအတိုင်းပါပဲ။ နောက်ခံဒီဇိုင်းကိုတော့ အမြင်အသစ်အဆန်းဖြစ်သွားအောင် အရောင်နဲ့ ဒီဇိုင်းပုံစံတွေ ပြောင်းလဲထားပါတယ်။ မနှစ်က နောက်ခံဒီဇိုင်းက ကျုံးမြို့ရိုးပုံစံပါတယ်။ အရောင်ကတော့ အပြာနောက်ခံပေါ်မှာ အဝါရောင် ကနုတ်ပန်းနဲ့ ဒီနှစ်မှာတော့ ဒီဇိုင်းတွေ၊ အရောင်တွေအားလုံး ပြောင်းထားပါတယ်"ဟု ၎င်းကပြောသည်။

**စာမျက်နှာ ၃ ကော်လံ ၅ သို့**


ကြေးမုံ နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ပထမ တစ်နှစ်တာ

**ပြည်သူ့အတွက် ပထမတစ်နှစ်တာ အချပ်ပိုပါရှိ**

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ပထမတစ်နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များကို အချပ်ပို (၈)မျက်နှာဖြင့် ဖော်ပြထားပါသည်။

KBZ BANK
STRENGTH OF MYANMAR

သဒ္ဒါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

## ကြေးမုံ

# အမျိုးသမီးများအရေးနှင့် မြန်မာ့စီးပွားရေး

"ပြည်သူအားလုံးပါဝင်သော ဖွံ့ဖြိုးတိုးတက်မှု"ဆောင်ပုဒ်ဖြင့် မတ် ၆ ရက်က နေပြည်တော်တွင်ကျင်းပသည့် မြန်မာအမျိုးသမီးများ ရက်သတ္တပတ်၏ဖိုရမ် ဖွင့်ပွဲအပြီးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသမီးစီးပွားရေးလုပ်ငန်းရှင်များ စကားဝိုင်းဆွေးနွေးပွဲတစ်ခု ကျင်းပခဲ့သည်။

စကားဝိုင်းဆွေးနွေးပွဲတွင် အမျိုးသမီးစီးပွားရေးလုပ်ငန်းရှင်တစ်ဦး ဆွေးနွေးသည့် အချက်(၂)ချက်မှာ မြန်မာ့စီးပွားရေးတိုးတက်မြင့်မားရေး အတွက် စိတ်ဝင်စားစရာကောင်းသည်ဟု ထင်မြင်ပါသည်။

ပထမအချက်က ပြည်တွင်းစီးပွားရေးလုပ်ကိုင်သူအားလုံးအတွက် အမှန်တကယ်လွတ်လပ်သော ဈေးကွက်စီးပွားရေးစနစ်ကို အထောက်အပံ့ဖြစ်စေမည့် စီးပွားရေးဝန်းကျင်နှင့် အာဝါသတစ်ခုပေါ်ပေါက်ဖို့ လိုအပ်ကြောင်းဖြစ်ပြီး ဒုတိယအချက်မှာ အမျိုးသမီးအလုပ်သမားထုအတွက် နေ့ကလေးထိန်းဌာနများကို ပုဂ္ဂလိကလုပ်ငန်းရှင်များက ထူထောင်နိုင်ရန် နိုင်ငံတော်အစိုးရက စနစ်နှင့် လုပ်ထုံးလုပ်နည်းများကို ကူညီဖန်တီးပေးရန် တို့ဖြစ်၏။

မြန်မာနိုင်ငံရေး စီးပွားရေးလုပ်ငန်းများတွင် နှစ်ပေါင်းများစွာ ဖြစ်ပေါ်နေခဲ့သည့်ပုံစံတစ်ခုမှာ အခွင့်ထူးခံစီးပွားရေး သို့မဟုတ် ပါမစ်စီးပွားရေးစနစ်ဖြစ်သည်။ ယင်းစနစ်မှာ အာဏာနှင့် လုပ်ပိုင်ခွင့်ရှိသူများက စီးပွားရေးအခွင့်အလမ်းများကို နီးစပ်ရာ အလျဉ်းသင့်ရာ ခွဲဝေပေးခြင်းဖြစ်၏။ မိမိ၏ မိသားစု သို့မဟုတ် မိမိနှင့် နီးစပ်ရာ လုပ်ငန်းရှင်များ သို့မဟုတ် မိမိကို အကျိုးစီးပွားခွဲဝေပေးမည့်သူများလက်သို့ လုပ်ပိုင်ခွင့်နှင့် စီးပွားရေးအခွင့်အလမ်းများကို ပေးအပ်လုပ်ကိုင်စေခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် အဂတိစီးပွားရေးစနစ်ဖြစ်၏။

ဤစနစ်အောက်မှာ အလွန်အမင်း ကြီးပွားချမ်းသာလာသော အာဏာရှိသူများနှင့် သူနှင့် နီးစပ်ရာ စီးပွားရေးလုပ်ငန်းရှင်များ ပေါ်ပေါက်လာပြီး တိုင်းပြည်ဆင်းရဲမွဲတေသွားသည်ကို သက်သေအဖြစ် တွေ့ရပါမည်။

ထို့ကြောင့် ပထမဆွေးနွေးချက်ဖြစ်သော ဈေးကွက်စီးပွားရေးစနစ်ကို အမှန်တကယ်အားပေးသည့် စီးပွားရေးအာဝါသတစ်ခု ဖန်တီးပေးနိုင်ရေးမှာ အလွန်သဘာဝကျသော လိုအပ်ချက်ဖြစ်ပါသည်။ ယင်းသို့သော အာဝါသမျိုး ဖန်တီးပေးရေးတွင် ဥပဒေစိုးမိုးရေးက အရေးကြီးသော အချက်တစ်ခုအနေဖြင့် ပါဝင်ပါမည်။

စီးပွားရေးလုပ်ငန်းများအတွက် တိကျခိုင်မာသောဥပဒေများ၊ အခွန်အတုတ်စနစ်များနှင့်အတူ ထိရောက်သော ဥပဒေသက်ရောက်မှုတို့ လိုအပ်ပါမည်။ ဥပဒေသက်ရောက်မှုဆိုရာတွင် ဥပဒေနှင့်မညီသော စီးပွားရေးလုပ်ငန်းများကို ထိထိရောက်ရောက် ကိုင်တွယ်အရေးယူနိုင်ရေးသာမက ဥပဒေနှင့်အညီ လုပ်ကိုင်နေသော စီးပွားရေးလုပ်ငန်းများကို အကာအကွယ်ပေးနိုင်ရေးတို့ပါ ပါဝင်သည်။

ဒုတိယဆွေးနွေးချက်ဖြစ်သည့် နေ့ကလေးထိန်းဌာနများ ပေါ်ပေါက်ရေးသည်လည်း တိုင်းပြည်ထူထောင်ရေးအတွက် အင်နှင့်အားနှင့် ဝိုင်းဝန်းအကောင်အထည်ဖော်နေချိန်တွင် အထူးလိုအပ်နေသည့်ကိစ္စ ဖြစ်ပါသည်။ ယနေ့ မြန်မာနိုင်ငံ၏ အနေအထားသည် အမျိုးသမီးလုပ်ငန်းရှင်များရော အမျိုးသမီးအလုပ်သမားများပါ တိုးတက်မြင့်မားနှုန်းအရှိန်အလွန်မြင့်မားနေချိန်ဖြစ်ပါသည်။

အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်များပြားလာနေပြီး ထိုအလုပ်အကိုင်များတွင် အမျိုးသမီးအလုပ်သမားများက အများအပြားဝင်ရောက်နေရာယူနေပြီ ဖြစ်ပါသည်။ ထိုအမျိုးသမီးအလုပ်သမားထု ရင်ဆိုင်နေရသည့် အခက်အခဲတစ်ခုမှာ ကလေးမီးဖွားပြီးသည့်နောက် အလုပ်လုပ်နေသော မိခင်တစ်ယောက်အတွက် မိမိ၏ရင်သွေးကို အချိန်ပြည့် ကြည့်ရှုစောင့်ရှောက်ပေးရန်ဖြစ်သည်။ မိခင်အလုပ်လုပ်ကိုင်နေချိန်တွင် မိမိ၏ရင်သွေးကို စိတ်ချယုံကြည်စွာ အပ်နှံထားခဲ့နိုင်မည့် ကလေးထိန်းသိမ်းစောင့်ရှောက်ရေးဌာနများ များစွာလိုအပ်နေသည်မှာ အမှန်ပင်ဖြစ်ပါသည်။

စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏ ဝန်ထမ်းအမျိုးသမီးများအတွက် နေ့ကလေးထိန်းဌာနများ ထားရှိစီစဉ်ပေးရန် မခက်ခဲလှဟု ထင်ပါသည်။ သို့သော်လည်း နိုင်ငံတော်အစိုးရဘက်ကလည်း မှန်ကန်စနစ်ကျသော ကလေးထိန်းဌာနများဖြစ်ပေါ်ရေးအတွက် စနစ်နှင့် လုပ်ထုံးလုပ်နည်းများ ချမှတ်ကူညီပေးရန်လိုအပ်မည်ဟု ယူဆပါကြောင်း။ ။

# (၇၂)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

☆ နိုင်ငံတော်၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်နှင့် အကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်ရေးနှင့် နိုင်ငံတော်အစိုးရ၏ လုပ်ငန်းတာဝန်အရပ်ရပ်ကို ထိပါးလာမှုများအား တပ်မတော်မှ ကာကွယ်စောင့်ရှောက်ရေး။

☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထုက ရွေးချယ်သော ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာလျှောက်လှမ်းနိုင်ရန် ထိန်းသိမ်းဆောင်ရွက်ရေးတို့အား တပ်မတော်၏ ရပ်တည်ချက်အဖြစ် မြဲမြံစွာ ခံယူလုပ်ဆောင်ရေး။

☆ ထာဝရငြိမ်းချမ်းရေးတည်ဆောက်ရာတွင် ချမှတ်ထားသော တပ်မတော်၏ ငြိမ်းချမ်းရေးမူဝါဒ(၆)ရပ်ဖြင့် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့်အတူ ပါဝင်ဆောင်ရွက်ရေး။

☆ နိုင်ငံတော်ကာကွယ်ရေးနှင့် ဘက်စုံလုံခြုံရေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရန် စွမ်းရည်ထက်မြက်သည့် တပ်မတော်တည်ဆောက်ရေး။

# ကျိုက်ထိုမြို့နယ်၌ လမ်း၊ တံတား လုပ်ငန်းများစစ်ဆေး

**ကျိုက်ထို မတ် ၁၃**

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ကျိုက်ထိုမြို့နယ်အတွင်း ဆောင်ရွက်သော လမ်း၊ တံတားလုပ်ငန်းများ၊ ခရိုင်ချင်းဆက် လမ်း၊ တံတားလုပ်ငန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦးနှင့်အဖွဲ့သည် မတ် ၈ ရက်က လိုက်လံကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

ထို့နောက် မွန်ပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးမျိုးကြည်၊ သထုံခရိုင် ခရိုင်ဦးစီးမှူး ဦးလှမျိုးဝင်းနှင့် ကျိုက်ထိုမြို့နယ် ဦးစီးမှူး ဦးမိုးဝင်းတို့က လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြခဲ့ကြကြောင်း သိရသည်။

**(ကြေးမုံ)**

# တတိယအကြိမ် မြန်မာ့တိုင်းရင်းဆေးသမားတော်နေ့ကျင်းပ

**ရန်ကုန် မတ် ၁၃**

မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း (ရန်ကုန်တိုင်းဒေသကြီး)၏ တတိယအကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်နေ့ကို မတ် ၁၂ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ တာမွေမြို့နယ် အရှေ့မြင်းပြိုင်ကွင်းလမ်းရှိ Western Park စားသောက်ဆိုင်ခြောက်လွှာ၌ ကျင်းပသည်။

မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း ဗဟိုဥက္ကဋ္ဌ တိုင်းရင်းဆေးသမားတော်ကြီး ဦးသန်းညွန့်က "မြန်မာ့တိုင်းရင်းဆေးပညာမှန်ကို တည်ဆောက်ဖို့အတွက် တိုင်းရင်းဆေးပညာရပ်ကြီး တိုးတက်အောင် လွတ်လပ်စွာ တီထွင်ကြံဆနိုင်ရန် ချုပ်ကိုင်ဟန့်တားထားမှုမှ လွတ်ဖို့လည်းလိုပါတယ်။ တိုင်းရင်းဆေးပညာကို တိုင်းရင်းဆေးပညာရှင်များက ဦးဆောင်ပြီး အုပ်ချုပ်ခွင့်ရပါက မြန်မာ့တိုင်းရင်းဆေးလောက ပိုမိုတိုးတက်မြင့်မားလာမည်ဖြစ်ကြောင်းကို ရဲရဲကြီးပြောလိုပါတယ်။ ကိုယ့်တိုင်းရင်းဆေးပညာကို ဘေးက ဘာပြောပြော၊ ဘေးကပြောနေတာထက် သွေးကပြောနေတာမှန်၏. . . တဲ့။ သွေးချင်းရင်းနှီးပြီးတော့ ကိုယ့်တိုင်းရင်းဆေးပညာတိုးတက်အောင် ဆောင်ရွက်ကြပါ"ဟု ပြောကြားခဲ့သည်။ (ယာပုံ)

ယင်းနောက် မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(ရန်ကုန်တိုင်းဒေသကြီး)ဒုတိယဥက္ကဋ္ဌ တိုင်းရင်းဆေးသမားတော်ကြီး ဦးကြည်မောင်က တပေါင်းလပြည့် မြန်မာ့တိုင်းရင်းဆေးသမားတော်နေ့ ဂုဏ်ပြုပူဇော်ပွဲအခမ်းအနားကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

တိုင်းရင်းဆေးသမားတော်ကြီး ဦးကြည်မောင် ရေးသားသီကုံးအပ်သော မြန်မာ့တိုင်းရင်းဆေးသမားတော်နေ့ ဂုဏ်ပြုပူဇော်ပွဲ ပိုဒ်စုံရတုကို တေးသံရှင် စည်သူထားက ပူဇော်




ကန်တော့ပြီး ကန်တော့ခံဆရာကြီးများဖြစ်ကြသော သမားတော်ကြီး ဦးသန်းညွန့်၊ သမားတော်ကြီး ဦးမောင်ညဏ်၊ သမားတော်ကြီး ဦးညဏ်လွင်၊ သမားတော်ကြီး ဦးလှဌေး၊ သမားတော်ကြီး ဦးထွန်း၊ သမားတော်ကြီး ဦးဘသိန်းကျင်၊ သမားတော်ကြီး ဦးနိုင်ရည်သောင်း၊ သမားတော်ကြီး ဦးတင်ကျော်၊ သမားတော်ကြီး ဦးမြင့်သောင်းတို့အား ပူဇော်ငွေနှင့် ပစ္စည်းများကို တက်ရောက်လာကြသူများက ပေးအပ်လှူဒါန်းကြကာ ကန်တော့ခံဆရာကြီးများအား ပူဇော်ကန်တော့ ခဲ့ကြသည်။

မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(ဗဟို)ဥက္ကဋ္ဌ(ငြိမ်း) သမားတော်ကြီး ဦးမောင်ညဏ်က အနုမောဒနာစကား ချီးမြှင့်ပြောကြားခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

# ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် မတ် ၁၃**

ရန်ကုန်(ရွှေဈေး) ၈၈၄၀၀၀ - ၈၈၄၀၀၀ မန္တလေး(ရွှေဈေး) ၈၈၄၀၀၀ - ၈၈၄၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၇၁၅/၇၂၀ ကျပ်၊ | ၇၅၀/၇၆၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၆၀/၇၇၀ ကျပ်၊ | ၈၈၅/၈၉၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၂၅/၇၃၅ ကျပ်၊ | ၈၀၀/၈၁၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၃၅/၇၄၅ ကျပ်၊ | ၇၇၅/၇၈၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၆၈ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၈၆ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၆၆၈ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၆၂.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၄၅၃.၅ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၉၇.၁၂ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၃၈.၅၂၉ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၀၅.၉၆ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၀.၄၆၄ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၁၈၆.၉ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၈.၅၆ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၂၇.၀ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၆၄.၄၉ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှသင်း၊ ဒေါ်စန္ဒာဝင်း
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်၊
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
အထူးသတင်းထောက် - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀) ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ဒီ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၂၈၊ ၀၆၇-၃၆၁၀၃၀၊ ဖက်စ် ၀၆၇-၃၆၁၀၃၀၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၀



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ရေအရင်းအမြစ်အသုံးချရေးဆိုင်ရာ ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။ (သတင်းစဉ်)

❒ ရှေ့ဖုံးမှ

ပြန်လည် Recycle ပြုလုပ်သုံးစွဲကြရန်နှင့် ရေအလဟဿဆုံးရှုံးမှုကို လျှော့ချရန်အတွက် ရေနှင့်ဆက်နွှယ်သည့် Stakeholders များအားလုံး အထူးအလေးထားဆောင်ရွက်ကြစေလိုပါကြောင်း။

နိုင်ငံတော်၏ ရေအရင်းအမြစ်အားလုံးကို ထိရောက်စွာစီမံခန့်ခွဲနိုင်ရန်အတွက် အဓိကကျသည့် မြစ်များနှင့်မြစ်ဝှမ်းများကို စနစ်တကျစီမံခန့်ခွဲရန်လိုအပ်ပါကြောင်း၊ လိုအပ်နေသည့် ရုပ်ပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံများ၊ အဖွဲ့အစည်းများ ပြုပြင်တည်ဆောက်မှုနှင့်အတူ ရေနှင့်ဆက်နွှယ်သော ဌာန၊ အဖွဲ့အစည်းများရှိ ဝန်ထမ်းများ၊ ပတ်သက်ဆက်နွှယ်သူများကိုလည်း စွမ်းဆောင်မှုအရည်အသွေးမြှင့်တင်ပေးရန် တစ်ပြိုင်တည်း ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်၏ ရေအရင်းအမြစ်ဘက်စုံစီမံခန့်ခွဲမှုကို အထောက်အကူပြုနိုင်ရန် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီကို ဖွဲ့စည်းထားပါကြောင်း၊ ရေပေးဝေမှု၊ မိလ္လာနှင့်ရေသန့်စနစ်၊ တစ်ကိုယ်ရေသန့်ရှင်းမှု၊ ပတ်ဝန်းကျင်သန့်ရှင်းမှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေအားလျှပ်စစ်၊ စက်မှုလုပ်ငန်း၊ ခရီးသွားလုပ်ငန်း စသည့်ကဏ္ဍများဖွံ့ဖြိုးတိုးတက်စေရန်နှင့် သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေရန် အစိုးရနှင့် ပြည်သူပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ရေအသုံးပြုသူများအကြား ရေသုံးစွဲမှုနှင့်ပတ်သက်သည့် အသိပညာ၊ ဗဟုသုတနှင့် နည်းပညာပူးပေါင်းဆောင်ရွက်မှု၊ ဆွေးနွေးတိုင်ပင်မှုနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

ရေပိုမိုသိုလှောင်ခြင်းဆိုသည့်အချက်သည် ရေပြဿနာများကို အတိုင်းအတာတစ်ခုအထိ ဖြေရှင်းနိုင်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံအနှံ့အပြားတွင် ယခုအချိန်မှစတင်ပြီး မိုးရေခံစီမံကိန်း (Rain Water Harvesting)လုပ်ငန်းကို ဦးစားပေးလုပ်ငန်းတစ်ခုအနေဖြင့် အားပေးဆောင်ရွက်သွားကြမည်ဖြစ်ပါကြောင်း၊ ထို့ပြင် ရေပိုမိုသိုလှောင်နိုင်ရန် အခြေခံအဆောက်အအုံများ ပိုမိုတည်ဆောက်ရေး၊ ရေပြန်းတီးလေလွင့်မှုလျှော့ပါးစေရေးနှင့် ရေချွေတာရေး လှုပ်ရှားမှုများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ တစ်ဖက်တွင်လည်း ရေနှင့်ဆက်နွှယ်သည့် သဘာဝဘေးအန္တရာယ်များ လျော့ပါးသက်သာစေရန် လိုအပ်သည့် အစီအမံများ၊ ကြိုတင်ပြင်ဆင်မှုများကို သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများအားလုံး ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ရေအရင်းအမြစ်များနှင့်သက်ဆိုင်သည့် စီမံကိန်းအများစုအတွက်လည်း ရေရရှိနိုင်မှုကိုခန့်မှန်းရာတွင် မျက်မှောက်ကာလ မိုးလေဝသနှင့် ဇလဗေဒဆိုင်ရာ အချက်အလက်များကို သက်ဆိုင်ရာဌာနအဖွဲ့အစည်းများက ဝိုင်းဝန်းညှိနှိုင်းပြီး စနစ်တကျစုစည်းပြုစုသွားကြရန် လိုအပ်ပါကြောင်း၊ အနာဂတ်ကာလအတွက် ခန့်မှန်းတွက်ချက်ရာတွင်လည်း သင့်လျော်သည့်ခေတ်မီနည်းစနစ်များကို ပြောင်းလဲကျင့်သုံးဆောင်ရွက်ကြရန်တိုက်တွန်းပါကြောင်း၊ ထို့ပြင် ရေအသုံးပြုမှုများဆိုင်ရာအချက်အလက်များ စနစ်တကျပြုစုထိန်းသိမ်းသည့် စနစ်တစ်ခုကို ထူထောင်သွားရမည်ဖြစ်ပြီး ရေအရည်အသွေးနှင့် သက်ဆိုင်သည့်ပြဿနာများ ပေါ်ပေါက်လာပါက သင့်လျော်သည့် တုံ့ပြန်မှုများစီစဉ်ဆောင်ရွက်နိုင်ရန် အချိန်နှင့်တစ်ပြေးညီ စောင့်ကြည့်ကွပ်ကဲသည့်စနစ်တစ်ခု ပေါ်ပေါက်လာစေရန် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

အနာဂတ်ရေဆိုင်ရာ မျှော်မှန်းချက်များအတွက် အမျိုးသားအဆင့် ရေမူဝါဒကို အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ၏ အကြံပေးအဖွဲ့၏ ပံ့ပိုးမှုဖြင့်ပြုစုနိုင်ခဲ့ပါကြောင်း၊ နိုင်ငံတော်၏မူဝါဒနှင့်ကိုက်ညီမည့် ရေဥပဒေပြုစုရေးအတွက်လည်း ဆောင်ရွက်နေပါကြောင်း၊ ကမ္ဘာ့ဘဏ်ချေးငွေဖြင့် မြန်မာ့ရေကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များ၊ မိုးလေဝသနှင့်ဇလဗေဒ စောင့်ကြည့်လေ့လာ အကဲခတ်ရေးဆိုင်ရာကိစ္စများနှင့် ဧရာဝတီမြစ်ရေကြောင်း ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာကိစ္စများကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နေပါကြောင်း။

ရေကဏ္ဍဆိုင်ရာလုပ်ငန်းများသည် လက်တွေ့တွင် နိုင်ငံအသီးသီး၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကကျသော လုပ်ငန်းများဖြစ်သည့်အတွက် မှန်ကန်သည့် အကျိုးရလဒ်များရရှိစေရန် ဝိုင်းဝန်းညှိနှိုင်း အကောင်အထည်ဖော်ဆောင်ရွက်ကြစေလိုပါကြောင်း၊ ကမ္ဘာပေါ်တွင် ဆင်းရဲမွဲတေမှုအဆုံးသတ်ရေး၊ ကမ္ဘာမြေအား ကာကွယ်ရေးနှင့် ကမ္ဘာသူ ကမ္ဘာသားအားလုံး ဖူလုံကြွယ်ဝရေးတို့အတွက် ကမ္ဘာ့ကုလသမဂ္ဂက ချမှတ်ထားသော ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက်များ (Sustainable Development Goals)ကို မြန်မာနိုင်ငံက အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်လည်း ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ဒုတိယသမ္မတက ပြောကြားသည်။

ထို့နောက် ကမ္ဘာ့ဘဏ်၏ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ် မစ္စတာ အဗ်ဒူလာရေဆက်က ကမ္ဘာ့ဘဏ်အနေဖြင့် အခြားမိတ်ဖက်အဖွဲ့အစည်းနှင့်ပူးပေါင်း၍ မြန်မာနိုင်ငံရေဖူလုံရေး ရည်မှန်းချက်ပန်းတိုင်များပြည့်မီရေး ကူညီပံ့ပိုးပေးသွားမည့် အခြေအနေများကိုလည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ နယ်သာလန်နိုင်ငံသံအမတ်ကြီး Mr. Wouter Jurgens၊ ဩစတြေးလျနိုင်ငံ ရေမိတ်ဖက်အဖွဲ့အစည်းမှ Mrs. Kaye Schofield နှင့် ဂျပန်ရေဖိုရမ်နှင့် APWF ၏ အထွေထွေအတွင်းရေးမှူးချုပ် ဒေါက်တာ Kotaro Takemura တို့က မြန်မာနိုင်ငံ၏ရေအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကိုလည်းကောင်း ရှင်းလင်းပြောကြားခြင်း၊ အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု မှတ်တမ်းဗီဒီယိုကိုပြသခြင်း၊ ဒုတိယသမ္မတနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခြင်း၊ အခမ်းအနားအပြီးတွင် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာနအတွင်း ခင်းကျင်းပြသထားသည့် ရေအရင်းအမြစ် အသုံးချရေးဆိုင်ရာ ပြခန်းများကို လှည့်လည်ကြည့်ရှုခြင်းများ ဆောင်ရွက်ခဲ့သည်။

ယနေ့အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီဝင်များ၊ ပြည်တွင်းပြည်ပ ပညာရှင်များနှင့်လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

နှစ်စဉ်နှစ်တိုင်း မတ် ၂၂ ရက်ကို ကမ္ဘာ့ရေနေ့အဖြစ်သတ်မှတ်ပြီး ရေချိုရရှိမှု၏ အရေးပါမှုနှင့် ရေချိုအရင်းအမြစ်များ ရေရှည်တည်တံ့အောင် ထိန်းသိမ်းသုံးစွဲနိုင်ရေး အာရုံစိုက်လာအောင် ကမ္ဘာ့ရေနေ့အထိမ်းအမှတ် အခမ်းအနားများကို ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် နိုင်ငံအများစုတွင် ကျင်းပကြကြောင်း သိရသည်။ **(သတင်းစဉ်)**

## ရွေးကောက်ပွဲဆိုင်ရာ Web နှင့် Mobile Apps များ အခမဲ့ရယူနိုင်




❂ မန္တလေးမြို့တော်မှ

ယခုနှစ် မန္တလေးမြို့တော် မဟာသင်္ကြန်မဏ္ဍပ်ကို သင်္ကြန်အကြိုနေ့ နံနက် ၅ နာရီတွင် လေးပင်လေးရပ်မှ သံဃာတော် အပါး ၁၀၀၀အား ဘုံဆွမ်းလောင်းလှူ၍ ပင့်ဖိတ်ထားသော ဆရာတော်သံဃာတော်များကို မြို့တော်ခန်းမအတွင်း အရုဏ်ဆွမ်းဆက်ကပ်ကာ ရေစက်ချတရားနာယူ၍ နံနက် ၈ နာရီတွင် ဖဲကြိုးဖြတ်ဖွင့်လှစ်မည်ဖြစ်သည်။

"အကြိုနေ့ အရုဏ်တက်မှာ ကုသိုလ်ကောင်းမှုတွေလုပ်ပြီး နံနက် ၈ နာရီမှာ မြို့မအလှပြယာဉ်ကဦးဆောင်ပြီး အခြားအလှပြယာဉ်တွေနဲ့အတူ မြို့တော်မဟာသင်္ကြန်မဏ္ဍပ်ရှေ့မှာ တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ မြို့တော်ဝန်ကို အပြန်အလှန်နှုတ်ဆက်ပြီးတာနဲ့ မြို့တော်ဝန်က နှစ်သစ်နှုတ်ခွန်းဆက်အမှာစကားပြောကြားပြီး မန္တလေးမြို့တော် မဟာသင်္ကြန်မဏ္ဍပ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသွားမှာ ဖြစ်ပါတယ်"ဟု ကော်မတီဝင် ဦးကျော်ဆန်းမြင့်က ဆက်လက်ရှင်းပြသည်။

မန္တလေးမြို့တော် မဟာသင်္ကြန်မဏ္ဍပ်တွင် သင်္ကြန်ကာလအတွင်း မြို့တော်စည်ပင် ဆိုင်းဝိုင်းတော်ကြီး၊ စိန်ဒူးဝါးဆိုင်းအဖွဲ့တို့က မန်းစည်ပင်ယိမ်းအကအဖွဲ့များနှင့်အတူ သင်္ကြန်တေးသီချင်းများဖြင့် နေ့စဉ်တီးခတ်ဖျော်ဖြေကပြပေးသွားမည့်အပြင် မန္တလေးမြို့မှ လာရောက်ဖျော်ဖြေပေးမည့် ယိမ်းအဖွဲ့များ၊ တီးဝိုင်းအဖွဲ့များနှင့် သံချပ်အဖွဲ့များကို လာရောက်ဖျော်ဖြေနိုင်ရန် ဖိတ်ခေါ်ထားသည်။

ထို့အပြင် သတ်မှတ်ထားသော မန္တလေးကျုံးမြို့ရိုး သုံးဘက်တွင် ဆောက်လုပ်ကြမည့် ရေကစားမဏ္ဍပ်များအတွက် ကျုံးတစ်ဖက်လျှင် ရှစ်နေရာ ဆောက်လုပ်ခွင့်ပြုမည်ဖြစ်ရာ ယင်းနေရာများအတွက် မတ် ၁၃ ရက်မှ ၂၀ ရက်အထိ အာမခံငွေကျပ်သိန်း ၂၀ ပေးသွင်းကာ လျှောက်ထားနိုင်ပြီး မတ် ၂၃ ရက်တွင် ဈေးပြိုင်လေလံစနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်သည်။ လေလံရရှိသူများက မတ် ၂၄ ရက်တွင် လေလံကြေးငွေများ အပြီးပေးသွင်း၍ မဏ္ဍပ်စတင်ဆောက်လုပ်နိုင်ကြောင်းသိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်ကို သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။



## ကက်ရှမီးယားဒေသထိန်းချုပ်ရေးမျဉ်း၌ အိန္ဒိယနှင့်ပါကစ္စတန်တပ်ဖွဲ့များ အပြန်အလှန်ပစ်ခတ်

**ဆရီနာဂါ မတ် ၁၃**

ကက်ရှမီးယားဒေသအား ပိုင်းခြားထားသည့် ထိန်းချုပ်ရေးမျဉ်းတစ်ဖက်တစ်ချက်တွင် တပ်စွဲထားသည့် အိန္ဒိယနှင့် ပါကစ္စတန်တပ်ဖွဲ့များသည် ၎င်းတို့အခြေပြုထားသည့်စခန်းများအား ပစ်မှတ်ထားကြ၍ ပြင်းထန်စွာ အပြန်အလှန် ပစ်ခတ်ခဲ့သည်ဟု အိန္ဒိယစစ်ဘက်တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

နှစ်ဖက်တပ်ဖွဲ့များအပြန်အလှန်ပစ်ခတ်မှုဖြစ်ပွားသည့်နေရာမှာ အိန္ဒိယထိန်းချုပ်သော ကက်ရှမီးယားဒေသ၏ မြို့တော် ဆရီနာဂါ အနောက်တောင်ဘက် ၁၈၅ ကီလိုမီတာအကွာရှိ ပွန့်ချ်ခရိုင် ရှေ့တန်းဒေသတပ်စခန်းတွင်ဖြစ်ပြီး ယင်းတပ်စခန်းမှာ ထိန်းချုပ်ရေးမျဉ်းအနီးတွင်ရှိသော ရှေ့တန်းစခန်းဖြစ်သည်ဟု သတင်းတွင်ဖော်ပြသည်။

အပြန်အလှန်ပစ်ခတ်မှုများသည် ဒေသစံတော်ချိန် နံနက် ၆ နာရီ မိနစ် ၄၀ ခန့်တွင် စတင်ဖြစ်ပွားပြီး နာရီ အတန်ကြာမြင့်ခဲ့သည်ဟု အိန္ဒိယကာကွယ်ရေးဌာနတာဝန်ရှိသူက ပြောကြားသည်။

ပါကစ္စတန်တပ်ဖွဲ့များ၏ ပစ်ခတ်မှုကြောင့် အိန္ဒိယဘက်ခြမ်းတွင် ထိခိုက်သေကျေမှုနှင့် ပျက်စီးဆုံးရှုံးသည့် သတင်းများ ထွက်ပေါ်ခြင်းမရှိပေ။

မတ် ၁၂ ရက်တွင် ကရီရှနာဂါတီနှင့် ချက်ကန်ဒါဘာဂတ်ဒေသတို့၌ နှစ်နိုင်ငံတပ်ဖွဲ့ဝင်များ အပြန်အလှန် ပစ်ခတ်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ဟိမဝန္တာတောင်တန်းဒေသတွင် တည်ရှိသော ကက်ရှမီးယားဒေသအား အပြည့်အဝပိုင်ဆိုင်ကြောင်း အိန္ဒိယနှင့် ပါကစ္စတန်နှစ်နိုင်ငံစလုံးက တောင်းဆိုထားကြသည်မှာ ၎င်းနိုင်ငံများ ဗြိတိန်နိုင်ငံထံမှ လွတ်လပ်ရေးရရှိခဲ့ပြီးစဉ်ကတည်းက ဖြစ်သည်။ အိန္ဒိယနှင့်ပါကစ္စတန်နိုင်ငံများအဖြစ် သီးခြားစီလွတ်လပ်ရေးရရှိပြီးနောက် နှစ်နိုင်ငံအကြား စစ်ပွဲသုံးကြိမ် ဖြစ်ပွားခဲ့ရာ နှစ်ကြိမ်မှာ ကက်ရှမီးယားအရေးနှင့်ဆက်နွှယ်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ **ဆင်ဟွာ။**




## အီသီယိုးပီးယားတွင် အမှိုက်ပုံပြိုကျမှုကြောင့် ၄၆ ဦးသေဆုံး

**အဒစ္စအဘာဘာ မတ် ၁၃**

အီသီယိုးပီးယားနိုင်ငံ အဒစ္စအဘာဘာမြို့တော်၏ ဆင်ခြေဖုံးတွင်တည်ရှိသော ဧရာမ အမှိုက်ပုံကြီးပြိုကျမှုကြောင့် အနည်းဆုံး လူ ၄၆ ဦးသေဆုံးခဲ့ရသည်။

မတ် ၁၁ ရက်က ပြိုကျခဲ့သောအမှိုက်ပုံကြီးအနီးတွင် အိမ်များနှင့် လူအများအပြား ပျောက်ဆုံးလျက်ရှိသည်ဟု ဒေသခံသတင်းမီဒီယာများက ပြောကြားသည်။

သေဆုံးသူအများစုမှာ အမျိုးသမီးများနှင့် ကလေးငယ်များဖြစ်ကြပြီး ၎င်းတို့က အမှိုက်ပုံကြီးအတွင်းမှ အစားအသောက်များ၊ သံတိုသံစများနှင့် အခြားသောပြန်လည် အသုံးပြုနိုင်မည့်ပစ္စည်းများ တူးဖော်ရှာဖွေနေသူများဖြစ်ကြသည်ဟု သတင်းများတွင် ဖော်ပြသည်။

အဆိုပါ အမှိုက်ပုံကြီးသည် အဒစ္စအဘာဘာမြို့နေ လူဦးရေသုံးသန်းခန့်၏ အမှိုက်များစွန့်ပစ်သည့် အဓိကအမှိုက်ပုံကြီးဖြစ်သည်။

အီသီယိုးပီးယားနိုင်ငံသည် အာဖရိကတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအလျင် မြန်ဆုံးနိုင်ငံ တစ်နိုင်ငံဖြစ်သည်။ သို့သော် နိုင်ငံတွင်း စုစုပေါင်းအမျိုးသားတစ်ဦးချင်း ဝင်ငွေ ဒေါ်လာ ၆၀၀ ခန့်ရှိနေသည့်တိုင် အစားအသောက်ပြတ်လပ်မှုမှာ ဆက်လက် ဖြစ်ပွားလျက်ရှိနေပြီး ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံတစ်နိုင်ငံဖြစ်နေဆဲဖြစ်သည်။

**အင်န်အိတ်ချ်ကေ။**

## အကြမ်းဖက်တိုက်ခိုက်မှုများလုပ်ဆောင်ရန် ငွေကြေးထောက်ပံ့သူနှင့် ဗုံးပြုလုပ်သူတို့အား အင်ဒိုနီးရှားရဲတပ်ဖွဲ့ ဖမ်းဆီး

**ဂျကာတာ မတ် ၁၃**

အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်ရန်အတွက် ငွေကြေးထောက်ပံ့သူတစ်ဦးနှင့် ဗုံးပြုလုပ်သူတစ်ဦး တို့အား အင်ဒိုနီးရှားအမျိုးသားရဲတပ်ဖွဲ့ အကြမ်းဖက် နှိမ်နင်းရေးရဲတပ်စုမှ တပ်ဖွဲ့ဝင်များက ဖမ်းဆီးလိုက် ကြောင်း အမည်မဖော်သည့် ရဲတပ်ဖွဲ့အရာရှိတစ်ဦးက မတ် ၁၃ ရက်တွင် ပြောကြားသည်။

**ပြောကြား**

၎င်းတို့နှစ်ဦးအား လွန်ခဲ့သည့် ရက်သတ္တပတ် အတွင်း ဖမ်းဆီးခဲ့ခြင်းဖြစ်ပြီး ၎င်းတို့နှစ်ဦးသည် လွန်ခဲ့သည့်လအတွင်းက အနောက်ဂျာဗားပြည်နယ် မြို့တော်၌ အစိုးရရုံးအဆောက်အအုံများအား စစ်သွေးကြွများ၏တိုက်ခိုက်မှုတွင် ဆက်စပ်ပါဝင်ခဲ့ သည်ဟူသောစွဲချက်ဖြင့် ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း အင်ဒိုနီးရှားရဲတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူ စုံစမ်း စစ်ဆေးရေးမှူးချုပ် ဘွိုင်ရာဖလေအမီယာက ရဲတပ်ဖွဲ့ ဌာနချုပ်တွင် ပြောကြားသည်။

ဖမ်းဆီးမိသူနှစ်ဦးအနက်မှ ဆိုလက်အမည်ရှိသူ သည် ၎င်း၏ကိုယ်ပိုင်ဓာတုဓာတ်ခွဲခန်းတွင် ဗုံးကို ပြုလုပ်ပြီး ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း၊ စစ်သွေးကြွများ သည် အစိုးရအဆောက်အအုံများ၊ ပြည်နယ်ရဲတပ် ဖွဲ့ဌာနချုပ်ရုံးများနှင့် ရဲတပ်ဖွဲ့စခန်းများအား ပစ်မှတ် ထားတိုက်ခိုက်ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့ပြောရေးဆို ခွင့်ရှိသူက ဆက်လက်ပြောကြားသည်။

**ဆင်ဟွာ။**

## ဆိုမာလီယာတွင် ဗုံးနှစ်လုံးပေါက်ကွဲမှုကြောင့် အနည်းဆုံး လူခုနစ်ဦး သေဆုံး

**မိုဂါဒစ်ရှူး မတ် ၁၃**

ဆိုမာလီယာနိုင်ငံ၏ မြို့တော် မိုဂါဒစ်ရှူးတွင် ဗုံးနှစ်လုံးပေါက်ကွဲမှုကြောင့် အနည်းဆုံး လူခုနစ်ဦးသေဆုံးပြီး ၁၀ ဦး ခန့် ဒဏ်ရာရရှိခဲ့သည်ဟု တာဝန်ရှိသူများက ပြောကြားသည်။

မိုဂါဒစ်ရှူးမြို့တော်၏ စီးပွားရေးအချက်အချာကျသည့်နေရာတွင် တည်ရှိသော ဝိုင်းလီဟိုတယ်ရှေ့၌ ပေါက်ကွဲ စေတတ်သောပစ္စည်းတင်ဆောင်ထားသည့် ယာဉ်တစ်စီးပေါက်ကွဲမှုကြောင့် အရပ်သားခြောက်ဦးသေဆုံးခဲ့ရပြီး ၁၀ ဦးခန့် ဒဏ်ရာရရှိခဲ့သည်။

အခင်းဖြစ်ပွားသည့်နေရာတွင် ရောက်ရှိနေသည့် ရဲအရာရှိ မိုဟာမက် ဒါဟာက ဟိုတယ်ရှေ့၌ ဖောက်ခွဲ တိုက်ခိုက်မှုကြောင့် အရပ်သားခြောက်ဦးသေဆုံးခဲ့ရသည်ဟု ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

"အခုလောလောဆယ်တော့ ဒီဗုံးဖောက်ခွဲတိုက်ခိုက်မှုကြောင့် အရပ်သား ခြောက်ဦးသေဆုံးပြီး ၁၀ ဦး ထိခိုက် ဒဏ်ရာရရှိထားပါတယ်။ အခင်းဖြစ်ပွားမှုနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ စုံးစမ်းစစ်ဆေးမှုတွေ လုပ်နေပါတယ်"ဟု ရဲအရာရှိ မိုဟာမက်ဒါဟာက ပြောကြားသည်။

တစ်ချိန်တည်းမှာပင် မိုဂါဒစ်ရှူးမြို့တော်ရှိ စစ်တန်းလျားတစ်ခုအနီးတွင် မတ် ၁၃ ရက် နံနက်ပိုင်းက ဗုံးပေါက် ကွဲမှုတစ်ခုကြောင့် လူတစ်ဦးသေဆုံးပြီး သုံးဦးထိခိုက်ဒဏ်ရာရရှိခဲ့သည်။ယင်းဗုံးဖောက်ခွဲတိုက်ခိုက်မှုများနှင့် ပတ်သက်၍ မည်သည့်အဖွဲ့အစည်းကမျှ ထုတ်ဖော်ဝန်ခံခြင်းမရှိသေးပေ။

**ဆင်ဟွာ။**



*** ရှမ်းပြည်နယ်မှ**

လုံလောက်အောင်ဖြည့်ဆည်းပေးနိုင်မှုမရှိပါကြောင်း၊ သို့ဖြစ်ပါ၍ ပြည်ပမှသက်သာသောချေးငွေများကို ရယူအကောင်အထည်ဖော်ဆောင်ရွက်ခြင်းသည် စနစ်တကျအသုံးချနိုင်ပါက လျော်ကန်သင့်မြတ်ပါကြောင်း၊ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးမှုနှုန်းက ရည်မှန်းထားသည့်အတိုင်းရရှိစေရန်နှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပြည်တွင်းအား ပြည်ပအားတို့ကို ရယူကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ နှစ်ရှည်ချေးငွေများကို ရယူပြီးသည့်အခါတွင်လည်း တာဝန်သိစွာ အချိန်မှန်ပြန်လည်ပေးဆပ်နိုင်ရန်လည်း အလေးထားဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိကျေးရွာ ၄၁၆ ရွာသို့ ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားပေးနိုင်ရန်အတွက် ကျေးလက်ဒေသ လျှပ်စစ်ဓာတ်အားရရှိရေး အစီအစဉ်အတွက် ဂျာမနီဖွံ့ဖြိုးရေးဘဏ် (KfW)ထံမှချေးငွေ ယူရို ၂၃ ဒသမ ၈၈၃ သန်းချေးယူနိုင်ရေးကိစ္စအား ပြည်ထောင်စုလွှတ်တော်က ဆွေးနွေးသုံးသပ်၍ အတည်ပြုပေးနိုင်ပါရန်နှင့် စီမံကိန်းအကောင်အထည်ဖော်မှုအခြေအနေကိုလည်း လွှတ်တော်မှ စောင့်ကြည့်ကြပ်မတ်ပေးပါရန် ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ **"ကမ္ဘာ့ဘဏ်၏ ချေးငွေအစီအစဉ်အောက်မှ Development Policy Operation (DPO) ချေးငွေ အမေရိကန်ဒေါ်လာသန်း ၂၀၀ ချေးယူရန်ကိစ္စ"** နှင့် စပ်လျဉ်း၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမောင်မောင်ဝင်းက ယခုတင်ပြသည့်ချေးငွေသည် ယခင်တင်ပြခဲ့သော ချေးငွေများနှင့် သဘောသဘာဝကွဲပြားခြားနားမှု ရှိပါကြောင်း၊ ဖွံ့ဖြိုးမှု မူဝါဒဆိုင်ရာချေးငွေ ( Development Policy Operation) DPO ချေးငွေဆိုသည်မှာ ကမ္ဘာ့ဘဏ်အဖွဲ့ဝင်နိုင်ငံများအနက် လက်ရှိအခြေအနေသည် ဖွံ့ဖြိုးမှုနိမ့်ကျနေသော်လည်း အနာဂတ်တွင် ဖွံ့ဖြိုးမှုအလားအလာ အလွန်ကောင်းမွန်သော စွမ်းဆောင်ရည်အတွက် ယုံကြည်စိတ်ချရသည့် အခြေအနေရှိသော နိုင်ငံများကိုရွေးချယ်၍ ပေးအပ်သော ချေးငွေမျိုးဖြစ်ပါကြောင်း၊ ဖွံ့ဖြိုးမှုလမ်းကြောင်းပေါ် အလျင်အမြန်ရောက်ရှိစေရန် အကူအညီပေးအပ်ခြင်းဖြစ်ပါကြောင်း၊ နိုင်ငံတိုင်းသည် ဤအခွင့်အရေးမျိုးမရရှိကြောင်း၊ မြန်မာနိုင်ငံသည် ကမ္ဘာ့ဘဏ်၏ နှုန်းစံများနှင့်ကိုက်ညီနေသော နိုင်ငံဖြစ်သဖြင့် ပေးအပ်ခြင်းဖြစ်ပြီး တစ်ကြိမ်လျှင် အမေရိကန်ဒေါ်လာ သန်း ၂၀၀ နှုန်းဖြင့် သုံးကြိမ်အထိ ပေးအပ်ရန် ကမ္ဘာ့ဘဏ်မှ ရည်မှန်းထားသည်ကို သိရှိရပါကြောင်း။

ဤချေးငွေသည် လုပ်ငန်းစီမံကိန်းတစ်ရပ်ရပ်အတွက် ထုတ်ချေးခြင်း(Project Support)မဟုတ်ဘဲ နိုင်ငံတော်၏ ဘတ်ဂျက်သို့ တိုက်ရိုက်ထည့်ဝင်ပေးပြီး နိုင်ငံတော်အစိုးရက လွတ်လပ်စွာ သုံးစွဲခွင့်ရှိသော ချေးငွေ (Budget Support) ဖြစ်ပါကြောင်း၊ မည်သည့်နေရာတွင် သုံးစွဲရမည်ဆိုသည်ကို ကမ္ဘာ့ဘဏ်က ကန့်သတ်ထားမှုမရှိပါကြောင်း။

ယခုတင်ပြသည့် နိုင်ငံတော်အတွက် တိုက်ရိုက်အကျိုးဖြစ်ထွန်းနိုင်မှုများစွာဖြစ်ပေါ်စေပြီး အတိုင်ပင်ခံစရိတ်များ မရှိခြင်း၊ အခွန်ကင်းလွတ်ခွင့်ကိစ္စများ မပါဝင်ခြင်း၊ သာမန်ငွေလုံးငွေရင်း အသုံးစရိတ်များ သုံးစွဲပါကလည်း နိုင်ငံတော်၏ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းအတိုင်းသာဖြစ်ခြင်းတို့ကြောင့် အဘက်ဘက်မှ စဉ်းစားသုံးသပ်၍ ပြည်ထောင်စုအစိုးရအဖွဲ့က ကမ္ဘာ့ဘဏ်ထံ ဖွံ့ဖြိုးမှုမူဝါဒဆိုင်ရာ ချေးငွေပထမအကြိမ် အမေရိကန်ဒေါ်လာသန်း ၂၀၀ ကို ရယူလိုပါသဖြင့် ပြည်ထောင်စုလွှတ်တော်မှ ဆွေးနွေးသုံးသပ်၍ အတည်ပြုပေးနိုင်ပါရန် ရှင်းလင်းဆွေးနွေးသည်။

ပြည်ထောင်စုလွှတ်တော် နာယကက အဆိုပါကိစ္စများနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

အစည်းအဝေးတွင် နာယက က **"နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ရှမ်းပြည်နယ် အင်းလေးကန် ရေရှည်တည်တံ့ရေးလုပ်ငန်းများအတွက် ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ သီးသန့်ရန်ပုံငွေမှ ကျပ်သန်း ၄၀၀ ခွဲဝေ သုံးစွဲမည့်ကိစ္စရပ်"** နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက အင်းလေးကန်စိမ်းလန်းစိုပြည်ရေးနှင့် ရေရှည်တည်တံ့ရေးလုပ်ငန်းတွင် အသုံးပြုရန်အတွက် BELL 250 Dredging Pump သောင်တူးစက်ကို UMG Co., Ltd. ထံမှ ကျပ်သန်း ၁၀၀၀ ဖြင့် စာချုပ်ချုပ်ဆို ဝယ်ယူခဲ့ရာတွင် ပထမအရစ်ပေးချေရမည့် စက်တန်ဖိုး၏ ၆၀ ရာခိုင်နှုန်းဖြစ်သည့် ကျပ်သန်း ၆၀၀ ကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေမှ ကျခံခဲ့ပြီး ကျန် ၄၀ ရာခိုင်နှုန်းဖြစ်သည့် ကျပ်သန်း ၄၀၀ ကို အထူးကိစ္စရပ်အဖြစ် သီးသန့်ရန်ပုံငွေမှ ကျခံသုံးစွဲရန် ပြည်ထောင်စုအစိုးရအဖွဲ့မှ ခွင့်ပြုခဲ့ပါကြောင်း၊ ယခု သန်း ၄၀၀ ကျန်ရှိနေသည့်ကိစ္စမှာ အခြေအနေအရ ဘဏ္ဍာရေးနှစ်အတွင်း မသုံးစွဲလျှင်မဖြစ်သည့် အထူးကိစ္စရပ်တွင် အကျုံးဝင်နေပါသဖြင့် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးပါရန် တပ်ပြအပ်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။



ပြည်ထောင်စုလွှတ်တော်နာယကမန်းဝင်းခိုင်သန်း။

ဆက်လက်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးလှကျော်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်နာယကက စက်ခလုတ်အသုံးပြု၍ လွှတ်တော်၏အဆုံးအဖြတ်ကို ရယူကာ ထောက်ခံမဲ ၅၃၁ မဲ၊ ကန့်ကွက်မဲ တစ်မဲ၊ ကြားနေမဲ တစ်မဲဖြစ်သည့်အတွက် လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာသည်။

ယင်းနောက် **"၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်း၏ နောက်ဆက်တွဲ -၂ ပါ စီမံကိန်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ(ပြင်ဆင်ဖြည့်စွက်ချက်)အပေါ် လွှတ်တော်ကိုယ်စားလှယ်များ၏မူနှင့်အခြေခံသဘောဆွေးနွေးချက်များ"** နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက နိုင်ငံပိုင်စက်ရုံအချို့ကို ပြန်လည်သုံးသပ်နိုင်ရန် ရပ်ဆိုင်းခြင်းဖြင့် စက်မှုကဏ္ဍနှင့် သတ္တုတွင်းထွက်ကဏ္ဍတို့၏ ထုတ်လုပ်မှုအပိုင်းတွင် ထိခိုက်နိုင်သော်လည်း အဆိုပါကဏ္ဍများတွင် ထည့်သွင်းသုံးစွဲရမည့် ငွေလုံးငွေရင်းအသုံးစရိတ်များ၊ ကုန်ထုတ်လုပ်မှုစရိတ်များဖြစ်သော သဘာဝဓာတ်ငွေ့၊ လျှပ်စစ်ဓာတ်အား စသည့်သွင်းအားစုများကို ထုတ်လုပ်မှုအစွန်းထွက်တန်ဖိုးနှင့် ပြန်ရချက်မြင့်မားသည့်လုပ်ငန်းများတွင်ဖြစ်စေ၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ်လိုအပ်လျက်ရှိသည့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်းများတွင်ဖြစ်စေ ထည့်သွင်းသုံးစွဲခြင်းဖြင့် GDP ပမာဏကို ရည်မှန်းထားသည့်အတိုင်း ရရှိစေရန်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

လတ်တလောရပ်ဆိုင်းထားသင့်သည့် လုပ်ငန်းစီမံကိန်းများနှင့်စပ်လျဉ်း၍ ပြန်လည်သုံးသပ်ဆောင်ရွက်နေစဉ်ကာလအတွင်း နိုင်ငံပိုင်အခန်းကဏ္ဍ ရင်းနှီးမြှုပ်နှံမှုများကိုသာ ရပ်ဆိုင်းထားသင့်ပါကြောင်း၊ ပိတ်သိမ်းမည့်စက်ရုံများမှလွဲ၍ ကျန်စက်ရုံများ၏ လုပ်ငန်းလည်ပတ်မှုကို လက်ရှိအနေအထားအတိုင်း ဆက်လက်ဆောင်ရွက်စေပြီး သုံးသပ်ချက်အပေါ်မူတည်၍ လိုအပ်သလို ပြောင်းလဲလုပ်ဆောင်သင့်ပါကြောင်း၊ သုံးသပ်ချက်အပေါ်မူတည်၍ ပုဂ္ဂလိကသို့ငှားရမ်းမှု၊ လွှဲပြောင်းရောင်းချမှု၊ နိုင်ငံ့ဝန်ထမ်းများအတွက် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ပေးရန်လိုအပ်မှု စသည့်ဆောင်ရွက်ဖွယ်ရာလုပ်ငန်းစဉ်များကို တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ စက်ရုံများအလိုက် ဆက်လက်ဆောင်ရွက်မည့် ပုံစံပေါ်မူတည်ပြီး နိုင်ငံ့ဝန်ထမ်းများကို ဌာနကူးပြောင်းလိုပါက ကူးပြောင်းတာဝန်ထမ်းဆောင်စေခြင်း၊ အငြိမ်းစားယူလိုပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးခြင်း၊ ပုဂ္ဂလိကသို့ လွှဲပြောင်းတာဝန် ထမ်းဆောင်လိုပါကလည်း စီစဉ်ဆောင်ရွက်ပေးခြင်းတို့ကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားအတွက် ပြုပြင်ပြောင်းလဲ လုပ်ဆောင်သင့်သည့် လုပ်ငန်းစီမံကိန်းများကို အချိန်မဆွဲဘဲ ဆောင်ရွက်ခြင်းဖြင့် အကျိုးရလဒ်ကောင်းများ ဖြစ်ထွန်းလာစေရန် ပြည်ထောင်စုအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးသည်။

ယင်းကိစ္စရပ်နှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်နှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုတို့ကလည်း ရှင်းလင်းဆွေးနွေးကြသည်။

ပြည်ထောင်စုလွှတ်တော်နာယကက အထက်ပါဥပဒေကြမ်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်းခြင်း၊ လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်းနှင့် ဥပဒေကြမ်းတစ်ခုလုံးအား အတည်ပြုခြင်းတို့ကို ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့တွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

**"၂၀၁၇ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာဥပဒေကြမ်း၏ မူနှင့် အခြေခံသဘောအပါအဝင် ရငွေသုံးငွေများ"** နှင့်စပ်လျဉ်း၍ ဒဂုံမဲဆန္ဒနယ်မှ ဒေါက်တာသက်သက်ခိုင်က တိုင်းပြည်၏ ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်ကိုမထိခိုက်စေဘဲ ဘတ်ဂျက်လိုငွေလျော့နည်းစေနိုင်သည့်တစ်ခုတည်းသော အဖြေသည် တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးပြီး GDP တိုးတက်စေခြင်း ဖြစ်ပါကြောင်း၊ ၂၀၁၇ ခုနှစ် ကမ္ဘာ့ဘဏ်၏ Doing Business အစီရင်ခံစာအရ နိုင်ငံပေါင်း ၁၉၀ တွင် မြန်မာနိုင်ငံသည်အဆင့် ၁၇၀ တွင်ရှိသည့် အခြေအနေမျိုးမှ ရုန်းထွက်ရန် ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများက တိုင်းပြည်တွင်း လုပ်သာကိုင်သာရှိသည့် စီးပွားရေးဝန်းကျင်နှင့်အခြေအနေကောင်းများ ဖန်တီးပေးရန် အားသွန်ခွန်စိုက် ဦးဆောင်ရမည့်အချိန်အခါဖြစ်ကြောင်း။

တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်၊ ပုဂ္ဂလိကကဏ္ဍတိုးတက်ရန်များစွာလိုအပ်ပါကြောင်း၊ နိုင်ငံတိုင်းတွင် ပုဂ္ဂလိကကဏ္ဍက ဦးဆောင်သည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမျိုးကို ဖော်ဆောင်နေကြပြီဖြစ်ပါကြောင်း၊ တိုင်းပြည်တွင်း ရင်းနှီးမြှုပ်နှံမှု၊ ကုန်ထုတ်လုပ်မှု၊ ကူးသန်းရောင်းဝယ်ရေးနှင့် စည်ပင်သာယာဝပြောမှသာ စီးပွားရေးလုပ်ငန်းများရှင်သန်လာပြီး အလုပ်အကိုင်အခွင့်အလမ်းများ တိုးပွားလာမည်ဖြစ်ပါကြောင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ပေါများခြင်းနှင့် လုပ်ခလစာနှုန်းများ မြင့်တက်လာမှသာ စီးပွားရေးလုပ်ငန်းတစ်ခုချင်းစီနှင့် နိုင်ငံသားတစ်ဦးချင်းစီ၏ အခွန်ထမ်းဆောင်နိုင်စွမ်းမြင့်တက်ပြီး အခွန်ထမ်းအခြေ တိုးပွားလာနိုင်မည်ဖြစ်ပါကြောင်း၊ အခွန်ထမ်းအခြေတိုးချဲ့ခြင်းနည်းဖြင့် ပြည်ထောင်စုဘဏ္ဍာရငွေပမာဏ တိုးပွားစေနိုင်မှသာ ဘဏ္ဍာရေးအရ ခိုင်မာတောင့်တင်းခြင်းကို ရေရှည်တွင်ဖော်ဆောင်နိုင်မည်ဖြစ်ပါကြောင်း။

ပြည်သူပူးပေါင်းပါဝင်သည့် စနစ်တစ်ရပ်တည်ထောင်ရန်လိုအပ်ကြောင်း၊ အခွန်စည်းကြပ်ခြင်းများကို အခွန်ထမ်းများ ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန် အစိုးရမှစီမံခန့်ခွဲရေးအရလည်း လက်တွေ့အကောင်အထည်ဖော်နိုင်၍ စီးပွားရေးအရလည်း ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုပြီး နိုင်ငံရေးအရ လက်သင့်ခံနိုင်သော နည်းလမ်းများကို ကောက်ခံရန်လိုအပ်ပါကြောင်း၊ အစိုးရမှလည်း ပြည်သူ့ဘဏ္ဍာကို ပြည်သူများ အမှန်တကယ်လိုအပ်သည့်နေရာများတွင် အလေအလွင့်နည်းနိုင်သမျှနည်းပြီး အကျိုးရှိရှိအသုံးချပြီး ပြည်သူနှင့်အစိုးရကြားတွင် ယုံကြည်မှုအပြန်အလှန်တည်ဆောက်ရန် လိုအပ်ပါကြောင်း၊ လူ့အဖွဲ့အစည်းတစ်ခုတွင် လုပ်ငန်းများအောင်မြင်အောင် ဦးဆောင်နိုင်ပြီး အခွန်များကို ပေးဆောင်နိုင်သည့် နိုင်ငံသားများ ပိုမိုများပြားလာစေရန် အစိုးရအနေဖြင့် မြေတောင်မြှောက်ပြီး ပြည်သူများအကြား အခွန်ယဉ်ကျေးမှု ထွန်းကားအောင် ပြုစုပျိုးထောင်ရန် အချိန်ကျရောက်ပြီဖြစ်ပါကြောင်း ဆွေးနွေးသည်။

ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးရဲထွဋ်၊ အောင်မြေသာစံမဲဆန္ဒနယ်မှ ဒေါက်တာလှမိုး၊ လှိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီ၊ သရက်မဲဆန္ဒနယ်မှ ဦးကံမြင့်၊ ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်၊ မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမျိုးဝင်း၊ ပြင်ဦးလွင်မဲဆန္ဒနယ်မှ ဒေါက်တာအောင်ခင်၊ ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း၊ ဆိပ်ကြီးခနောင်တို မဲဆန္ဒနယ်မှ ဦးတင်ထွန်းနိုင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂)မှ ဦးကျော်နိုင်နှင့် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၇)မှ ဒေါက်တာပြည့်ဖြိုးတို့ကလည်း ဆွေးနွေးကြသည်။

ထို့နောက် **"နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ သီးသန့်ရန်ပုံငွေမှ ခွဲဝေသုံးစွဲမည့် ရန်ကုန်တိုင်းဒေသကြီးအတွင်း နွေရာသီလျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် ကျပ် ၃၀ ဘီလီယံ ခွဲဝေသုံးစွဲမည့်ကိစ္စ"** နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်နှင့်ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတို့က ရှင်းလင်းတင်ပြကြသည်။

**"စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ဖောင်းပြင်-ပင်လည်ဘူးလမ်း ၂၉ မိုင် (လမ်းသစ်) အထူးပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ကျပ် ၅၅၇၅ ဒသမ ၀၀ သန်း ခွဲဝေသုံးစွဲမည့်ကိစ္စ"** နှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်နှင့် ဒုတိယဝန်ကြီးဦးမောင်မောင်ဝင်းတို့က ရှင်းလင်းတင်ပြကြသည်။

သီးသန့်ရန်ပုံငွေမှ ခွဲဝေသုံးစွဲမည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် နာယက က ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်းကြေညာသည်။

**မော်စီ၊ ဝေဇင်အေးဖြိုး(သတင်းစဉ်)**

## ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ မြန်မာကျပ်ငွေဖြင့်ရောင်းချပွဲ သတင်းမီဒီယာများတက်ရောက်နိုင်

**နေပြည်တော် မတ် ၁၃**

၂၀၁၇ ခုနှစ် မတ်လ ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ မြန်မာကျပ်ငွေဖြင့်ရောင်းချပွဲကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ မတ် ၁၉ ရက်မှ ၂၄ ရက်အထိ ကျင်းပမည်ဖြစ်ရာ ပြည်တွင်းပြည်ပသတင်းမီဒီယာများ သတင်းရယူနိုင်မည်ဖြစ်ပြီး မတ် ၂၄ ရက်တွင် ပြပွဲဆိုင်ရာအချက်အလက်များနှင့်ပတ်သက်၍ ညနေ ၄ နာရီခွဲတွင် မဏိရတနာကျောက်စိမ်းခန်းမ အပြင်ဘက်ရှိ နဝရတ်ကိုးသွယ်ဂိတ်၌ သတင်းထုတ်ပြန်ပေးသွားမည်ဖြစ်သည်။

သို့ဖြစ်၍ သတင်းတက်ရောက်ရယူလိုသည့် ပြည်တွင်း ပြည်ပ သတင်းမီဒီယာများအနေဖြင့် ဝင်ခွင့်ကတ်ပြုလုပ်နိုင်ရေးအတွက် မတ် ၁၆ ရက်နောက်ဆုံးထား၍ သတ်မှတ်ပုံစံဖြည့်စွက်ကာ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာန နေပြည်တော်သို့ပေးပို့ရန်နှင့် သတ်မှတ်ပုံစံများအား မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲနှင့် မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းတို့တွင် ရယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဖုန်း-၀၆၇-၄၁၂၂၂၅၊ ၀၆၇-၄၁၂၂၂၆ တို့သို့လည်းကောင်း၊ မြန်မာ့ကျောက်မျက်ရတနာပြပွဲ စီမံရေးရာလုပ်ငန်းကော်မတီ ဖုန်း- ၀၆၇-၄၁၄၄၉၇၊ ၀၆၇-၄၁၄၄၉၈ တို့သို့လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ဒဏ်ကြေးအဖြစ် အသက်တော့မပေးစေလိုပါ

## ကြည်လရောင်စဉ်

"ကိုယ့်ပေါင်ကိုယ်လှန်ထောင်းသည်"ဟု လူတွေကမိမိ၏ ချို့ယွင်းချက်၊ မကောင်းကြောင်းတို့ကို မိမိကိုယ်တိုင် သူတစ်ပါးရှေ့ ထုတ်ဖော်ပြောကြားမှုကို ဆိုကြပါသည်။ ဘယ်လိုပင်ဖြစ်စေ ဒီဆောင်းပါးမှာတော့ စာရေးသူ ထောင်းချင်ထောင်းရပါစေတော့ ပြောမှဖြစ်မည်။ ပြောခြင်းဖြင့် အကျိုးရှိမည်ဟု ယူဆ၍ ပြောပါမည်။ စာရေးသူ၏ မိသားစု ဆွေမျိုးများ တွေ့ကြုံဖြတ်သန်း ခံစားခဲ့ရသော အဖြစ်မျိုးမကြုံရလေအောင် စာရှုသူမိဘ များ၊ လူငယ်များနှင့် ကလေးသူငယ်များ သင်ခန်းစာရစေလို သော၊ ကောင်းသောစေတနာ ထားပါသည်။

စာရှုသူတိုင်း၏ မိသားစု၊ ဆွေမျိုး မိတ်သင်္ဂဟများတွင် ကလေးအရွယ်မှအစ ဆယ်ကျော်သက်အရွယ်၊ နှစ်ဆယ်ကျော်လူငယ်လေးများနှင့် နည်းအမျိုးမျိုးဖြင့် ဆက်စပ် ချစ်ခင်ရင်းနှီးသူများရှိပေလိမ့်မည်။

လွန်ခဲ့သောလက စာရေးသူနှင့် အစ်မဝမ်းကွဲ တော်စပ်သူ၏ အသက်နှစ်ဆယ်ကျော်စ သားလေး ပြင်းထန်သော ယာဉ်တိုက်မှုတွင်ပါဝင်၍ နေရာတွင်ပွဲချင်း ပြီး အသက်ဆုံးခဲ့ပါသည်။ မိဘနှစ်ပါး မဆိုထားနှင့် ဆွေမျိုးတော်စပ်သူ ကျွန်မသည်ပင် မျက်ရည်မဆည်နိုင် ကရုဏာဖြစ်ခဲ့ရသည်။ မယုံနိုင်ခဲ့ပါ။

ထိုအရွယ်လေးများသည် သူတို့ကိုယ်သူတို့ ဘာမှ အလုံးစုံမသိသေးသည်ကို သူတို့သာ အသိဆုံး၊ အတတ်ဆုံး ဟု ထင်တတ်သော အရွယ်လည်းဖြစ်သည်။

ထိုညက ဖခင်ဖြစ်သူက တာဝန်နှင့်ခရီးသွား၊ မိခင် ဖြစ်သူက အခြားတစ်မြို့၊ သားလေးက သူ့အဒေါ်၊ ညီ၊ ညီမဝမ်းကွဲများနှင့် ရန်ကုန်မှာ ကျန်ခဲ့သည်။

သားလေးက ကားအလွန်ကြိုက်၏။ သူ့ကားကိုလည်း သနေတတ်၏။ ထိုညက သားငယ်လိုက်ပါသွားသော ကားကို မောင်းနှင်သည့် သားငယ်၏ သူငယ်ချင်းတို့သည် ကားအမြန်မောင်းခြင်း၊ DRIFT လုပ်ခြင်း စသည်များကို စိတ်ဝင်စားသည်။ ထိုအခင်းဖြစ်ပွားသည့်ညက သားငယ် ၏ သူငယ်ချင်းက အရှိန်ထိန်း မောင်းရမည့်လမ်းတွင် လီဗာကုန်နင်းပြီး မောင်းရာမှ ကားအရှိန်ကို မထိန်းနိုင်ဘဲ ပြင်းထန်သော ယာဉ်တိုက်မှု ဖြစ်ခဲ့သည်။ သားငယ်က သေဆုံးပြီး ကျန်သူများက ပြင်းထန်စွာဒဏ်ရာရရှိခဲ့သည်။

စာရှုသူများထဲမှ "ကိုယ့်ထိတော့ နာသလား"လို့ မေးလျှင်တော့ စာရေးသူက "နာပါတယ်" လို့သာ ရိုးရိုးပဲ ဖြေချင်ပါတော့သည်။

လူငယ်တို့သဘာဝသည် စူးစမ်းချင်သည်။ စွန့်စားချင် သည်။ စွန့်စားခြင်းကို ဂုဏ်ယူသည်။ ယင်းစွန့်စားမှု အောင်မြင်လျှင် ပို၍ ပျော်မဆုံး မော်ကြွားတတ်သည့်အရွယ် ဖြစ်ပါသည်။ ထိုလူငယ်တို့၏ တက်ကြွသော သဘာဝကို မှန်ကန်စွာ အသုံးချနိုင်၍ သူ့ကိုယ်နှိုက်နှင့် သူ၏ ပတ်ဝန်း ကျင်ကို ကောင်းကျိုးပြုသွားသည်များ ရှိသကဲ့သို့ မှားယွင်း လွဲချော်စွန့်စားမှုများလည်း မရှားပါ။

"စေ့စေ့တွေးတော့ ရေးရေးမြင်" ဆိုသလို ဘာကြောင့်လဲဟု အရင်းစစ်လျှင် စည်းကမ်းလိုက်နာ နားလည်တတ်မှုက စ၏ဟု စာရေးသူမြင်ပါသည်။

လမ်းစည်းကမ်း၊ ယာဉ်စည်းကမ်းတို့ကို နားလည်ရန်၊ လိုက်နာရန် အလွန်အရေးကြီးပါသည်။

ဥပမာ ညအချိန် ကားရှင်းသည်ဆိုသော်လည်း သတ်မှတ်ထားသည့်ဇုန်အတွင်း သတ်မှတ်ထားသော အရှိန်ဖြင့်သာ မောင်းနှင်ရမည်။

အချို့လမ်းများတွင်မူ လမ်း၏ တည်ဆောက်ပုံ အနေအထားအရ အရှိန်ကိုလျှော့ချ၍ ထိန်းသိမ်းမောင်းနှင် ရမည်ဖြစ်သောကြောင့် အန္တရာယ်ရှိ၍ အရှိန်ကို သတ်မှတ် ထားသည်လည်းရှိ၏။ သားငယ်၏ သူငယ်ချင်းသည် အထက်ပါ အချက်နှစ်ချက်ကို သတိထားခဲ့၊ မထားခဲ့ သူသာသိပေမည်။ ဖြစ်ပြီးသည်ကို အပြစ်မဆိုဘဲ ရှေ့လျှောက် နားလည်ရန်၊ သတိထားတတ်ရန်သာ ပံ့ပိုး ပေးဖို့လိုပါသည်။

ကားရှင်းသည်ဆိုပြီး မီးနီဖြတ်မောင်းစဉ် တစ်ဖက်မှ မီးစိမ်းမြင်၍ သူ့ဘာသာသလမ်းမှန်အတိုင်း မောင်းလာသော ကားက ဝင်တိုက်ခြင်းခံရ၍ မီးနီဖြတ်သူ ယာဉ်မောင်း သေဆုံးသည်ဟု စာရေးသူငယ်စဉ်က ကြားဖူး၏။ ယခု အခါ တာဝန်ရှိသူ ယာဉ်ထိန်းရဲကိုပါ ကားနှင့်တိုက်ပြေး သည်ပင် ကြားနေရ၏။

မတော်တဆ မလွှဲမရှောင်သာ ဒဏ်ကြေးဆောင်ကြရ သည်လည်းရှိ၏။ သို့သော် စည်းကမ်းမဲ့မောင်းနှင်မိသည့် ဒဏ်ကြေးအတွက် အသက်ပေးရန်တော့ မတန်ချေ။

ခက်သည်မှာ လူတို့၏သဘာဝ။ 'စည်းကမ်း'ဆိုလျှင် လိုက်နာရမည်ကို ဝန်လေး၏။ ဥပမာ- 'မြက်ခင်းပေါ် ဖြတ်မလျှောက်ရ' ဆိုင်းဘုတ်တွေ့လျှင် တက်လျှောက်ချင် တတ်ကြ၏။ 'အမှိုက်မပစ်ရ' ဆိုလျှင် ပစ်ချ၏။

ကြည့်လေ၊ ရန်ကုန်မြို့၏ တံတားဖြူအရှေ့ မြက်ခင်း မည်သို့ပြုလုပ်ကြမည်နည်း။

ဤတွင် 'လက်ဦးဆရာ မည်ထိုက်စွာ ပုဗ္ဗာစရိယ မိနှင့်ဖ' ဆိုသကဲ့သို့ မိဘတို့ကအစပြု၍ မိမိတို့သားသမီးများ စည်းကမ်းရိုသေလာအောင် ကျင့်ကြံလမ်းပြဖို့လိုပါသည်။

'စပါးကိုဖျက်တာ စပါးထဲကပိုး၊ ဝါးကိုဖျက်တာ ဝါးထဲကပိုး'၊ 'သားသမီးမကောင်း မိဘခေါင်း' ဖြစ်ရတော့ သည်။ အရွယ်ရောက်လို့ သင့်တော်ရာ ကျောင်းများသို့ စေလွှတ်၍ ပညာသင်ကြားစေလေရာ ဆရာတို့ထံ သွန်သင်ဆုံးမရမည့်တာဝန်များ ကျလာပြန်၏။

အိမ်တွင် အိမ်စည်းကမ်း၊ ကျောင်းတွင် ကျောင်း စည်းကမ်း၊ လမ်းတွင် လမ်းစည်းကမ်းဟူ၍ ကလေး၊ လူငယ်၊ လူရွယ်များ နားလည်လက်ခံလာအောင်၊ စည်းကမ်းတန်ဖိုး သိတတ်လာအောင် လေ့ကျင့်သင်ကြား ထိန်းကျောင်းကြဖို့ အမှန်လိုလေပြီ။

'ရင်သွေးဟူက ချစ်မဝ' ဖြစ်၍ စာရေးသူအပါအဝင် မိဘအားလုံး၊ တစ်နည်းအားဖြင့် စပါးထဲ၊ ဝါးထဲက ပိုး ကောင်ကြီးများသည် မိမိတို့ သားသမီးများကို မမြင်ရသေးမီ ပဋိသန္ဓေတည်သည်မှစ၍ ပူ၊ ငန်၊ စပ်၊ ခါး ရှောင်ရှား၍ ရင်သွေးငယ်တို့ ကျန်းမာဖို့ စောင့်ရှောက်ကြ၏။ သူတို့ မွေးလာတော့ မဆူရက်၊ မရိုက်ရက် အချစ်ပိုခဲ့ကြ၏။ စာရေးသူတို့ ကလေးဘဝကတော့ 'Spare The Rod, Spoil The Child' ခေတ်ဆိုတော့ စည်းကမ်းမလိုက်နာ လျှင် ဖေဖေတို့က တုတ်နှင့်ရိုက်၍ ကျောင်းတွင် ဆရာမ စားပွဲပေါ်တင်ထားသော ကြိမ်လုံးလေးနှင့် ဒဏ်ပေးဆုံးမ ခံခဲ့ရ၏။ စာရေးသူတို့အတွက် ထိရောက်၏။ နောက်ထပ် ဘယ်တော့မှမလုပ်။ စာရေးသူတို့ကလည်း မိမိအား ရိုက်နှက်ဆုံးမသည်ဆို၍ ဆရာတို့အား အမုန်းမပွား လေးစားချစ်ခင်မြဲဖြစ်၏။ ထိုခေတ်အခါ မိဘများက ကျောင်းလိုက်သွားပြီး ဆရာ ဆရာမများအား အပြစ်ပြော တိုင်ကြားခြင်းမရှိ။ ခုခေတ်ပိုင်း ဆရာတို့ရိုက်ဖို့ မဆိုလေနှင့် ဆုံးမစကားပြောမိလျှင်တောင် အချို့မိဘများ ဆွေ့ဆွေ့ခုန်၊ ဟိုတိုင်၊ ဒီတိုင်ဖြစ်၍ ဆရာတို့ခမျာ 'အတတ်လည်းသင်၊ ပွဲပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့ ဆရာတို့၊ ကျင့်ဖို့ ဝတ်ငါးဖြာ"ဟူသည့် အစဉ်အလာအဖြစ် ကျင့်သုံးသည်များ မှားနေသလိုလို ဇဝေဇဝါပင်ဖြစ်ရချေ တော့၏။ ဒီတော့ ကလေးတို့ ကျောင်းစည်းကမ်းလျော့ရဲလာ ၏။

စာသင်ကျောင်းဟူသည် သက်ဆိုင်ရာ ဝိဇ္ဇာ၊ သိပ္ပံ ပညာရပ်များသာမက ကလေးသူငယ်တို့၏ စိတ်ဓာတ်၊ စည်းကမ်း၊ အတွေးအခေါ်၊ ပတ်ဝန်းကျင်၊ လူမှုနယ်ပယ် အတွင်း ထိတွေ့ လေ့လာသင်ယူကျင့်ကြံနေထိုင်တတ် လာအောင်ပါ သင်ကြားပေးသော ကလေးတို့၏ဘဝတစ်ခု လုံးအတွက် အလွန်အရေးပါသော နေရာတစ်ခု ဖြစ်သည်။

'မိဘ၊ ဆရာ ပူးပေါင်း ကလေးပညာကောင်း'၊ 'ဆရာကောင်းတပည့် ပန်းကောင်းပန်' ဆိုသော ဆိုရိုးများရှိ သည့်အတိုင်း စာသင်ကျောင်းတို့သည် ကလေးငယ်တို့၏ အနာဂတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် အထူးကောင်းမွန် သော၊ စည်းစနစ်ကျသော ကျောင်းကောင်း၊ ရေကောင်း၊ မြေကောင်း၊ အခြေခံကောင်း ဖြစ်ဖို့လိုပါသည်။ ဥယျာဉ်မှူး ဆရာ ဆရာမတို့သည် မိမိတို့ ပြုစုပျိုးထောင်ပေးလျက်ရှိသော ပွင့်လာမည့် ပန်းလေးများအပေါ် ထိုးဖောက်ကျလာမည့် အန္တရာယ်မှန်သမျှကို တားဆီးကာကွယ်ရမည်ပင်။ ဤတွင် ကျောင်းစည်းကမ်း အရေးပါပုံကို မိဘ၊ ကျောင်းသား ကျောင်းသူ၊ ဆရာများအားလုံး တညီတညွတ်တည်းနားလည် ရမည်ပင်။ တစ်စုံတစ်ယောက်က ကျောင်းစည်းကမ်းကို ဖောက်ဖျက်လာခြင်းသည် ထိုမှတစ်ဆင့် အခြားသူများကိုပါ ကူးစက်သွားနိုင်သည်ဖြစ်၍ တပည့်အားလုံး တိတိကျကျ လိုက်နာလာအောင် တစ်ပြေးညီဖြစ်ရန်လိုသည်ဟု မြင်ပါ သည်။

ဤတွင် အရေးကြီးသော ဥပမာတစ်ခု ဖော်ပြချင် ပါသေးသည်။ ယနေ့ခေတ် မူးယစ်ထုံထိုင်းစေတတ်သော ဆေးဝါးများဖြန့်ဝေသုံးစွဲခြင်းများသည် စာသင်ကျောင်းများ၊ တက္ကသိုလ်၊ ကောလိပ်များရှိ ပညာသင်ကြားနေသော ကလေးသူငယ်လူရွယ်များအကြား ပုံစံအမျိုးမျိုး၊ နည်း အမျိုးမျိုးဖြင့် ဝင်ရောက်နေသည်ကို တွေ့ရသည်။ မည်မျှ ပင် ပင်ကိုဉာဏ်ရည်ထက်မြက်စေကာမူ မူးယစ်ဆေးဝါးကို စမ်းသပ်ရာမှအစ စွဲလမ်း၍ အရူးတစ်ပိုင်းဖြစ်၊ စာဆက် မသင်နိုင်၊ ဆေးလွန်သေဆုံးကြရ၏။ ဆေးစွဲသော ကလေး

**လူငယ်တို့သဘာဝသည် စူးစမ်းချင်သည်။ စွန့်စားချင်သည်။ စွန့်စားခြင်းကို ဂုဏ်ယူသည်။ ယင်းစွန့်စားမှု အောင်မြင်လျှင် ပို၍ပျော်မဆုံး မော်ကြွားတတ်သည့်အရွယ်ဖြစ်ပါသည်။ ထိုလူငယ်တို့၏ တက်ကြွသော သဘာဝကို မှန်ကန်စွာအသုံးချနိုင်၍ သူ့ကိုယ်နှိုက်နှင့် သူ၏ပတ်ဝန်းကျင်ကို ကောင်းကျိုးပြုသွားသည်များ ရှိသကဲ့သို့ မှားယွင်းလွဲချော်စွန့်စားမှုများလည်း မရှားပါ။**

စိမ်းစိမ်းပေါ်တွင် လူအများအပန်းဖြေလေ့ရှိ၏။ သူငယ်ချင်း၊ မိသားစု၊ ချစ်သူစုံတွဲများ၊ ကျန်းမာရေးအတွက် လေ့ကျင့်ခန်းယူ လမ်းလျှောက်သူများ စသည်ဖြင့် နေ့စဉ် စည်ကားလှ၏။ ဘေးပတ်ဝန်းကျင်ရှိ စားသောက်ဆိုင်များသို့ လာရောက်လည်ပတ် စားသောက်သူများလည်း ရှိ၏။ အင်းလျားကန်ပေါင်ဘေး ရန်ကုန်မြို့၏ အထင်ကရ အလွန်လှပသော နေရာဖြစ်၏။ သို့ပေမယ့် ယခုခေတ် တစ်ခါသုံး စားသောက်စရာများ ထုပ်ပိုးသည့် စက္ကူဘူး၊ ပလတ်စတစ်ဘူးများကို အမှိုက်ပုံးများတွင် မဟုတ်ဘဲ မြက်ခင်းများပေါ် အလွယ်တကူစွန့်ပစ်မှုများကြောင့် စိမ်းလဲ့လဲ့မြက်ခင်းပြင်အစား စက္ကူနှင့် ကြွပ်ကြွပ်အိတ်များ ပြန့်ကျဲနေသော မြက်ခင်းပြင်သည် စိုက်ပျိုးထား၍ ပွင့်လန်း နေသောပန်းများ၏အလှက မကျော်နိုင်။

ကလေးတို့၊ လူငယ်တို့ ဘာကြောင့် အမှိုက်ကို အမှိုက်ပုံးထဲမထည့်နိုင်ကြသနည်း။ ဤသည်များမှာ အလွန် အခြေခံကျလှသော လူ့စည်းကမ်းတစ်ခုမဟုတ်ပါလော။ ဤမျှသေးငယ်သောစည်းကမ်းကို မလိုက်နာနိုင်လျှင်၊ ကြီးကျယ်သော၊ မြင့်မားသော၊ ယှဉ်ပြိုင်ဘက်များလှသော၊ တစ်ဟုန်ထိုးတိုးတက်နေသော လူ့ဘောင်အတွင်း အရေးကြီးသော စည်းကမ်းများကို လိုက်နာတတ်အောင်

သူငယ်များသည် စည်းကမ်းလည်း နားမလည်၊ စိတ်ဝေဒနာ ပြင်းထန်စွာ ခံစားရ၏။ မူးယစ်ဆေးဝါးသုံးစွဲရာမှ ကူးစက် သောရောဂါ (ဥပမာ -HIV) ခံစားရခြင်း၊ ဆေးဝယ်စရာ ငွေမရှိ၊ မူးယစ်ဆေးဝါး ကုန်ကူးသူတို့၏ ကျေးကျွန်ကြိုးဆွဲ ရာက၊ ယောက်ျား၊ မိန်းမမရွေး ဘဝပျက်ရ၏။ အလွန် ချမ်းသာပြည့်စုံပေမယ့် မိမိတို့သား၊ သမီးဆေးစွဲ၍ ပညာ မသင်နိုင် ရောဂါရ၍ ရှိသမျှ ပစ္စည်းလွှင့်ပစ်ချင်လောက် အောင် ယူကျုံးမရ စိတ်ဓာတ်ပျက်ပြားရသည့် မိဘအများ အပြား ရှိပါသည်။ ပြောလျှင် ကုန်နိုင်စရာမရှိပါ။ အပ်နှင့် ထွင်းရမည့်ကိစ္စ ပုဆိန်ကိုင်လည်းမနိုင် ဖြစ်နေကြ ရသည်။

စာရေးသူ အပါအဝင် မိဘ၊ ဘိုးဘွား၊ ဆရာသမား၊ တာဝန်ရှိသူအားလုံးတို့အား မိမိတို့၏ ရင်သွေးငယ်များ ကို အပိုအလိုမရှိ အတိအကျ ချစ်တတ်ပြီး သူတို့လေးတွေ လိုက်နာအပ်သောစည်းကမ်းများကို နားလည်လက်ခံ တန်ဖိုးထား ရိုသေလေးစား၊ လိုက်နာတတ်သော လူတော်၊ လူကောင်းဖြစ်လာအောင် အတူတကွ လက်တွဲခေါ်ဆောင် ပြုစုပျိုးထောင်ကြပါစို့ဟု တိုက်တွန်းနှိုးဆော်အပ် ပါသည်။ ။

---

## တပေါင်းလပြည့်နေ့(၁၅)ကြိမ်မြောက် သံဃဒါနဆွမ်းသပိတ်လောင်းလှူပွဲကျင်းပ

**ရေတာရှည် မတ် ၁၃**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့ အမှတ်(၁)ရပ်ကွက်ရှိ မြို့ဦးပရိယတ္တိစာသင်တိုက်ဦးစီးပဓာန ဆရာတော်ကြီး ဘဒ္ဒန္တ ပညာဇောတ ဂန္ထဝါစက ပဏ္ဍိတ ဦးစီး၍ သံဃဒါန ဆွမ်းသပိတ်လောင်းလှူပွဲကို ယမန်နေ့နံနက် ၈ နာရီက စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

ရေတာရှည်၊ တောင်ငူ၊ ဆွာမြို့နှင့် သိုင်းဝကျေးရွာ အုပ်စု ကြို့ပင်သာကျေးရွာရှိ ရှမ်းကျောင်းတို့မှ စာသင်တိုက်ရှစ်ခု၊ ဘုန်းတော်ကြီးကျောင်း ၂၂ ကျောင်း တို့မှ သံဃာတော်အပါး ၄၀၀ ကျော် ကြွရောက်ခဲ့ရာ ရေတာရှည်မြို့နှင့် အနီးဝန်းကျင်ရှိကျေးရွာများမှ အလှူရှင်များစွာ လာရောက်လောင်းလှူကြခြင်းဖြစ်သည်။

"အလှူရှင်တွေ အဆင်ပြေအောင် သပိတ်အတွင်းမှာ ဆွမ်းအပါအဝင် ခုနစ်ထောင်ပဲကျတယ်။ အချို့ကလည်း ဝတ္ထုငွေ၊ သံဃာသုံးပစ္စည်းတွေကို ပဒေသာပင်အဖြစ်လာ ရောက်လှူဒါန်းတာတွေကိုတော့ ကံစမ်းမဲဖောက်ပေးတာ ပါ"ဟု ဆရာတော်ကြီးက မိန့်ကြားသည်။

**ကိုလွင်(ဆွာ)**



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး ဓာတုဗေဒဘာသာ ဖြေဆိုနေမှုများကို လှည့်လည်ကြည့်ရှု

**နေပြည်တော် မတ် ၁၃**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးသည် မြန်မာနိုင်ငံစာစစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးညွန့်၊ အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်ဝင်း၊ နေပြည်တော်ကောင်စီနယ်မြေ ပညာရေးမှူး ဦးစိုးဝင်းနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၁၄)အခြေခံပညာအထက်တန်းကျောင်းရှိ စာစစ်ဌာနသို့ရောက်ရှိပြီး ၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဓာတုဗေဒဘာသာဖြေဆိုနေမှုများကို လှည့်လည်ကြည့်ရှုသည်။

ဆက်လက်၍ မြန်မာနိုင်ငံစာစစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးညွန့်နှင့်အဖွဲ့သည် နေပြည်တော် လယ်ဝေးမြို့နယ် ကန်သာကျေးရွာအခြေခံပညာအထက်တန်းကျောင်းတွင် တက္ကသိုလ်ဝင်စာမေးပွဲ ဓာတုဗေဒဘာသာဖြေဆိုနေမှုများကို လှည့်လည်ကြည့်ရှုသည်။

၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဓာတုဗေဒဘာသာကို နေပြည်တော်ကောင်စီနယ်မြေတွင် ဥတ္တရသီရိမြို့နယ်၌ စာရင်းရှိဦးရေ ၁၃၂၇ ဦး၊ ဖြေဆိုသူဦးရေ ၁၂၅၄ ဦး၊ ပျက်ကွက်ဦးရေ ၇၃ ဦးရှိရာ ဖြေဆိုမှုရာခိုင်နှုန်း ၉၄ ဒသမ ၅၀ ရာခိုင်နှုန်း၊ ဇေယျာသီရိမြို့နယ်၌ စာရင်းရှိဦးရေ ၁၆၁၂ ဦး၊ ဖြေဆိုသူဦးရေ ၁၄၈၃ ဦး၊ ပျက်ကွက်ဦးရေ ၁၂၉ ဦးရှိရာ ဖြေဆိုမှုရာခိုင်နှုန်း ၉၂ ဒသမ ၀၀ ရာခိုင်နှုန်း၊ ပုဗ္ဗသီရိမြို့နယ်၌ စာရင်းရှိဦးရေ ၂၁၉၆ ဦး၊ ဖြေဆိုသူဦးရေ ၂၀၅၄ ဦး၊ ပျက်ကွက်ဦးရေ ၁၄၂ ဦးရှိရာ ဖြေဆိုမှုရာခိုင်နှုန်း ၉၃ ဒသမ ၅၃ ရာခိုင်နှုန်း၊ တပ်ကုန်းမြို့နယ်၌ စာရင်းရှိဦးရေ ၄၄၀၁ ဦး၊ ဖြေဆိုသူဦးရေ ၄၁၁၉ ဦး၊ ပျက်ကွက်ဦးရေ ၂၈၂ ဦးရှိရာ ဖြေဆိုမှုရာခိုင်နှုန်း ၉၃ ဒသမ ၅၉ ရာခိုင်နှုန်း၊ ဒက္ခိဏသီရိမြို့နယ်၌ စာရင်းရှိဦးရေ ၃၈၂ ဦး၊ ဖြေဆိုသူဦးရေ ၃၇၁ ဦး၊ ပျက်ကွက်ဦးရေ ၁၁ ဦးရှိရာ ဖြေဆိုမှုရာခိုင်နှုန်း ၉၇ ဒသမ ၁၂ ရာခိုင်နှုန်း၊ ဇမ္ဗူသီရိမြို့နယ်၌ စာရင်းရှိဦးရေ ၂၃၇၀၊ ဖြေဆိုသူဦးရေ ၂၂၀၅ ဦး၊ ပျက်ကွက်ဦးရေ ၁၆၅ ဦးရှိရာ ဖြေဆိုမှုရာခိုင်နှုန်း ၉၃ ဒသမ ၀၄ ရာခိုင်နှုန်း၊ ပျဉ်းမနားမြို့နယ်၌ စာရင်းရှိဦးရေ ၃၇၁၉ ဦး၊ ဖြေဆိုသူဦးရေ ၃၃၇၈ ဦး၊ ပျက်ကွက်ဦးရေ ၃၄၁ ဦးရှိရာ ဖြေဆိုမှုရာခိုင်နှုန်း ၉၀ ဒသမ ၈၃ ရာခိုင်နှုန်း၊ လယ်ဝေးမြို့နယ်၌ စာရင်းရှိဦးရေ ၄၄၉၈ ဦး၊ ဖြေဆိုသူဦးရေ ၄၂၀၉ ဦး၊ ပျက်ကွက်ဦးရေ ၂၈၉ ဦးရှိရာ ဖြေဆိုမှုရာခိုင်နှုန်း ၉၃ ဒသမ ၅၇ ရာခိုင်နှုန်းဖြစ်ပြီး နေပြည်တော်ကောင်စီနယ်မြေတစ်ခုလုံး၌ စာစစ်ဌာနပေါင်း ၃၉ ခုတွင် စာရင်းရှိဦးရေ ၂၀၅၀၅ ဦး၊ ဖြေဆိုသူဦးရေ ၁၉၀၇၃ ဦး၊ ပျက်ကွက်ဦးရေ ၁၄၃၂ ဦးရှိရာ ဖြေဆိုမှုရာခိုင်နှုန်း ၉၃ ဒသမ ၀၂ ရာခိုင်နှုန်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တက္ကသိုလ်ဝင်စာမေးပွဲ သိပ္ပံတွဲ ဓာတုဗေဒဘာသာရပ်ဖြေဆို

**နေပြည်တော် မတ် ၁၃**

တက္ကသိုလ်ဝင်စာမေးပွဲ ဓာတုဗေဒဘာသာကို နိုင်ငံတစ်ဝန်းရှိ စာစစ်ဌာနပေါင်း ၁၅၅၀ နှင့် နိုင်ငံခြားစာစစ်ဌာန ၁၇ ခု စုစုပေါင်း ၁၅၆၇ ခုတို့၌ ယနေ့နံနက် ၉ နာရီတွင် စတင်ဖြေဆိုရာ ဖြေဆိုခွင့်ရှိသူ ၆၈၆၀၈၇ ဦးရှိသည့်အနက် ၆၄၀၀၇၁ ဦး ဖြေဆိုခဲ့ကြပြီး ၄၆၀၁၆ ဦး ဖြေဆိုရန် ပျက်ကွက်သဖြင့် ဖြေဆိုသူ ၉၂ ဒသမ ၂၉ ရာခိုင်နှုန်းဖြစ်သည်။

တစ်နိုင်ငံလုံး၌ ဆေးရုံဖြေဆိုသူ ၁၃၄ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ နေပြည်တော်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးတို့၌ ဆွံ့အနားမကြားဖြေဆိုသူ ၂၄ ဦး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ကိုယ်လက်အင်္ဂါမသန်စွမ်းဖြေဆိုသူ ၁၀၁ ဦး၊ အကျဉ်းထောင်နှင့် အချုပ်များတွင် ဖြေဆိုသူ ၄၂ ဦးရှိပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း) လောက်ကိုင်ဒေသတွင် ဖြေဆိုရန် ၉၁ ဦး စာရင်းသွင်းထားသော်လည်း အထက(၂) တပ်ကျောင်းတွင် ၇၉ ဦး၊ လောက်ကိုင်ဆေးရုံတွင် တစ်ဦး၊ ကွမ်းလုံစာစစ်ဌာနတွင် တစ်ဦး စုစုပေါင်း ၈၁ ဦး ဖြေဆိုကြသည်။

မြဝတီမြို့နယ်မှ မြန်မာရွှေ့ပြောင်း ကျောင်းသား ကျောင်းသူ ဖြေဆိုခွင့်ရှိသူ ၁၀၆ ဦး ရှိသည့်အနက် ၁၀၃ ဦး ဝင်ရောက်ဖြေဆိုကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

**၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမှု အခြေပြဇယား**

ဘာသာ- ဓာတုဗေဒ

ရက်စွဲ၊ ၁၃-၃-၂၀၁၇

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | စာစစ်ဌာန အရေအတွက် | စာရင်းရှိ | | | ဖြေဆို | | | ဖြေဆိုသည့် ရာခိုင်နှုန်း | ပျက်ကွက် | | | ပျက်ကွက် ရာခိုင်နှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | | ကျား | မ | ပေါင်း | | |
| ၁ | ကချင် | ၆၁ | ၁၀၉၆၂ | ၁၇၁၆၉ | ၂၈၁၃၁ | ၉၉၆၆ | ၁၆၃၆၆ | ၂၆၃၃၂ | ၉၃.၆၀ | ၉၉၆ | ၈၀၃ | ၁၇၉၉ | ၆.၄၀ | |
| ၂ | ကယား | ၁၄ | ၁၂၉၆ | ၂၃၁၄ | ၃၆၁၀ | ၁၁၇၉ | ၂၂၃၀ | ၃၄၀၉ | ၉၄.၄၃ | ၁၁၇ | ၈၄ | ၂၀၁ | ၅.၅၇ | |
| ၃ | ကရင် | ၃၆ | ၆၀၃၄ | ၁၀၃၀၇ | ၁၆၃၄၁ | ၅၃၆၉ | ၉၇၁၄ | ၁၅၀၈၃ | ၉၂.၃၀ | ၆၆၅ | ၅၉၃ | ၁၂၅၈ | ၇.၇၀ | |
| ၄ | ချင်း | ၂၄ | ၃၃၇၁ | ၄၈၂၈ | ၈၁၉၉ | ၂၇၉၄ | ၄၂၉၀ | ၇၀၈၄ | ၈၆.၄၀ | ၅၇၇ | ၅၃၈ | ၁၁၁၅ | ၁၃.၆၀ | |
| ၅ | စစ်ကိုင်း | ၁၈၀ | ၃၅၆၆၇ | ၄၇၃၇၂ | ၈၃၀၃၉ | ၃၃၆၀၉ | ၄၅၉၆၀ | ၇၉၅၆၉ | ၉၅.၈၂ | ၂၀၅၈ | ၁၄၁၂ | ၃၄၇၀ | ၄.၁၈ | |
| ၆ | တနင်္သာရီ | ၄၃ | ၇၀၆၈ | ၁၂၆၇၈ | ၁၉၇၄၆ | ၆၃၅၂ | ၁၁၉၅၉ | ၁၈၃၁၁ | ၉၂.၇၃ | ၇၁၆ | ၇၁၉ | ၁၄၃၅ | ၇.၂၇ | |
| ၇ | ပဲခူး | ၁၂၇ | ၂၆၂၉၁ | ၃၅၂၇၈ | ၆၁၅၆၉ | ၂၄၈၂၄ | ၃၃၅၁၄ | ၅၈၃၃၈ | ၉၃.၁၃ | ၁၄၆၇ | ၁၇၆၄ | ၃၂၃၁ | ၆.၈၇ | |
| ၈ | မကွေး | ၁၃၈ | ၂၈၄၇၆ | ၃၆၉၉၅ | ၆၅၄၇၁ | ၂၇၄၁၉ | ၃၆၀၂၈ | ၆၃၄၄၇ | ၉၅.၇၄ | ၁၀၅၇ | ၉၆၇ | ၂၀၂၄ | ၄.၂၆ | |
| ၉ | မန္တလေး | ၁၈၀ | ၄၅၈၇၆ | ၅၇၄၉၇ | ၁၀၃၃၇၃ | ၄၂၆၀၃ | ၅၅၄၁၆ | ၉၈၀၁၉ | ၉၄.၈၃ | ၃၂၇၃ | ၂၀၈၁ | ၅၃၅၄ | ၅.၁၇ | |
| ၁၀ | မွန် | ၅၀ | ၉၂၀၅ | ၁၄၄၃၀ | ၂၃၆၃၅ | ၈၃၄၄ | ၁၃၇၅၁ | ၂၂၀၉၅ | ၉၃.၄၈ | ၈၆၁ | ၆၇၉ | ၁၅၄၀ | ၆.၅၂ | |
| ၁၁ | ရခိုင် | ၁၁၅ | ၁၇၉၈၅ | ၁၈၀၈၈ | ၃၆၀၇၃ | ၁၅၃၄၀ | ၁၆၈၃၂ | ၃၂၁၇၂ | ၈၉.၁၉ | ၂၆၄၅ | ၁၂၅၆ | ၃၉၀၁ | ၁၀.၈၁ | |
| ၁၂ | ရန်ကုန် | ၂၁၇ | ၅၃၃၂၉ | ၆၀၂၈၄ | ၁၁၃၆၁၃ | ၄၇၁၈၃ | ၅၆၀၅၃ | ၁၀၃၂၃၆ | ၉၀.၈၇ | ၆၁၄၆ | ၄၂၃၁ | ၁၀၃၇၇ | ၉.၁၃ | |
| ၁၃ | ရှမ်း | ၁၁၃ | ၁၈၀၅၉ | ၂၉၇၈၆ | ၄၇၈၄၅ | ၁၆၄၂၄ | ၂၈၂၆၃ | ၄၄၆၈၇ | ၉၃.၄၀ | ၁၆၃၅ | ၁၅၂၃ | ၃၁၅၈ | ၆.၆၀ | |
| ၁၄ | ဧရာဝတီ | ၂၁၃ | ၂၃၈၉၅ | ၃၀၀၈၆ | ၅၃၉၈၁ | ၂၁၅၃၅ | ၂၈၅၁၆ | ၅၀၀၅၁ | ၉၂.၇၂ | ၂၃၆၀ | ၁၅၇၀ | ၃၉၃၀ | ၇.၂၈ | |
| ၁၅ | နေပြည်တော် | ၃၉ | ၉၀၁၃ | ၁၁၄၉၂ | ၂၀၅၀၅ | ၈၁၇၄ | ၁၀၈၉၉ | ၁၉၀၇၃ | ၉၃.၀၂ | ၈၃၉ | ၅၉၃ | ၁၄၃၂ | ၆.၉၈ | |
| ၁၆ | နိုင်ငံခြားစာစစ်ဌာန | ၁၇ | ၅၆ | ၁၀၀ | ၁၅၆ | ၅၅ | ၁၀၀ | ၁၅၅ | ၉၉.၃၆ | ၁ | ၀ | ၁ | ၀.၆၄ | |
| | စုစုပေါင်း | ၁၅၆၇ | ၂၉၇၃၈၃ | ၃၈၈၇၀၄ | ၆၈၆၀၈၇ | ၂၇၀၁၈၀ | ၃၆၉၈၉၁ | ၆၄၀၀၇၁ | ၉၃.၂၉ | ၂၇၂၀၃ | ၁၈၈၁၃ | ၄၆၀၁၆ | ၆.၇၁ | |

# ၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ စတုတ္ထနေ့ ဓာတုဗေဒဘာသာရပ် ဆက်လက်ဖြေဆို

**ရန်ကုန် မတ် ၁၃**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် ၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖွင့်လှစ်ထားရှိသည့် စာစစ်ဌာနများ၌ မတ် ၁၃ ရက် နံနက်ပိုင်းက စတုတ္ထမြောက်နေ့အဖြစ် ဓာတုဗေဒဘာသာရပ် ဆက်လက်ဖြေဆိုကြသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စာစစ်ဌာန ၂၁၇ ခုမှ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုရန် စာရင်းပေးသွင်းသူဦးရေ ၁၁၄၂၇၇ ဦး၊ နိုင်ငံခြားစာစစ်ဌာနများနှင့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာစစ်ဌာနများအပါအဝင် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုရန် စာရင်းပေးသွင်းသူစုစုပေါင်း ၇၆၇၄၂၂ ဦးအနက် တက္ကသိုလ်ဝင်စာမေးပွဲ ပထမနေ့ဖြစ်သော မြန်မာစာဘာသာရပ်တွင် ၁၀၄၂၅၆ ဦးရှိခဲ့ရာ ဖြေဆိုမှုရာခိုင်နှုန်း ၉၁ ဒသမ ၂၆၊ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ်တွင် ၁၀၄၀၀၂ ဦးရှိခဲ့ရာ ဖြေဆိုမှုရာခိုင်နှုန်း ၉၁ ဒသမ ၀၄၊ တတိယနေ့ သင်္ချာဘာသာရပ်တွင် ၁၀၃၈၇၃ ဦးရှိခဲ့ရာ ဖြေဆိုမှုရာခိုင်နှုန်း ၉၀ ဒသမ ၉၃ ရာခိုင်နှုန်း၊ ဓာတုဗေဒဘာသာရပ်တွင် ၁၀၃၂၃၆ ဦးရှိခဲ့ရာ ဖြေဆိုမှုရာခိုင်နှုန်း ၉၀ ဒသမ ၈၇ ရာခိုင်နှုန်း ဖြေဆိုလျက်ရှိကြောင်း သိရသည်။

အဆိုပါစာစစ်ဌာနများသို့ အမျိုးသားပညာရေးမူဝါဒကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာမျိုးမြင့်၊ ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်စွာသွင်၊ ညွှန်ကြားရေးမှူး (ပညာ) ဒေါ်စန်းစန်းရီ၊ ညွှန်ကြားရေးမှူး(စီမံ) ဒေါ်ခင်မာဆွေနှင့် တာဝန်ရှိသူများလိုက်ပါ၍ ကမာရွတ်မြို့နယ်ရှိ ပညာရေးလေ့ကျင့်ရေးအထက်တန်းကျောင်းနှင့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာနများသို့လည်းကောင်း၊ ဗဟန်းမြို့နယ်ရှိ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းစာစစ်ဌာနနှင့် လှိုင်မြို့နယ်ရှိ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာနသို့လည်းကောင်း၊ ယနေ့နံနက်ပိုင်းတွင် ကျောင်းသား ကျောင်းသူများ ဓာတုဗေဒဘာသာရပ်ဖြေဆိုနေမှုများနှင့် စာမေးပွဲဆိုင်ရာလုပ်ငန်းဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




# ဟိန္ဒူရိုးရာ (ဟိုလီ)၂၀၁၇ သင်္ကြန်ပွဲတော်ကျင်းပ

**ရန်ကုန် မတ် ၁၃**

နှစ်စဉ်မပျက် ဆင်နွှဲကျင်းပလျက်ရှိသော ဟိန္ဒူရိုးရာ (ဟိုလီ)သင်္ကြန် ၂၀၁၇ ခုနှစ် ရေကစားပွဲတော်ကို မတ် ၁၂ ရက် မွန်းလွဲ ၂ နာရီတွင် မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကြီးပရဝဏ်အတွင်းရှိ ကရဝိက်ဖောင်တော်အနီး ရေကစားစင်မြင့်မဏ္ဍပ်ရှေ့၌ ကျင်းပရာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဟိန္ဒူမိသားစုများနှင့် လူငယ်မောင်မယ် ၁၀၀၀ ကျော်တို့ တက်ရောက်ခဲ့ကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းက ဂုဏ်ပြုမိတ်ဆက်အမှာစကား ပြောကြားပြီး လွှတ်တော်ကိုယ်စားလှယ်များနှင့်အတူ ဟိန္ဒူမိသားစုများ၊ လူငယ်မောင်မယ်တို့သည် ရောင်စုံရေများနှင့် ရောင်စုံအမှုန့်များ ပက်ဖျန်း၍ ညနေ ၆ နာရီအထိ ပျော်ရွှင်စွာ ရေကစားခဲ့ကြကြောင်း သိရသည်။ **(၆၈၄)**

# ရန်ကုန်တိုင်းဒေသကြီး၌ ဓာတုဗေဒဘာသာရပ်ဖြေဆိုသူ တစ်သိန်းကျော်ရှိ

**ရန်ကုန် မတ် ၁၃**

၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဓာတုဗေဒဘာသာရပ်ကို ယနေ့ ဆက်လက်ဖြေဆိုကြရာ ရန်ကုန်တိုင်းဒေသကြီး လေးခရိုင်နှင့် မြို့နယ် ၄၄ မြို့နယ်ရှိ စာစစ်ဌာန ၂၁၇ ခု၌ ဖြေဆိုရန် စာရင်းပေးသွင်းထားသူ ၁၁၄၂၇၇ ဦးအနက် ဖြေဆိုသူ ၁၀၃၂၃၆ ဦး ရာခိုင်နှုန်းအနေဖြင့် ၉၀ ဒသမ ၈၇ ရာခိုင်နှုန်းရှိပြီး ပျက်ကွက်သူ ၁၀၃၇၇ ဦး ရှိကြောင်း သိရသည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီးစာစစ်ဌာနတွင် လူနာဖြေဆိုသူ ၁၅ ဦး၊ မြောက်ဥက္ကလာပဆေးရုံကြီးတွင် လူနာဖြေဆိုသူ ရှစ်ဦး စုစုပေါင်း ၂၃ ဦး ဖြေဆိုကြသည်။ ဆွံ့အနားမကြား ဖြေဆိုသူများတွင် ကျောင်းဖြေ ကိုးဦး၊ အလွတ်ဖြေ နှစ်ဦး စုစုပေါင်း ၁၁ ဦးနှင့် ကိုယ်လက်အင်္ဂါ မသန်စွမ်းသူ ကျောင်းဖြေ ၂၉ ဦး၊ အလွတ်ဖြေ သုံးဦး စုစုပေါင်း ၃၂ ဦးနှင့် အင်းစိန်ဗဟိုအကျဉ်းထောင်စာစစ်ဌာနတွင် စာဖြေသူကျောင်းသား ၂၇ ဦး၊ ကျောင်းသူတစ်ဦး စုစုပေါင်း ၂၈ ဦးတို့ ဖြေဆိုကြရာ ကျောင်းသားကျောင်းသူများ အေးချမ်းစွာဖြေဆိုနိုင်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများက လိုအပ်သလို ကူညီပံ့ပိုးပေးခဲ့ကြသည်။

ကျန်ရှိသည့် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုရမည့်ရက်မှာ မတ် ၁၄ ရက် (အင်္ဂါနေ့)တွင် ရူပဗေဒ၊ မတ် ၁၅ ရက် (ဗုဒ္ဓဟူးနေ့) ဇီဝဗေဒ၊ ဘောဂဗေဒ၊ မတ် ၁၆ ရက် (ကြာသပတေးနေ့) ပထဝီဝင်နှင့် မတ် ၁၇ ရက် (သောကြာနေ့) သမိုင်းဘာသာရပ်တို့ဖြစ်သည်။ **(ဥမ္မာသန့်)**

# တက္ကသိုလ်ဝင်စာမေးပွဲ မွန်ပြည်နယ်စာစစ်ဌာန ၅၀ ၌ ဓာတုဗေဒဘာသာရပ် ၂၂၀၉၅ ဦးဖြေဆို

**ရန်ကုန် မတ် ၁၃**

တက္ကသိုလ်ဝင်စာမေးပွဲ ဓာတုဗေဒဘာသာရပ်ကို ယနေ့နံနက် ၉ နာရီတွင် မွန်ပြည်နယ်စာစစ်ဌာန ၅၀ ၌ဖြေဆိုရန် စာရင်းပေးသွင်းထားသူ ၂၃၆၃၅ ဦးရှိသည့်အနက် ပျက်ကွက်သူ ၁၅၄၀ ရှိရာ ဖြေဆိုသူ ၂၂၀၉၅ ဦး(ဖြေဆိုရာခိုင်နှုန်း ၉၃ ဒသမ ၄၈ ရာခိုင်နှုန်း)တို့က အေးချမ်းစွာ ဖြေဆိုခဲ့ကြသည်။

ယမန်နှစ်က မွန်ပြည်နယ်တစ်ခုလုံးတွင် စာဖြေဌာန ၄၈ ခုသာ ရှိခဲ့သော်လည်း ယခုပညာသင်နှစ်တွင် စာဖြေသူဦးရေများပြားလာ၍ ကျိုက်မရောမြို့နယ်နှင့် ဘီးလင်းမြို့နယ်တို့၌ စာဖြေဌာနတစ်ခုစီ တိုးမြှင့်ဖွင့်လှစ်ခဲ့ခြင်းကြောင့် ယခုနှစ်တွင် မွန်ပြည်နယ်၌ စာဖြေဌာန ၅၀ ရှိသည်။

အလားတူ ယနေ့ နံနက် ၉ နာရီတွင် ဖြေဆိုသည့် တက္ကသိုလ်ဝင်စာမေးပွဲ ဓာတုဗေဒဘာသာရပ်ကို မွန်ပြည်နယ် မုဒုံမြို့နယ် စာဖြေဌာန လေးခုတို့၌ ဖြေဆိုရန် စာရင်းပေးသွင်းထားသူ ၂၄၂၆ ဦးအနက် ပျက်ကွက်သူ ၈၀ ရှိကာ စုစုပေါင်း ၂၃၄၆ ဦး (ဖြေဆိုရာခိုင်နှုန်း ၉၆ ဒသမ ၇၀) အေးချမ်းစွာ ဖြေဆိုခဲ့ကြသည်။

ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ စာမေးပွဲဖြေဆိုနိုင်ကြရေးအတွက် ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ မြို့နယ်/ရပ်ကွက်လူမှုရေးအဖွဲ့အစည်းဝင်များက ကူညီပံ့ပိုးပေးခဲ့ကြကြောင်း သိရသည်။ **ကိုချစ်(မုဒုံ)**

# စစ်ကိုင်းတောင်ရိုးရှိ အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်ရရှိတော်မူပြီးသော ဆရာတော်ကြီးများအား အဘိဓဇပူဇာအခမ်းအနားကျင်းပ

**နေပြည်တော် မတ် ၁၃**
အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်ရရှိတော်မူပြီးသော ဆရာတော်ကြီးများအား အဘိဓဇပူဇာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတောင်ရိုး သီတဂူ အပြည်ပြည်ဆိုင်ရာ ဝိပဿနာအကယ်ဒမီရှိ သီတဂူသံဝေဇနိယ ဓမ္မဗိမာန်တော်ကြီး၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသ အမှူးပြုသည့် အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်ရရှိတော်မူပြီးသော ဆရာတော်ကြီး ၁၁ ပါးနှင့် သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ၊ တွဲဖက်ရွှေကျင်သာသနာပိုင် အဘိဓဇ မဟာရဋ္ဌဂုရု သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ဉာဏိဿရ အမှူးပြုသော သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် ဧည့်ပရိသတ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားတက်ရောက်လာကြသည့် ဧည့်ပရိသတ်များက ဗန်းမော်ကျောင်းတိုက် ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဗန်းမော်ကျောင်းတိုက်ဆရာတော်၊ မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက်ဆရာတော်၊ အမရပူရမဟာဂန္ဓာရုံကျောင်းတိုက်ဆရာတော်နှင့် မန္တလေးမြို့ ဘုရားကြီးကျောင်းတိုက်၊ အတုလကာရီဆင်မင်းကျောင်းတိုက် ဆရာတော်တို့က ဩဝါဒကထာများ ဟောကြားချီးမြှင့် တော်မူကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တပ်မတော်အရာရှိကြီးများ၊ သီတဂူဂုဏ်ထူးဆောင်ဥက္ကဋ္ဌ ဦးဟန်နှင့်တာဝန်ရှိသူများက အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်ရရှိတော်မူပြီးသော ဆရာတော်ကြီးများအား ပိုးသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီးနှင့် အလှူရှင်များက နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းရာ သီတဂူဂုဏ်ထူးဆောင်ဥက္ကဋ္ဌ ဦးဟန်က လက်ခံသည်။

**(အပေါ်ယာပုံ)**

ယင်းနောက် ဆရာတော်ကြီးများအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ တပ်မတော်အရာရှိကြီးများနှင့် အလှူရှင်များက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# မြိုင်ကြီးငူအထူးဒေသ ကယ်ဆယ်ရေးစခန်းရှိ အိမ်ထောင်စုများအတွက် ဆန်ရိက္ခာများ ထောက်ပံ့ပေးအပ်

**ဘားအံ မတ် ၁၃**
ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ရှမ်းရွာသစ်မြို့နယ် မဲလရောဒေသတွင် နယ်မြေတည်ငြိမ်မှုအားနည်းပြီး မြေမြှုပ်မိုင်း အန္တရာယ်များကြောင့် အိမ်ထောင်စု ၁၀၀၇ စု၊ (လူဦးရေ ၅၅၂၆ ဦး)တို့သည် မြိုင်ကြီးငူ အထူးဒေသသို့ ၂၀၁၆ ခုနှစ် စက်တင်ဘာလ အစောပိုင်းမှစ၍ ယာယီပြောင်းရွှေ့နေထိုင်ခိုလှုံလျက်ရှိရာ တာဝန်ရှိသူများက မြပန်းဝတ်မှုံခန်းမဆောင်နှင့် အေးလင်းသာယာကျောက်စာကွင်းတို့တွင် ကယ်ဆယ်ရေးစခန်းများဖွင့်လှစ်ထားရှိလျက်ရှိသည်။ ဌာနဆိုင်ရာများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဒေသခံဆရာတော်များ၊ ဂေါပကအဖွဲ့များနှင့် လူမှုရေးအသင်းအဖွဲ့များ ပေါင်းစပ်၍ လိုအပ်သည့်ကူညီထောက်ပံ့မှုများ စီမံဆောင်ရွက်ပေးလျက်ရှိရာ မတ် ၁၃ ရက်က ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ကရင်ပြည်နယ်ရုံးမှ ဆန်ရိက္ခာများ သွားရောက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။



ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ကရင်ပြည်နယ်ရုံးမှ ပြည်နယ်ဦးစီးဌာနမှူး ဦးလင်းထွဋ်နှင့် လှိုင်းဘွဲ့မြို့နယ် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်ဇော်ဦးတို့က မြိုင်ကြီးငူအထူးဒေသ ကယ်ဆယ်ရေးစခန်းတွင် ခိုလှုံလျက်ရှိသော အိမ်ထောင်စု ၁၀၀၇ စု (လူဦးရေ ၅၅၂၆ ဦး) တို့အတွက် ငွေကျပ် ၂၃၂၀၉၂၀၀ တန်ဖိုးရှိ ဆန်ရိက္ခာ ၁၄ ရက်စာ ဆန်အိတ် ၈၀၅ အိတ်နှင့် ၂၁ ပြည်ကို အေးလင်းသာယာ ကျောက်စာတိုင်ကွင်း၌ ကယ်ဆယ်ရေးစခန်း တာဝန်ခံများထံ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

အလားတူ ကယ်ဆယ်ရေးစခန်းရှိ အိမ်ထောင်စုများ၏ ကျန်းမာရေး စောင့်ရှောက်မှုကို မြိုင်ကြီးငူ တိုက်နယ်ဆေးရုံမှ ကျန်းမာရေးဝန်ထမ်းများက ကုသရေးနှင့် ကာကွယ်ရေး နှစ်မျိုးခွဲ၍ စီမံဆောင်ရွက်ပေးနေကြောင်း၊ ကူးစက်ရောဂါများ ဖြစ်ပွားမှု မရှိစေရေးအတွက် အစားအသောက်နှင့် ရေသန့်ရှင်းရေး၊ ယင်လုံအိမ်သာစနစ်တကျ သုံးစွဲရေးတို့ကိုလည်း အစုအဖွဲ့များဖွဲ့၍ အဓိကထား လုပ်ဆောင်ပေးနေကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

**✷ ကျောဖုံးမှ**
မကွေးအသင်းက တစ်မှတ်၊ အန်ကောအသင်းက အမှတ်မရသေးပေ။ ထို့ကြောင့် နိုင်ပွဲမရသေးသည့် အသင်းနှစ်သင်းတွေ့ဆုံမှုမှာ နောက်တစ်ဆင့်တက်ရေးအတွက် အရေးပါလာမည်ဖြစ်ပြီး မကွေးအသင်းမှာလည်း အနိုင်ရမှသာ မျှော်လင့်ချက်ရှိမည်ဖြစ်သည်။ ယခုပွဲကို MRTV မှ တိုက်ရိုက်ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ယခုနှစ် AFC Cup ပြိုင်ပွဲကို မြန်မာကလပ် အသင်းနှစ်သင်းဝင်ရောက် ယှဉ်ပြိုင်လျက်ရှိပြီး ရတနာပုံအသင်းသည် သုံးသင်းပါဝင်သော အုပ်စုတွင် ကျရောက်နေသောကြောင့် ယခုတစ်ပတ်တွင် ယှဉ်ပြိုင်ကစားရမည်မဟုတ်ဘဲ အုပ်စုဒုတိယအကျော့ပွဲစဉ်များကို ဧပြီလမှသာ ပြန်လည်ယှဉ်ပြိုင်ရမည် ဖြစ်သည်။ မကွေးအသင်းသည် အာရှအဆင့်ကလပ်ပြိုင်ပွဲကို ပထမဆုံးအကြိမ် ယှဉ်ပြိုင်ခွင့်ရခြင်းဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-ဖိုးသော်ဇင်**

# ဗိုလ်ချုပ်အောင်ဆန်းပုံရိုက်နှိပ်ထားသည့် အထူးထုတ်တံဆိပ်ခေါင်းနှင့် တံဆိပ်ခေါင်းပါစာအိတ် ရောင်းချပေးသွားမည်

**နေပြည်တော် မတ် ၁၃**
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းမှ နိုင်ငံခြားရေးဝန်ကြီးဌာန နှစ်(၇၀)ပြည့် အထိမ်းအမှတ်အဖြစ် နိုင်ငံခြားရေးဝန်ကြီးဌာန၏ ပထမဦးဆုံးဝန်ကြီးဖြစ်သော ဗိုလ်ချုပ်အောင်ဆန်းပုံရိုက်နှိပ်ထားသည့် အထူးထုတ် စာပို့တံဆိပ်ခေါင်း ၅၀၀ ကျပ်တန်နှင့် တံဆိပ်ခေါင်းပါစာအိတ် ၅၀၀ ကျပ်တန်တို့ကို မတ် ၁၇ ရက် (သောကြာနေ့) နံနက် ၉ နာရီခွဲမှစတင်၍ တိုင်းဒေသကြီး/ ပြည်နယ်များရှိ လုပ်ငန်းပြည့်စာတိုက်အသီးသီးတွင် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အထူးအစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော် ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့၌ မတ် ၁၇ ရက်တွင်ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများ၊ တံဆိပ်ခေါင်းပါ စာအိတ်များနှင့် ပထမနေ့စာအိတ် (Firstday Cover)များပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ် ရိုက်နှိပ်ပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**




# Renaissance Myanmar လစဉ်ထုတ်မဂ္ဂဇင်းထွက်ရှိ

ဖေဖော်ဝါရီ၊ မတ်လအတွက် Renaissance Myanmar လစဉ်ထုတ်မဂ္ဂဇင်းကို ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရှိရသည်။

ယင်းမဂ္ဂဇင်းတွင် ဖက်ဒရယ်ပြည်ထောင်စုမြန်မာနှင့် ပတ်သက်ပြီး အထူးဆောင်းပါးအဖြစ် သူရဦးရွှေမန်းနှင့် တွေ့ဆုံမေးမြန်းခြင်း၊ ကိုကိုလှိုင်၊ မှူးဇော်၊ ဒေါက်တာဆလိုင်းငွန်ကျုံးလျန်၊ ဘိုဘိုကျော်ငြိမ်း၊ ဒေါ်လှမျက်ခြယ်၊ အောင်မိုးဝင်း၊ အစိမ်းရောင်လွင်ပြင်၊ မောင်မောင်စိုး၊ ခင်ဇော်ဦး၊ မျိုးမင်း(မကျည်းလဟာ)၊ ကျော်ဝင်း၊ ဝင်းဖေမောင်၊ ရဲထွန်း(သီပေါ)၊ သန်းစိုးနိုင်တို့၏ဆောင်းပါးများ ပါရှိသည်။

ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုသည် ငြိမ်းချမ်းရေး ဖြေရှင်းချက်၊ နိုင်ငံရေးဖြေရှင်းချက်၊ အနာဂတ်အတွက် ဖြေရှင်းချက်ဖြစ်ကြောင်း အားလုံးက လက်ခံသဘောတူထားပြီးဖြစ်၍ လူထုကိုယ်စား Renaissance Myanmar က ရှေ့တစ်လှမ်းတက်၍ တောင်းဆိုလိုက်ရပေသည်ဟု အယ်ဒီတာ့အာဘော်တွင် ဖော်ပြထားသည်။




အဆိုပါမဂ္ဂဇင်းကို အထက်မြန်မာပြည်ဖြန့်ချိရေးအဖြစ် ဝင်းဖေမောင် Amarapura Partners၊ မန္တလေးမြို့ Hot Line; ၀၉-၂၅၃၁၀၄၆၇၃၊ မန္တလေးမြို့၊ နေပြည်တော် ဖြန့်ချိရေးအဖြစ် ဂျမ်းဘုံစာပေနှင့် စတိုး (ပျဉ်းမနားမြို့)၊ ဖုန်း-၀၉-၇၉၀၄၂၂၇၉၀ နှင့် ၀၉-၄၃၁၈၇၇၀၂၊ အောက်မြန်မာပြည်ဖြန့်ချိရေး စာပေနန်းတော်တို့က တာဝန်ယူဖြန့်ချိလိုက်ကြောင်းနှင့် တန်ဖိုးငွေကျပ် ၃၀၀၀ ဖြစ်ကြောင်း သိရသည်။ **(ကြေးမုံ)**

# ထိရောက်သော သဘာဝဘေးစီမံခန့်ခွဲမှုလုပ်ငန်းများ ချမှတ်ဆောင်ရွက်မှုအစီအစဉ်များ ဆွေးနွေး



**နေပြည်တော် မတ် ၁၃**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူး Ms. Renata Dessallien က တာဝန်ပေးအပ်ထားသည့် အကြံပေးပုဂ္ဂိုလ် Mr. Richard Horsey နှင့်အဖွဲ့က ဝန်ကြီးရုံး မေခလာခန်းမတွင် ယနေ့နံနက် ၁၀ နာရီခွဲက လာရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဘေးဒဏ်ကြံ့ကြံ့ခံနိုင်သော လူ့အသိုက်အဝန်းဖြစ်လာစေရေးအတွက် ထိရောက်သောသဘာဝဘေးစီမံခန့်ခွဲမှု လုပ်ငန်းအစီအစဉ်များ ချမှတ် ဆောင်ရွက်မှုအခြေအနေများ၊ ယင်းမူဝါဒများ အောင်မြင်အောင် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ပြည်သူနှင့် ပူးပေါင်းဆောင်ရွက်မှုအခြေအနေများ၊ ရခိုင်ပြည်နယ်၏ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခုအချိန်အထိ ဆောင်ရွက်နေမှုအခြေအနေများ၊ ရခိုင်ပြည်နယ်ဒေသတွင်း ပြန်လည်နေရာချထားရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ ဆောင်ရွက်ချက်များ၊ ရှေ့ဆက်ဆောင်ရွက်ရန် အစီအစဉ်များနှင့်ရှေ့ဆက်၍ ရခိုင်ပြည်နယ်တွင် လူသားချင်းစာနာထောက်ထားမှုလုပ်ငန်းနှင့် လူမှု-စီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို အစိုးရနှင့် ကုလသမဂ္ဂအဖွဲ့များ ဆောင်ရွက်ခဲ့မှုများအပေါ် သုံးသပ်၍ ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေး လူသားချင်းစာနာမှုလုပ်ငန်း(Humanitarian Assistance) နှင့် ဖွံ့ဖြိုးတိုးတက်ရေး (Development Task) များကို သီးခြားစီ မဆောင်ရွက်ဘဲ ပေါင်းစပ်ဆောင်ရွက်သွားနိုင်ရေးအတွက် နည်းလမ်းဖော်ထုတ်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

**(သတင်းစဉ်)**

**○ အာရှဖလားခြေစစ်ပွဲမှ**

မြန်မာ့လက်ရွေးစင်အသင်းသည် မူလက ယင်းရက်တွင် အာဖရိကအသင်းဖြစ်သော အီကွေတိုရီရယ်ဂီနီအသင်းနှင့် ခြေစမ်းပွဲကစားရန် သဘောတူညီမှုရထားသော်လည်း အကြောင်းအမျိုးမျိုးကြောင့် ပျက်ပြယ်သွားသောကြောင့် အင်ဒိုနီးရှားလက်ရွေးစင်အသင်းနှင့် ကစားရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်နှင့် အင်ဒိုနီးရှားဘောလုံးအဖွဲ့ချုပ်သည် ယခုခြေစမ်းပွဲအတွက် ပြီးခဲ့သည့် ရက်ပိုင်းက သဘောတူညီမှုရခဲ့ပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က မတ် ၁၃ ရက်တွင် တရားဝင်သတင်းထုတ်ပြန်ခဲ့သည်။ မြန်မာ့လက်ရွေးစင်အသင်းနှင့် အင်ဒိုနီးရှားလက်ရွေးစင်အသင်းတို့သည် ၂၀၁၆ ဆူဇူကီးဖလားပြိုင်ပွဲ မတိုင်မီက ရန်ကုန်မြို့တွင် ခြေစမ်းကစားခဲ့ပြီး ဂိုးမရှိသရေကျခဲ့သည်။ အင်ဒိုနီးရှား လက်ရွေးစင်အသင်းသည် ဖီဖာ၏ နိုင်ငံတကာပြိုင်ပွဲဝင်ခွင့်ပိတ်ပင်မှုကြောင့် တစ်နှစ်ကျော်ကြာ ယှဉ်ပြိုင်ခွင့်မရဘဲ ဆူဇူကီးဖလားပြိုင်ပွဲမှ ပထမဆုံး ယှဉ်ပြိုင်ခဲ့ရသော်လည်း ဗိုလ်လုပွဲအထိ တက်ရောက်အောင် စွမ်းဆောင်နိုင်ခဲ့သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် အာရှဖလား ခြေစစ်ပွဲ ယှဉ်ပြိုင်ရန် ပဏာမကစားသမား ၂၆ ဦး ရွေးချယ်ထားပြီး ယနေ့စတင်လေ့ကျင့်မည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းအား ပြန်လည်ဖွဲ့စည်းရာတွင် ခြေစွမ်းပြ၊ လက်စွမ်းပြနေသည့် ကစားသမားအချို့ ပါဝင်လာခြင်းမရှိသော်လည်း ယခင်ကထက် အမှန်တကယ် ခြေစွမ်းပြနေသည့် ကစားသမားများ ပါဝင်လာသည်။ ရတနာပုံ၊ မကွေးနှင့် ဟံသာဝတီအသင်းတို့မှ ကစားသမားများမှာ ကလပ်ပွဲများရှိနေသောကြောင့် လက်ရွေးစင်အသင်းနှင့် နောက်ကျမှပူးပေါင်းနိုင်မည်ဖြစ်သည်။ အာရှဖလား ခြေစစ်ပွဲ ပထမပွဲအဖြစ် မြန်မာအသင်းနှင့် အိန္ဒိယအသင်းသည် မတ် ၂၈ ရက်တွင် ရန်ကုန်မြို့၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**



# ရန်ကုန်မြို့တော်စည်ပင် မူကြိုကျောင်းအတွက် ငွေကျပ်သိန်း ၃၀၀ ကျော် လှူဒါန်း

**ရန်ကုန် မတ် ၁၃**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းမိသားစုများ၏ သားသမီးများ အနာဂတ်ကာလ၌ ဘဝလုံခြုံမှု အဆင့်မြင့်တင်နိုင်ရေးအတွက် မူကြိုကျောင်းအဆောက်အအုံ ပြင်ဆင်စရိတ်နှင့် နေ့စဉ်အထွေထွေကျွေးမွေးစရိတ် ခြောက်လစာအတွက် ကုန်ကျငွေကျပ်သိန်းပေါင်း ၃၀၀ ကျော်ကို ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်းကိုယ်စား အဖွဲ့ဝင် ဦးအောင်ကျော်စိုးနှင့်တာဝန်ရှိသူများသည် ယနေ့နံနက် ၁၁ နာရီခွဲတွင် ရန်ကုန်မြို့တော်ခန်းမသို့လာရောက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးသန်းနှင့် မူကြိုကျောင်းဖြစ်မြောက်ရေးကော်မတီအဖွဲ့ဥက္ကဋ္ဌ ဒေါ်သန်းမြင့်အောင်တို့ထံ ပေးအပ်လှူဒါန်းခဲ့ကြသည်။

အဆိုပါ မူကြိုကျောင်းဖြစ်မြောက်ရေးနှင့်ပတ်သက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် အမြဲတမ်းဝန်ထမ်းနှင့် ပုံသေ၊ နေ့စားဝန်ထမ်းများအပါအဝင် ဝန်ထမ်းစုစုပေါင်း ၁၇၀၀၀ ကျော်ရှိရာ ယင်းတို့မိသားစုများ၏ ကျောင်းပညာရေးသာမက ကျန်းမာရေး၊ လူမှုရေးနှင့် အမူအရာယဉ်ကျေးမှု ပညာရပ်များကိုပါ စနစ်တကျသင်ကြားပေးနိုင်သည့် ကျောင်းအဖြစ်ရည်ရွယ်ထားရှိကြောင်း၊ အနာဂတ်ရန်ကုန်မြို့တော်၏ ထူးချွန်ထက်မြက်သော လူငယ်လူရွယ်များအား စနစ်တကျပျိုးထောင်ရန် လိုအပ်လာသည့်အတွက် ယခုလိုရှိပြီးသား မအူကုန်းအားကစားစခန်းရှိ မူကြိုကျောင်းအား အဆင့်မြှင့်တင်ဆောင်ရွက်ခြင်းဖြစ်ကြောင်း အဖွဲ့ဥက္ကဋ္ဌ ဒေါ်သန်းမြင့်အောင်က ပြောကြားသည်။

ထို့ပြင် ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းအဖွဲ့က ငွေကျပ် ၃၀၁၀၁၀၀၀ ကို မူကြိုကျောင်း၏ လိုအပ်သော အထွေထွေကုန်ကျစရိတ်နှင့် နေ့စဉ်အာဟာရကျွေးမွေးစရိတ် ခြောက်လစာအတွက် လှူဒါန်းပေးသည့်အတွက် ကျေးဇူးတင်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

**(စောသိန်းဝင်း)**

# လောက်ကိုင်ဒေသ၌ တပ်မတော်နှင့် MNDAA အဖွဲ့တို့ တိုက်ပွဲ ကြီး/ငယ် ၄၈ ကြိမ်ဖြစ်ပွားခဲ့

**နေပြည်တော် မတ် ၁၃**

ဖုန်ကြားရှင်နှင့် ဖုန်တာရှင် ဦးဆောင်သည့် MNDAA လက်နက်ကိုင်အဖွဲ့သည် ၂၀၁၇ ခုနှစ် ဇန်နဝါရီလဆန်းပိုင်းမှစ၍ ပွိုင့်-၂၁၄၅ ကို လည်းကောင်း၊ မတ် ၆ ရက် နံနက်အစောပိုင်းတွင် လောက်ကိုင်မြို့ပေါ်ရှိ တပ်စခန်းများ၊ ရဲစခန်းများနှင့် အများပြည်သူပိုင် အဆောက်အအုံနေရာများကိုလည်းကောင်း လက်နက်ကြီး/ လက်နက်ငယ်များဖြင့် ပစ်ခတ်ခြင်း၊ မီးရှို့ဖျက်ဆီးခြင်း၊ ဓားပြတိုက်ခြင်း၊ ပြန်ပေးဆွဲ လူသစ်စုဆောင်းခြင်း စသည့်လုပ်ရပ်များ လောက်ကိုင်ဒေသအတွင်း ထပ်မံလုပ်ဆောင်လာခဲ့သဖြင့် တပ်မတော်စစ်ကြောင်းများက ပြန်လည်တိုက်ခိုက် နယ်မြေရှင်းလင်းလျက်ရှိသည်။

MNDAA လက်နက်ကိုင်အဖွဲ့ အင်အား ၃၀၀ ခန့်သည် မတ် ၆ ရက် နံနက် ၁ နာရီ ၄၅ မိနစ်ခန့်မှ နံနက် ၃ နာရီခန့်အတွင်း အင်အားဖြန့်ခွဲ၍ ရန်လုံကျိုင်းရှိ တပ်စခန်းနှင့်ရဲစခန်းများ၊ လောက်ကိုင်မြို့ရှိ ကိုးကန့်ယာဉ်ထိန်းရဲတပ်ဖွဲ့ရုံး၊ ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ အဖွဲ့ဝင် ဦးဝေဆန်း၏ နေအိမ်နှင့် နှစ်နိုင်ငံနယ်စပ်မှတ်တိုင်များအနီး လုံခြုံရေးဆောင်ရွက်နေသည့် တပ်စခန်းများအား တစ်ချိန်တည်း တစ်ပြိုင်တည်း ဝင်ရောက်တိုက်ခိုက်ပြီး အင်အား ၅၀ ခန့်သည် အင်အားသုံး၊ လေးဦးခန့်ပါ အဖွဲ့ငယ်များခွဲ၍ လောက်ကိုင်မြို့အတွင်းရှိ ဖူလီလိုက်ဟိုတယ်၊ ကျင်ဖုဟိုတယ်နှင့် ကျင်ကျန်းဟိုတယ်တို့အား ဝင်ရောက်မီးရှို့ဖျက်ဆီးခြင်း၊ အပြစ်မဲ့ ပြည်သူများအား ပြန်ပေးဆွဲခြင်းနှင့် ဓားပြတိုက်ခြင်းတို့ကို လုပ်ဆောင်ခဲ့ပြီး ပယ်စိမ်းဟိုတယ်ရှေ့ရှိ အများပြည်သူပိုင် မော်တော်ယာဉ် အစီး၂၀ ခန့်အား မီးရှို့ဖျက်ဆီးခဲ့သည်။

ဖူလီလိုက်ဟိုတယ် ဖြစ်စဉ်တွင် MNDAA လက်နက်ကိုင်အဖွဲ့ အင်အား ၄၅ ဦးခန့်က နံနက် ၃ နာရီခန့်တွင် ဟိုတယ်ဂိတ်ပေါက်ရှိ လုံခြုံရေးခန်း၌ ချိတ်ဆွဲထားသည့် မော်တော်ယာဉ်သော့များအား သိမ်းဆည်းကာ ဟိုတယ်မှ ယွမ်ငွေ သိန်း ၃၀၀၀ ခန့်အား ဓားပြတိုက်ယူဆောင်၍ ဟိုတယ်ရှေ့တွင် ရပ်ထားသည့် မော်တော်ယာဉ်များဖြင့် ဝန်ထမ်းအမျိုးသား ၁၂၀၊ အမျိုးသမီး ၂၀၀ စုစုပေါင်း ဟိုတယ်ဝန်ထမ်း ၃၂၀ ခန့်တို့ကို ပြန်ပေးဆွဲ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း။

ထိုသို့ပြန်ပေးဆွဲဖမ်းဆီးခေါ်ဆောင်စဉ် လိုက်ပါရန် ငြင်းဆန်ခဲ့သည့် ဝန်ထမ်းတစ်ဦးအား သေနတ်ဖြင့်ပစ်သတ်ခဲ့ပြီး အမျိုးသမီးဝန်ထမ်းတစ်ဦးကိုလည်း အဓမ္မပြုကျင့်ခဲ့ကြောင်း၊ ထို့နောက် တောလမ်းမှတစ်ဆင့် ဖမ်းဆီးခေါ်ဆောင်ခဲ့ရာ တောင်ကုန်းတစ်ခု၌ ခေတ္တရပ်နားစဉ် တစ်ဖက်နိုင်ငံသား အမျိုးသမီးများမှအပ ကျန်အမျိုးသမီး ၅၀ တို့ကို ၎င်းတို့အဖွဲ့အတွင်း တာဝန်ထမ်းဆောင်ရန် ရွေးချယ်ခဲ့ကြောင်း၊ ဖမ်းဆီးခံရသည့် ဝန်ထမ်းအမျိုးသား ၁၂၀ အနက် တစ်ဖက်နိုင်ငံသား ၁၀ ဦးကို ပြန်လည်လွှတ်ပေးခဲ့ပြီး ကျန် ၁၁၀ နှင့် အမျိုးသမီး ၁၅၀ ခန့်တို့ကို နန့်စန်မြို့သို့ မော်တော်ယာဉ်များဖြင့် ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း၊ အခြားဆက်စပ်သတင်းများအရ ဖမ်းဆီးသွားသူများအား MNDAA လက်နက်ကိုင်အဖွဲ့ လှုပ်ရှားနေသည့် ကုန်းကြမ်းမြို့နယ် ဟုန်အိုင်ဒေသသို့ နန့်စန်မြို့မှ တစ်ဆင့်ပို့ဆောင်၍ သင်တန်းများ တက်ရောက်စေမည်ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ MNDAA လက်နက်ကိုင်အဖွဲ့၏ လောက်ကိုင်ဒေသအတွင်း လုပ်ရပ်များကြောင့် အများပြည်သူပိုင် အဆောက်အအုံများ ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ပြီး အရပ်သားတိုင်းရင်းသားပြည်သူအများအပြား ထိခိုက်ဒဏ်ရာရရှိခဲ့ကာ အရပ်သား တိုင်းရင်းသား ပြည်သူ ၃၂၀ ပြန်ပေးဆွဲ လူသစ်စုဆောင်းခံခဲ့ရကြောင်း၊ အရပ်သား တိုင်းရင်းသားပြည်သူ ငါးဦးနှင့် ကိုးကန့်ယာဉ်ထိန်းရဲ ငါးဦး သေဆုံးခဲ့ရပြီး ကိုးကန့်ယာဉ်ထိန်းရဲ လေးဦး ဓားစာခံအဖြစ် ဖမ်းဆီးခေါ်ဆောင်ခြင်းခံခဲ့ရကြောင်း သိရှိရသည်။

မတ် ၆ ရက်မှ ၁၂ ရက်အထိ တပ်မတော်စစ်ကြောင်းများက လောက်ကိုင်ဒေသ တည်ငြိမ်အေးချမ်းရေးအတွက် စဉ်ဆက်မပြတ် နယ်မြေရှင်းလင်းဆောင်ရွက်ခဲ့ရာ MNDAA လက်နက်ကိုင်အဖွဲ့နှင့် ထိတွေ့တိုက်ပွဲ ကြီး/ငယ် စုစုပေါင်း (၄၈) ကြိမ် ဖြစ်ပွားခဲ့ပြီး မိမိဘက်မှ အရာရှိ၊ စစ်သည်အချို့ နိုင်ငံတော်အတွက် အသက်စွန့်လွှတ်ခဲ့ရကာ အချို့ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ယနေ့အထိ နှစ်နိုင်ငံနယ်စပ်အနီး ပွိုင့်-၁၀၈၈၊ ပွိုင့်-၁၂၆၉၊ ဘီပီ ၁၂၆ နှင့် ဘီပီ ၁၂၇ အနီးတစ်ဝိုက် MNDAA လက်နက်ကိုင်အဖွဲ့များအနေဖြင့် နှစ်နိုင်ငံနယ်စပ် နီးကပ်မှုတစ်လျှောက် တောင်ကုန်းတောင်ကြောနှင့် မြေအနေအထား အသာစီးရမှု အခွင့်ကောင်းရယူ၍ နယ်မြေရှင်းလင်းလျက်ရှိသည့် တပ်မတော်စစ်ကြောင်းများအား ရင်ဆိုင်ခုခံလျက်ရှိရာ တပ်မတော်စစ်ကြောင်းများကလည်း နယ်မြေအမြန်ဆုံး အေးချမ်းတည်ငြိမ်နိုင်ရေး ရှင်းလင်းလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





## ဇလုံတောင် ဘုရားဖူးလာရောက်ကြသူများအား အသိပေးနှိုးဆော်

**ဗန်းမောက် မတ် ၁၃**
စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ်အတွင်းရှိ တန်ခိုးကြီးဘုရားဖြစ်သော ဇလုံတောင် စေတီတော်မြတ်ကြီးသို့ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အနယ်နယ်အရပ်ရပ်မှလာရောက်ကြမည့် ဘုရားဖူးဧည့်သည်များအား ယခုရက်ပိုင်းအတွင်း မိုးများ အဆက်မပြတ်ရွာသွန်းနေသောကြောင့် နေထိုင်ရေး၊ စားသောက်ရေးနှင့် ခရီးရက်မရှည်စေရန်အတွက် ခရီးစဉ်များကို ပြန်လည်နောက်ဆုတ်စောင့်ဆိုင်းကာ ရာသီဥတုသာယာကောင်းမွန်မှသာ လာရောက်ကြရန် အသိပေးနှိုးဆော်ထားသည်။

ဘုရားသို့တက်ရာလမ်းမှာ တောင်တက်မတ်စောက်သည့် မြေသားလမ်းဖြစ်နေသည့်အတွက် ဘုရားဖူးများ၏ ဘေးအန္တရာယ်ကင်းဝေးစေရေးအတွက် အသိပေးနှိုးဆော်ခြင်းဖြစ်ကြောင်း သိရသည်။ **(၆၈၅)**

## ဟားခါးမြို့ တော်လုန်ရေးရေကန်၌ ရေမြောင်းများတူးဖော်ဆောင်ရွက်နေမှု ပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

**ဟားခါး မတ် ၁၃**
ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်သည် ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးရွှေထီးအိုး၊ အစိုးရအဖွဲ့အတွင်းရေးမှူး ဦးပြုံးချိုတို့နှင့် အတူ မတ် ၁၂ ရက် ညနေ ၄ နာရီက ၂၀၁၅ ခုနှစ် ဇူလိုင်၊ ဩဂုတ်လများအတွင်း မိုးသည်းထန်စွာရွာသွန်းခဲ့မှုများကြောင့် ရှန်းတောင်ပြိုကျခဲ့ရာမှ ပျက်စီးခဲ့သည့် ဟားခါးမြို့ တော်လုန်ရေးရေကန်၌ ရေမြောင်းများ ပြန်လည်တူးဖော်ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းသို့ ကြည့်ရှုစစ်ဆေးရာ၌ ဟားခါးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဦးနှင့် တာဝန်ရှိသူများက ရှင်းလင်းခဲ့ကြရာ ပြည်နယ်ဝန်ကြီးချုပ်က မိုးရာသီကာလ မရောက်မီ ပြန်လည်တူးဖော်တည်ဆောက်နိုင်ရေး၊ လုပ်ငန်းခွင်အတွင်း လူနှင့်စက်ယန္တရားများ ထိခိုက်ပျက်စီးမှုမရှိစေရေးတို့ကို လမ်းညွှန်မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ၂၀၁၅ ခုနှစ်အတွင်း သဘာဝဘေးကြောင့် ထိခိုက်ပျက်စီးမှုအများဆုံးဖြစ်သော မြို့ဟောင်းရပ်ကွက်နှင့် ဟားခါးမြို့ မတူပီလမ်းဈေးသစ်ရပ်ကွက်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ အချိန်မီဆောင်ရွက်ရေးတာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**



## ထန်းတပင်မြို့နယ် ပြည်သူ့ဆေးရုံကြီးအတွက် ဆေးရုံသုံးပစ္စည်းများလှူဒါန်း



**ရန်ကုန် မတ် ၁၃**
ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် မြို့နယ်ကုသရေးဦးစီးဌာနပြည်သူ့ဆေးရုံကြီးအတွက် သွေးလှူဘဏ်သုံးရေခဲသေတ္တာ၊ DIA THE RMY ၆၂ သိန်းတန် စက်နှစ်မျိုးနှင့် အလှူငွေကျပ် ၅၀၀၀၀ ကို လှိုင်မြို့နယ်မှ ဦးအောင်မြင့် မိသားစုနှင့် ထန်းတပင်မြို့နယ်နေ ဒေါ်သန်းသန်းနုမိသားစုတို့က မြို့နယ်ဆရာဝန်ကြီး ဒေါက်တာလမင်းထံသို့ မတ် ၁၂ ရက် နံနက်ပိုင်းက ပေးအပ်လှူဒါန်းရာ မြို့နယ်ဆရာဝန်ကြီးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**မျိုးသန့်**(IPRD)

## ကိုယ့်အားကိုယ်ကိုး မေတ္တာပေါင်းကူးတံတားဖွင့်

**ပဲခူး မတ် ၁၃**
ပဲခူးမြို့ ကျွန်းသာယာရပ်ကွက်အတွင်း ပျက်စီးယိုယွင်းနေသော နီလာလမ်းသွယ်မှ ဘိုတဲကုန်းဘက်သို့ကူးသည့် မေတ္တာပေါင်းကူးတံတားအား ကိုယ့်အားကိုယ်ကိုးဖြင့် ရပ်ကွက်သူ ရပ်ကွက်သားအလှူရှင်များ ပေါင်းစုကာ ဖောင်တော်ဦး ကျောင်းသစ်ဆရာတော်၊ မင်္ဂလာဇေယျကျောင်း ဆရာတော်၊ အောင်ရတနာကျောင်း ဆရာတော်သုံးပါးတို့က ဦးစီးနာယကပြု၍ တံတားဖြစ်မြောက်ရေးကော်မတီအဖွဲ့နှင့် ရပ်မိရပ်ဖများက မင်္ဂလာအချိန်၌ ပန္နက်တော်ရိုက်ပြီး အလျား ပေ ၂၀၊ အကျယ် ၁၃ ပေ ရှိသော မေတ္တာပေါင်းကူးတံတားကို သံပေါင်ကွန်ကရစ်များဖြင့် တည်ဆောက်ခဲ့သည်။

အဆိုပါတံတားသည် စုစုပေါင်း ကုန်ကျငွေကျပ် ၁၁၈ ဒသမ ၄၉၅၀၀ ဖြင့် တည်ဆောက်ခဲ့ရာ အောင်မြင်စွာပြီးစီးခဲ့သဖြင့် မတ် ၁၂ ရက် နံနက် ၆ နာရီခွဲတွင် ရပ်မိရပ်ဖများ၊ ကျွန်းသာယာရပ်ကွက် အုပ်ချုပ်ရေးမှူး၊ တံတားဖြစ်မြောက်ရေး ကော်မတီအဖွဲ့၊ ရပ်ကွက်သူ ရပ်ကွက်သားများ တက်ရောက်ကြပြီး ဆရာတော်ကြီးသုံးပါးက မေတ္တာပေါင်းကူးတံတားအား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

## သကြ်ႇန်ကာလမှုခင်းဖြစ်ပွားမှု လျော့နည်းကျဆင်းရေး ဆောင်ရွက်

**နေပြည်တော် မတ် ၁၃**
နေပြည်တော် ဥတ္တရခရိုင် ဇေယျာသီရိမြို့နယ် ရွှေတွင်းကုန်းမြို့မရဲစခန်း နယ်မြေအတွင်း၌ ၂၀၁၇ ခုနှစ် သင်္ကြန်ကာလအတွင်း မှုခင်းဖြစ်ပွားမှု လျော့နည်းကျဆင်းရေးနှင့် သက်ငယ်မုဒိမ်းမှုများဖြစ်ပွားမှုမရှိစေရေးအတွက် မတ် ၁၂ ရက် နံနက်ပိုင်းက ဇေယျာသီရိမြို့နယ် နန်းသြကျေးရွာအုပ်စု ပုပ္ပားကုန်းကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ မှုခင်းကျဆင်းရေးပညာပေးဟောပြောမှုများ ဆောင်ရွက်ခဲ့ရာ နန်းသြကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးဝင်းမျိုးနှင့် အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ စုစုပေါင်း ၃၈ ဦးခန့် တက်ရောက်ခဲ့သည်။

ထိုသို့ မှုခင်းကျဆင်းရေး ပညာပေးဟောပြောမှုများ စဉ်ဆက်မပြတ်ဆောင်ရွက်နေမှုများကြောင့် သက်ငယ်မုဒိမ်းမှုများ လုံးဝဖြစ်ပွားခြင်းမရှိကြောင်းနှင့် အမှုကြီးဖြစ်ပွားမှုနှင့် အခြားမှုဖြစ်ပွားမှုများ လျော့နည်းကျဆင်းခဲ့ကြောင်း သိရသည်။ **(မေသုခ)**

**တိုက်တာဆင့်ဆင့် မိုးထိမြင့်လည်း ပန်းနှင့် သစ်ပင် မတွေ့မြင်က ဝန်းကျင်ခြောက်ခန်း စိတ်ပင်ပန်း၏**

## Mekong Challenge 2017 ပြိုင်ပွဲ မြန်မာနိုင်ငံ ရွှေတံဆိပ်ဆုဆွတ်ခူး

**ရန်ကုန် မတ် ၁၃**
Mckinsey & Company က ကြီးမှူး၍ မြန်မာနိုင်ငံကုန်သည်/စက်မှုအသင်းချုပ် (UMFCCI) နှင့် ရန်ကုန်တက္ကသိုလ်တို့ပူးပေါင်းကာ Mekong Challenge 2017 ကို မတ် ၁၁ ရက်မှစတင်၍ ရန်ကုန်မြို့ Melia Hotel ၌ကျင်းပခဲ့ရာ မြန်မာနိုင်ငံက ရွှေတံဆိပ်ဆုရရှိခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံသည် Mekong Challenge ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်မှာ ခြောက်ကြိမ်ရှိပြီဖြစ်ပြီး ယခုနှစ်တွင် အိမ်ရှင်နိုင်ငံအနေဖြင့် ပြိုင်ပွဲကို ဒုတိယအကြိမ် လက်ခံကျင်းပခြင်းဖြစ်ကာ ပထမအကြိမ်ပြိုင်ပွဲကို ၂၀၁၃ ခုနှစ်က ကျင်းပခဲ့သည်။ ပြိုင်ပွဲတွင် မဲခေါင်ဒေသနိုင်ငံများဖြစ်သော မြန်မာ၊ လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်နှင့် ဘူတန်နိုင်ငံ စုစုပေါင်း ငါးနိုင်ငံတို့မှ အသင်းပေါင်း ၁၁ သင်း ပါဝင်ယှဉ်ပြိုင်ခဲ့သည်။ မြန်မာနိုင်ငံမှ ပါဝင်ယှဉ်ပြိုင်ခွင့်ရသူများမှာ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်တွင် မြန်မာနိုင်ငံကုန်သည်/စက်မှုအသင်းချုပ်နှင့် CIESF ဂျပန်နိုင်ငံတို့ပူးပေါင်း၍ ကျင်းပခဲ့သော Myanmar Business Model Contest 2016 ပြိုင်ပွဲ၌ ဆုရရှိခဲ့သော ပြိုင်ပွဲဝင်အသင်း နှစ်သင်းဖြစ်ပြီး ကျန်နှစ်သင်းမှာ စီးပွားရေးတက္ကသိုလ်နှင့် စက်မှုတက္ကသိုလ်တို့မှ ကျောင်းသားများဖြစ်သည်။ ပြိုင်ပွဲဝင်အသင်းများသည် တစ်သင်းချင်းစီ၏ တီထွင်ကြံဆမှုများ၊ ဖန်တီးမှုများကို အသင်းလိုက် တက်ကြွစွာပူးပေါင်း၍ တင်ဆက်ယှဉ်ပြိုင်ခဲ့ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံမှ ဝင်ရောက်ယှဉ်ပြိုင်သည့် "Gulpzilla" အဖွဲ့က Gold Medal of the Mekong Challenge 2017 ကို ဆွတ်ခူးရရှိခဲ့ပြီး "M-Scienc" အဖွဲ့က KBZ Disruptor Award(5K) ကို ရရှိခဲ့ကြသည်။ ဘူလ်တန်နိုင်ငံ Royal Thimphu College မှ ဝင်ရောက်ယှဉ်ပြိုင်သည့် "Gladden Gull" အဖွဲ့က Silver Medal ရရှိခဲ့ပြီး လာအိုနိုင်ငံ National University of Laos, Lao-American College and University of Heath Sciences, Vientiane မှ ဝင်ရောက်ယှဉ်ပြိုင်သည့် "Herb Powder" အဖွဲ့က Bronze Medal ကို ရရှိခဲ့ကြသည်။ ပထမဆုရရှိသောအသင်းအနေဖြင့် အမေရိကန်နိုင်ငံတွင် ကျင်းပမည့် International Business Competition ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်ကြောင်း ကုန်သည်/စက်မှုအသင်းချုပ်မှ သိရသည်။

**(ကြေးမုံ)**



## ပြည်တွင်းရေးရာ

# ကျေးလက်နေပြည်သူများကို များစွာအထောက်အကူပြုမည့် စစ်တွေမြို့ ဆတ်ရိုးကျချောင်းတံတား

သတင်းဆောင်းပါး - ကံထွန်း
ဓာတ်ပုံ - တင်ထွန်း(ပြန်/ဆက်)



စစ်တွေမြို့ ဆတ်ရိုးကျချောင်းကူးတံတားကို ၂၀၁၆ ခုနှစ် နိုဝင်ဘာလမှစတင်ကာ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဘဏ္ဍာရန်ပုံငွေဖြင့် တံတားတည်ဆောက်ရေးအထူးအဖွဲ့(၈)က တာဝန်ယူတည်ဆောက်နေခြင်းဖြစ်ကြောင်း သိရသည်။

ဆတ်ရိုးကျတံတားသည် စစ်တွေမြို့လမ်းမတော်မြောက်ရပ်ကွက်နှင့် ဆတ်ရိုးကျရပ်ကွက်တို့ကို ဆက်သွယ်တည်ဆောက်နေသော တံတားတစ်စင်းဖြစ်သည်။ ယခုတံတား၏ ခန့်မှန်းခြေတန်ဖိုးမှာ ကျပ်သန်း ၆၃၀၀ ဖြစ်ကြောင်း၊ လက်ရှိပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၆-၂၀၁၇ ခုနှစ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေ ကျပ်သန်း ၂၀၀၀ ဖြင့် လုပ်ငန်းစတင်ဆောင်ရွက်နေကြောင်း၊ ယခုနှစ် မိုးရာသီမရောက်မီ တံတားအောက်ခြေဖောင်ဒေးရှင်းပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တံတားအောင်မြင်စွာပြီးစီးပြီး အသုံးပြုနိုင်မည့်ခန့်မှန်းရက်မှာ ၂၀၁၉ ခုနှစ် မတ်လကုန်တွင် အသုံးပြုနိုင်မည်ဟု ခန့်မှန်းထားပါကြောင်း၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် ပြည်ထောင်စုဝန်ကြီးများသည် ဖေဖော်ဝါရီ ၂၈ ရက် ချင်းပြည်နယ်ခရီးစဉ်မှ အပြန်တွင် ကြည့်ရှုစစ်ဆေးပြီး လမ်းညွှန်မှုများပေးခဲ့ကြောင်း၊ ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်ပြီး တံတားကို ဆောလျင်စွာပြီးစီးနိုင်အောင် ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း တံတားအထူးအဖွဲ့(၈)မှ စီမံကိန်းတာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) ဦးသိန်းနိုင်က ပြောသည်။ ဆက်လက်၍ ဦးသိန်းနိုင်က လက်ရှိတွင် တံတားတစ်စင်းလုံး၏ ၂၅ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ပြီး ရန်ပုံငွေအရ ၆၅ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း ပြောသည်။

မျှော်လင့်ထားသည်များ ပြည့်လာပြီလို့ ခံစားရပါကြောင်း၊ ကျောင်းတက်ရသည့်နေ့များတွင် ကျောင်းသားမိဘတစ်ဦးအနေဖြင့် စိတ်မအေးဖြစ်ရပါကြောင်း၊ ကျောင်းသား ကျောင်းသူလေးများက ဆတ်ရိုးကျချောင်းကို လှေသမ္ဗာန်လေးများဖြင့် ကူးတို့စီးပြီး စစ်တွေမြို့ပေါ်ရှိ အထက်တန်းကျောင်းများသို့ သွားရောက်ကျောင်းတက်ရပါကြောင်း၊ မိုးရာသီဆိုလျှင် ကလေးများအတွက် ကျောင်းတက်ရသည်မှာ များစွာအခက်အခဲရှိပါကြောင်း၊ ယခုတည်ဆောက်နေသည့် ဆတ်ရိုးကျတံတား ပြီးစီးသွားပါက ကျောင်းသား ကျောင်းသူများအပြင် မြို့ပေါ်သွားရောက်ပြီး အလုပ်လုပ်ကိုင်နေကြသူများအတွက် များစွာအကျိုးရှိပါကြောင်း ကျေးတောကျေးရွာမှ စစ်တွေမြို့တွင် လာရောက်အလုပ်လုပ်ကိုင်နေသူ ကိုမောင်အေးသိန်းက ပြောသည်။

ဆတ်ရိုးကျတံတားသည် (ဒေသအခေါ် ကယ်ဆယ်ရေးတံတား) ဆတ်ရိုးကျကယ်ဆယ်ရေးစခန်းနှင့် စစ်တွေမြို့ရွာကြီးမြောက်ရပ်ကွက်ကို ဆက်သွယ်တည်ဆောက်ထားသည့်တံတားဖြစ်ကြောင်း၊ ယင်းကိုအသုံးပြုပြီး ဖြတ်သန်းသွားလာနေကြပါကြောင်း၊ ရုံးတက်၊ ရုံးဆင်းချိန်နှင့် အလုပ်ဆင်း၊ အလုပ်သိမ်းချိန်များတွင် လမ်းက ကျဉ်းတော့ကား၊ ဆိုင်ကယ်နှင့် စက်ဘီးများ အသွားအလာများခြင်းကြောင့် အန္တရာယ်ရှိပါကြောင်း၊ ယခုတည်ဆောက်နေသည့် တံတားပြီးစီးသွားပါက စစ်တွေမြို့ကို အလုပ်သွားရောက်လုပ်ကိုင်သူများအတွက် ခရီးတိုပြီး အချိန်သက်သာသည့်အပြင် အန္တရာယ်ကင်းရှင်းစွာသွားလာနိုင်မည်ဖြစ်ကြောင်း စစ်တွေမြို့မှ ဆတ်ရိုးကျရပ်ကွက်နှင့် ကျေးရွာများသို့ သုံးဘီးဆိုင်ကယ်အငှားပြေးဆွဲနေသည့် ကိုအောင်ထွေးက ပြောသည်။

အဆိုပါဆတ်ရိုးကျတံတား၏ အရှည်မှာ ပေ ၁၃၄၀ ( ၄၀၈ ဒသမ ၄၁၂ မီတာ)ဖြစ်ပြီး ယာဉ်သွားလမ်းအကျယ် ၂၄ ပေနှင့် လူသွားလမ်းအကျယ် တစ်ဖက်လျှင် ၃ ဒသမ ၅ ပေစီပါဝင်ကာ တံတားအောက်ထည် သံကူကွန်ကရစ်၊ တံတားအပေါ်ထည် သံမဏိသံပေါင်အမျိုးအစားဖြစ်သည်။ တံတား၏ခံနိုင်ဝန်မှာ HS 25 - 44(ယာဉ်တစ်စီးချင်း-၇၅ တန်)ဖြစ်ပြီး ရေလမ်းကင်းလွတ်အကျယ် ၂၁၅ ပေ(၆၅ ဒသမ ၅၃ မီတာ)နှင့် ရေလမ်းကင်းလွတ်အမြင့် ထူးကဲရေမျက်နှာပြင်အထက် ၃၆ ပေ (၁၁ မီတာ)၊ ပုံမှန်ရေမျက်နှာပြင်အထက် ၃၉ ပေ ၄ လက်မ (၁၂ မီတာ)ဖြစ်ကြောင်း သိရသည်။

ဆတ်ရိုးကျတံတားတည်ဆောက်ပြီးစီးပါက စစ်တွေမြို့ကိုအမှီပြုပြီး သွားလာလုပ်ကိုင်နေကြသည့် ရွှေမင်းဂံကျေးရွာ၊ မင်းဂံရွာ၊ ကျေးတောရွာမ၊ ကျေးတောပိုက်ဆိပ်၊ ရွှေပြည်သာကျေးရွာ၊ ဗျိုင်းဖြူရွာ၊ မြင်းကန်းတောရွာသစ်၊ မြင်းကန်းတောရွာဟောင်း၊ သုံးဆောင်ရွာအပြင် ရွှေမင်းဂံချောင်းတစ်ဖက်ကမ်းမှ ကျေးရွာပေါင်းမြောက်မြားစွာ ဆက်သွယ်သွားလာရေး အဆင်ပြေသွားမည်ဖြစ်ကြောင်း သိရသည်။ ထို့အပြင် ရွှေမင်းဂံဆိပ်ကမ်းတံတားတွင် ဆိုက်ကပ်လာသည့် ရန်ကုန်နှင့် ပြည်မမှ ကုန်တင်သင်္ဘောများ၏ ကုန်ပစ္စည်းများကိုလည်း မြို့တွင်းသို့သယ်ယူရာ၌ ၎င်းတံတားကို အသုံးပြုသွားလာနိုင်မည်ဖြစ်၍ ကုန်စည်စီးဆင်းမှုမြန်ဆန်လာကာ ကျေးလက်နေပြည်သူများအတွက် အထောက်အကူပြုမည့်အပြင် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။ ။



# ကိုဖုန်းမော်၊ ကိုစိုးနိုင် ကျဆုံးခြင်း (၂၉)နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားကျင်းပ

**ရန်ကုန် မတ် ၁၃**

ကိုဖုန်းမော်၊ ကိုစိုးနိုင် ကျဆုံးခြင်း (၂၉)နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားကို ယနေ့တွင် ရန်ကုန်နည်းပညာတက္ကသိုလ်စုဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားကို ကျဆုံးခဲ့သော ကျောင်းသား နှစ်ဦးအတွက် ကျောင်းဝင်းအတွင်း ကောင်းမှုကုသိုလ်ပြုလုပ်ရန်၊ ကိုဖုန်းမော်၊ ကိုစိုးနိုင်အပါအဝင် ရှစ်လေးလုံးကာလတွင် ကျဆုံးခဲ့သော ရဟန်းရှင်လူ ပြည်သူအားလုံးအတွက် ဂုဏ်ပြုရန်နှင့် အာဏာရှင်စနစ် ပြန်လည်မပေါ်ထွန်းစေရေး ဒီမိုကရေစီကို ထိန်းသိမ်းကာကွယ်ရန် ရည်ရွယ်၍ ပြုလုပ်ခြင်းဖြစ်ကြောင်း၊ ယင်းအခမ်းအနားသို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံမှ သဝဏ်လွှာ ပေးပို့ခဲ့ကြောင်း သိရသည်။

**HWA၊ ဓာတ်ပုံ- DT**

# ရန်ကုန်တိုင်းဒေသကြီးတွင် အင်အားအသင့်အတင့်ရှိ မြေငလျင်များလှုပ်ခတ်

**နေပြည်တော် မတ် ၁၃**

ကမ္ဘာအေးမြေငလျင်စခန်းမှ အနောက်မြောက်ဘက် ၂၂ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း တိုက်ကြီးမြို့၏ အနောက်-အနောက်တောင်ဘက် ငါးမိုင်ခန့်အကွာကို ဗဟိုပြု၍ ယနေ့ည ၈နာရီ ၄၉မိနစ် ၆ စက္ကန့်က အင်အားရစ်(ချ်)တာစကေး ၅ ဒသမ ၈ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန မြေငလျင်ဌာနခွဲ(နေပြည်တော်)မှ သိရသည်။

"တိုက်ကြီးမြို့နဲ့ ပိုနီးတယ်။ အဲဒီနားမှာ ပြတ်ရွေ့လေးတွေ ရှိနေတယ်။ဘယ်ပြတ်ရွေ့က လှုပ်တယ်ဆိုတာ အတိအကျ ပြောလို့မရသေးဘူး။ နာမည်မရှိတဲ့ ပြတ်ရွေ့လေးတွေရှိတယ်။ အပျက်အစီးကတော့အများကြီးမရှိဘူး။ စေတီတချို့ပြိုကျတယ်။ တိုက်နံရံတွေ အက်တယ်"ဟု မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန မြေငလျင်ဌာနခွဲ(နေပြည်တော်)ဦးစီးအရာရှိ ဦးဇော်မင်းက ပြောသည်။

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် (၁)ရပ်ကွက်မှ ကိုဇော်ဇော်က "သုံးလွှာမှာနေတာ။ မိသားစုထမင်းစားနေရင်း တိုက်က လှုပ်နေတယ်။ အပြင်ထွက်ကြည့်တော့ ဘေးတိုက်ကလူတွေလည်း ငလျင်လှုပ်တယ်ဆိုပြီး လမ်းပေါ် ဆင်းပြေးလာကြတယ်။ ဘယ်သူမှ တော်တော်နဲ့ တိုက်ပေါ်ပြန်မတက်ရဲဘူး။ ထပ်ပြီးလှုပ်မှာကြောက်နေတယ်"ဟု ပြောသည်။

ယနေ့ ည ၁၀ နာရီ ၁၉ မိနစ် ၄ စက္ကန့်တွင်လည်း ကမ္ဘာအေးမြေငလျင်စခန်းမှ အနောက်မြောက်ဘက် ၁၈ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်း တိုက်ကြီးမြို့၏ အရှေ့တောင်ဘက် ခုနစ်မိုင်ခန့်အကွာကို ဗဟိုပြု၍ အင်အားရစ်(ချ်)တာစကေး ၄ ဒသမ ၇ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု ထပ်မံလှုပ်ရှားသွားသည်ဟု မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ကြေညာသည်။ **(မင်းသစ်)**

# အလုပ်သမားကလေးငယ်နှစ်ဦးအား ညှဉ်းပန်းနှိပ်စက်ခဲ့သဖြင့် စတိုးဆိုင်ပိုင်ရှင်ကို သက်ဆိုင်ရာက အရေးယူ

**ရန်ကုန် မတ် ၁၃**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်အတွင်းရှိ စတိုးဆိုင်တစ်ဆိုင်တွင် အလုပ်သမားအဖြစ် လုပ်ကိုင်နေသော ကလေးငယ်နှစ်ဦးအား ဆိုင်ရှင်ဖြစ်သူက ညှဉ်းပန်းနှိပ်စက်ခဲ့သဖြင့် သက်ဆိုင်ရာက ဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

"ဆိုင်အလုပ်သမား ကလေးငယ်နှစ်ဦးကို ဆိုင်ရှင်က မတရားရိုက်နှက်နေတယ်လို့ သတင်းရတဲ့အတွက် သက်ဆိုင်ရာအဖွဲ့အစည်းတွေနဲ့အတူ သွားရောက်စစ်ဆေးခဲ့တယ်။ ကလေးငယ် နှစ်ဦးမှာ ဒဏ်ရာတွေ ရရှိထားတာကို တွေ့ရတယ်။ ကလေးတွေ ကိုယ်တိုင်ကလည်း သံတုတ်၊ ခါးပတ်တွေနဲ့ အရိုက်ခံရတယ်လို့ပြောတဲ့အပြင် ပတ်ဝန်းကျင်ကလည်း ထွက်ဆိုချက်တွေပေးခဲ့တဲ့အတွက် ညှဉ်းပန်းနှိပ်စက်သူဆိုင်ရှင်ကို ဥပဒေအရ အရေးယူထားပါတယ်" ဟု မင်္ဂလာဒုံမြို့မစခန်းမှူး ဒုတိယရဲမှူး မြထွန်းကျော်က ပြောသည်။

မင်္ဂလာဒုံမြို့နယ် အောင်မင်္ဂလာအဝေးပြေးဝင်းမုံရွာလမ်းရှိ ဆွေညီနောင်စတိုးဆိုင်တွင် အလုပ်သမားအဖြစ် လုပ်ကိုင်နေသော ကလေးနှစ်ဦးအား ဆိုင်ပိုင်ရှင်ဖြစ်သူ မဖြူဖြူထွန်း(ခ)ဒေါ်ငယ် (၄၀)နှစ်က ညှဉ်းပန်းနှိပ်စက်နေကြောင်း သတင်းအရ နယ်မြေခံရဲတပ်ဖွဲ့ဝင်များက အမှတ်(၆)လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ရဲတပ်ဖွဲ့ဝင်များ၊ မိတ်ဖက်အဖွဲ့အစည်းများ၊ သက်သေများနှင့်အတူ ယနေ့နံနက် ၃ နာရီခွဲခန့်တွင် သွားရောက်စစ်ဆေးရာ အဆိုပါစတိုးဆိုင်တွင် မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်နေ မထက်ထက်ဇော် (၁၂)နှစ်နှင့် ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်နေ မမေသဇင် (၁၀)နှစ်တို့အား တွေ့ရှိရပြီး ၎င်းတို့၏ ခန္ဓာကိုယ်အနှံ့တွင် ဒဏ်ရာများရရှိထားသည်ကို တွေ့ရှိရသဖြင့် ၎င်းကလေးငယ် နှစ်ဦးအား မေးမြန်းရာ စတိုးဆိုင်ပိုင်ရှင်ဖြစ်သူ မဖြူဖြူထွန်း(ခ)ဒေါ်ငယ်က နှိပ်စက်ခြင်းကြောင့် ရရှိခဲ့သောဒဏ်ရာများဖြစ်ကြောင်း သတင်းထုတ်ပြန်ချက်အရ သိရသည်။

"ဆေးစာနဲ့အတူ ဆေးရုံကိုပို့ပေးတယ်။ ကလေးတွေရဲ့ အသက်အထောက်အထားအမှန်ရဖို့ကိုလည်း ဆရာဝန်ဆီကို တောင်းခံထားပါတယ်။ သူတို့ရဲ့ အုပ်ထိန်းသူတွေကိုလည်း ဆက်သွယ်အကြောင်းကြားထားတယ်။ လက်ရှိမှာတော့ အင်းစိန်ဆေးရုံမှာ ဆေးဝါးကုသမှုခံယူနေပါတယ်" ဟု ဒုတိယရဲမှူး မြထွန်းကျော်က ဆိုသည်။

ကလေးငယ် နှစ်ဦးအနက် မမေသဇင်မှာ လွန်ခဲ့သော တစ်လခန့်ကလည်းကောင်း၊ မထက်ထက်ဇော်မှာ လွန်ခဲ့သော ခုနစ်လခန့်ကလည်းကောင်း အဆိုပါ စတိုးဆိုင်၌ အလုပ်သမားအဖြစ် စတင်လုပ်ကိုင်ခဲ့ကြောင်းသိရသည်။

ကလေးငယ် နှစ်ဦးအား ဒဏ်ရာများရရှိအောင် ညှဉ်းပန်းနှိပ်စက်သူ မဖြူဖြူထွန်း(ခ)ဒေါ်ငယ်အား မင်္ဂလာဒုံမြို့မရဲစခန်း၌ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်းနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်ငြိစွန်းမှု ရှိ/မရှိ အမှတ် (၆) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စုမှ ရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းစစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။


စစ်ဆေးဆောင်ရွက်နေမှုနှင့်ပတ်သက်၍ "လတ်တလော စစ်ဆေးချက်အရတော့ လူကုန်ကူးခံရတဲ့ အချက်အလက်မျိုး မတွေ့ရပါဘူး"ဟု အမှတ်(၆) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(ရန်ကုန်)မှ တာဝန်ရှိသူတစ်ဦးက မြန်မာ့သတင်းစဉ်၏ ဆက်သွယ်မေးမြန်းမှုအပေါ် ပြန်လည်ဖြေကြားသည်။

**ဇော်ကြီး(ပဏ္ဍိတ)၊ ဓာတ်ပုံ-Yangon Police**



**ပြစ်မှုကျူးလွန်သူ မဖြူဖြူထွန်း(ခ)ဒေါ်ငယ်နှင့် သက်သေခံပစ္စည်းများ။**

## ရေပူနှင့်မရမ်းချောင်းအမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၁၃**
တရားမဝင် ကုန်စည်များတားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်း အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မတ် ၁၂ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၇၂၉ စီး၊ သွင်းကုန် ၆၈၇ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၇၁ စီး၊ သွင်းကုန်၂၀၉ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးဆောင်ရွက်လျက်ရှိရာ မတ် ၁၂ ရက်တွင် မရမ်းချောင်း အမြဲတမ်းစစ်ဆေးရေး စခန်းက တားဆီးမှု ခြောက်မှု(ခန့်မှန်းတန်ဖိုး ငွေကျပ် ၈ ဒသမ ၈၅၉ သန်း)ခန့် ဖမ်းဆီးရမိကြောင်း သိရသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး အကောက်ခွန်ဦးစီးဌာနမှူးရုံးက မတ် ၁၀ ရက်နှင့် ၁၁ ရက်အတွင်း တားဆီးမှု ၁၇ မှု(ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၀ ဒသမ ၁၀ သန်း)ခန့် ရှိသည့်အနက် ထူးခြားဖမ်းဆီးမှုအနေဖြင့် မတ် ၁၀ ရက်တွင် မူဆယ်မှ မန္တလေးသို့ ဝင်ရောက်လာသော မှန်လုံယာဉ်အား (၁၆)မိုင် ကျောက်ချောစစ်ဆေးရေးစခန်း တာဝန်ကျအကောက်ခွန်စစ်ဆေးရေးအဖွဲ့က စစ်ဆေးခဲ့ရာ ခရီးသည်ပစ္စည်းများနှင့်အတူ ရောနှောသယ်ဆောင်လာသော တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်း မရှိသည့် SYH အမျိုးအစား Tablet၊ Handset၊ SD Card များ၊ C.O.C အမျိုးအစားဖုန်း၊ ZXET အမျိုးအစား Handset နှင့် မော်တော်ယာဉ် အပိုပစ္စည်းများ စုစုပေါင်း(ခန့်မှန်းတန်ဖိုး ငွေကျပ် ၇ ဒသမ ၅၆ သန်း)ခန့်အား ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ လက်ထောက်ဦးစီးမှူး ဦးမြင့်သိန်းကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က တရားစွဲအရေးယူ

**နေပြည်တော် မတ် ၁၃**
ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ လက်ထောက်ဦးစီးမှူး ဦးမြင့်သိန်းသည် လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် ပုံစံ(၇)ပြုလုပ်ပေးရာတွင် အပိုငွေကြေး တောင်းခံခဲ့ခြင်းအား အရေးယူပေးပါရန် နစ်နာသူက အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ ပေးပို့တိုင်ကြားခဲ့သည်။

တိုင်ကြားစာအရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့ရာ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ လက်ထောက်ဦးစီးမှူး ဦးမြင့်သိန်းသည် လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် ပုံစံ(၇)ထုတ်ပေးနိုင်ရန် လျှောက်ထားရာတွင် ငွေကျပ် ၂၅၅၀၀၀၀ ကို နှစ်ကြိမ်ခွဲ၍ လက်ခံရယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ လက်ထောက်ဦးစီးမှူး ဦးမြင့်သိန်းအပေါ် ၂၀၁၃ ခုနှစ်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၇ အရ တောင်ငူမြို့နယ်တရားရုံး၌ မတ် ၁၃ ရက်က တရားစွဲဆိုအရေးယူထားကြောင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ သတင်းရရှိသည်။

**(သတင်းစဉ်)**

## ပိုလ်တထောင်မြို့နယ် ကုန်သေတ္တာတင်ယာဉ်ဝင်းအတွင်းဖြစ်ပွားခဲ့သော လူသတ်မှုမှ ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရမိ



**ရန်ကုန် မတ် ၁၃**
ပိုလ်တထောင်မြို့နယ် ကမ်းနားလမ်းရှိ ကုန်သေတ္တာတင်ယာဉ်ဝင်းအတွင်း ၁၀ ဘီး ယာဉ်မောင်း သိန်းဇော်(ခ)စုတ်ဖွား အသတ်ခံရမှုနှင့် ပတ်သက်၍ ပြစ်မှုကျူးလွန်သူ အောင်ဇော်မင်းအား မတ် ၁၃ ရက်တွင် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီးနေ ယာဉ်မောင်းဖြစ်သူ ကိုထွန်းထွန်းမင်း(ခ)ကိုမောင်မြင့်သည် မတ် ၁၀ ရက် နံနက် ၇ နာရီခွဲတွင် ပိုလ်တထောင်မြို့နယ် (၁)ရပ်ကွက် ကမ်းနားလမ်းရှိ ကုန်သေတ္တာတင်ယာဉ်ဝင်းအတွင်း၌ရှိနေစဉ် ယင်းယာဉ်ဝင်းအတွင်းရပ်ထားသော ၎င်း၏ ညီဖြစ်သူမောင်းနှင်သည့် 3B/-----Nissan (၁၀)ဘီးယာဉ်အနီး၌ အမျိုးသားတစ်ဦး သေဆုံးနေကြောင်းသိရသဖြင့် သွားရောက်ကြည့်ရှုရာ သေဆုံးသူမှာ ညီဖြစ်သူ သိန်းဇော်(ခ)စုတ်ဖွား (၂၇)နှစ်ဖြစ်ပြီး ယာဉ်မောင်းအတက်၊ အဆင်းပြုလုပ်သည့် တံခါးအနီး ကွန်ကရစ်လမ်းမပေါ်၌ လည်ကုပ်တွင် ဝက်အူလှည့်စိုက်လျက် လဲကျသေဆုံးနေသည်ကို တွေ့ရှိခဲ့သဖြင့် ညီဖြစ်သူအား သေဆုံးအောင်ပြုလုပ်သူကို အရေးယူပေးရန် တိုင်တန်းချက်အရ ပိုလ်တထောင်မြို့မရဲစခန်း၌ အမှုဖွင့် စုံစမ်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သေဆုံးသူတွင် လည်ကုပ်ထိုးသွင်းဒဏ်ရာတစ်ချက်၊ ဝဲလက်ပြင်ထိုးသွင်းဒဏ်ရာနှစ်ချက်၊ ယာပခုံး ထိုးသွင်းဒဏ်ရာတစ်ချက်၊ ဝဲလက်မောင်း ပွန်းခြစ်ဒဏ်ရာတစ်ချက်၊ ဝဲနားထင်ပွန်းခြစ်ဒဏ်ရာတစ်ချက်၊ ရင်ညွန့်ထိုးသွင်း ဒဏ်ရာတစ်ချက်နှင့် ဦးခေါင်းဝဲ/ယာချိုစောင်းပွန်းခြစ်ဒဏ်ရာ နှစ်ချက်တို့ရရှိကာ သေဆုံးနေသည်ကိုတွေ့ရှိရပြီး ယာဉ်နောက်လိုက်ဖြစ်သူ အောင်ဇော်မင်းမှာလည်း ပျောက်ဆုံးနေသည့်အပြင် ၎င်းကိုင်ဆောင်သည့် လက်ကိုင်ဖုန်းမှာလည်း စက်ပိတ်ထားသည်ကို မသင်္ကာဖွယ် စစ်ဆေးသိရှိရသည်။

ယာဉ်နောက်လိုက် အောင်ဇော်မင်းအား ထိန်းသိမ်းစစ်မေးနိုင်ရေးအတွက် စုံစမ်းဆောင်ရွက်ခဲ့ရာ မတ် ၁၃ ရက် ၁၀ နာရီခွဲခန့်တွင် မအူပင်မြို့နယ် ပန်းခွာလေးကျေးရွာရှိ ၎င်း၏မိဘများနေအိမ်မှ ဖမ်းဆီးရမိခဲ့သည်။

အောင်ဇော်မင်းအား စစ်ဆေးရာ ၎င်းသည် လွန်ခဲ့သော နှစ်လခန့်က ရန်ကုန်မြို့သို့ရောက်ရှိလာပြီး ကျောက်တံတားမြို့နယ်ရှိ ညပိုင်းဖွင့်လှစ်သည့် ထမင်းကြော်ဆိုင်၌ စားပွဲထိုးအဖြစ်လုပ်ကိုင်နေစဉ် သေဆုံးသူက ဆိုင်သို့လာရောက်စားသောက်ရာမှ ခင်မင်ရင်းနှီးခဲ့ကြကြောင်း၊ လွန်ခဲ့သောတစ်ပတ်ခန့်မှ စတင်၍ သေဆုံးသူမောင်းနှင်သောယာဉ်တွင် ယာဉ်နောက်လိုက်အဖြစ်လုပ်ကိုင်ခဲ့ရာ အခင်းဖြစ်နေ့က ၎င်းနှင့် သိန်းဇော်(ခ)စုတ်ဖွားတို့ နှစ်ဦးသည် ယာဉ်နောက်ခန်း၌ အရက်အတူသောက်ကြရာမှ စကားများရန်ဖြစ်ခဲ့ကြောင်း၊ ထို့နောက် ယာဉ်ရှေ့ခန်းသို့သွားအိပ်စဉ် သိန်းဇော်(ခ)စုတ်ဖွား ရောက်ရှိလာပြီး လက်သီးဖြင့်ထိုးသဖြင့် အနီးရှိဝက်အူလှည့်ဖြင့် ထိုး၍ ငွေကျပ် တစ်သိန်းခွဲ ထည့်ထားသော လွယ်အိတ်နှင့် SAMSUNG J3 အမျိုးအစား လက်ကိုင်ဖုန်းနှင့် MICR အမျိုးအစား Key Pad လက်ကိုင်ဖုန်း တစ်လုံးတို့ကို ယူဆောင်ကာ ထွက်ပြေးတိမ်းရှောင်ခဲ့ခြင်းဖြစ်ကြောင်း ပေါ်ပေါက်ခဲ့သဖြင့် ပြစ်မှုကျူးလွန်သူ အောင်ဇော်မင်း (၁၉)နှစ်အား ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

## ပြည်ကြီးမဏ္ဍိုင်မြို့ 1020 တောင်ကုန်းအဆင်း ယာဉ်တစ်စီး ချောက်ထဲထိုးကျ

**ပြည်ကြီးမဏ္ဍိုင် မတ် ၁၃**
တနင်္သာရီတိုင်းဒေသကြီး ပြည်ကြီးမဏ္ဍိုင်မြို့နှင့် မိုင်(၃၀)ခန့် ကွာဝေးသော 1020 တောင်ကုန်းအဆင်း မနိုးရုံးကျေးရွာအုပ်စု ရွာသာယာကျေးရွာအနီး၌ မတ် ၁၃ ရက် ည ၁၂ နာရီခွဲတွင် ယာဉ်တစ်စီး ချောက်ထဲထိုးကျသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ မြိတ်မြို့မှ ကော့သောင်းမြို့သို့ ယာဉ်မောင်း ဦးအောင်ခိုင် မောင်းနှင်လာသည့် Nissan ယာဉ် အမျိုးအစား 1N/----(ဖြူ/ပြာရောင်)ကုန်တင်ယာဉ်သည် ငါးပိ၊ ငါးခြောက်များတင်ဆောင်၍ မောင်းနှင်လာစဉ် အရှိန်မထိန်းနိုင်ဘဲ ကားလမ်းယာဘက်ဘေး ပေ ၁၀၀ ကျော်နက်သော ချောက်ထဲသို့ ထိုးကျသွားရာ ယာဉ်မောင်းအောင်ခိုင်၏ ဝဲဘက်ခြေထောက်ဒဏ်ရာနှင့် ယာဉ်နောက်လိုက် ဘိုဘိုမင်းမှာ ဝဲလက်မောင်း နာကျင်ဒဏ်ရာ ရရှိခဲ့ကြောင်း သိရသည်။

ဒဏ်ရာရရှိသူများကို ခလရ(၂၂၄) ဘုတ်ပြင်းတပ်နယ်မှ ဗိုလ်မှူး နေမျိုးကျော်နှင့်တပ်ဖွဲ့ဝင်များ၊ ပြည်ကြီးမဏ္ဍိုင်မြို့ နယ်မြေရဲစခန်းမှ ရဲအုပ်ဇော်မျိုးဦးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ ပြည်ကြီးမဏ္ဍိုင်မြို့နှင့် တနင်္သာရီမြို့တို့မှ နယ်မြေမီးသတ်တပ်ဖွဲ့ဝင်များက ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## လွယ်ခမ်းတောင်ခြေတွင် ဘုရားဖူးယာဉ်တိမ်းမှောက်၍ လူသုံးဦးသေဆုံး

**မိုးညှင်း မတ် ၁၃**
ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့မရဲစခန်း တောင်ဘက်(၁၅)မိုင်ခန့်အကွာ မော်ဟန်ကျေးရွာအနီး လွယ်ခမ်းတောင်ခြေတွင် မတ် ၁၂ ရက် ညနေ ၄ နာရီ မိနစ် ၄၀ ခန့်က ဘုရားဖူးယာဉ် တိမ်းမှောက်၍ လူသုံးဦး သေဆုံးကြောင်း သိရသည်။

ဖြစ်စဉ်မှာ မိုးညှင်းမြို့ဘက်မှ မော်ဟန်ကျေးရွာဘက်သို့ ကိုသန့်ဇင်ထွန်း မောင်းနှင်လာသည့် 5G/---- တရုတ်ဖောကား (အပြာရောင်)ယာဉ်သည် ဘုရားဖူးခရီးသည် ၃၈ ဦးတင်ဆောင်ကာ ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီးအတိုင်း မောင်းနှင်လာရာ မော်ဟန်ကျေးရွာအနီး လွယ်ခမ်းတောင်ခြေ မိုင်တိုင်အမှတ် (၁၇၄/၆-၇) ကြားနေရာအရောက်တွင် အရှိန်မထိန်းနိုင်ဘဲ လမ်းပေါ်၌ တိမ်းမှောက်ခဲ့သဖြင့် ယာဉ်ပေါ်တွင် စီးနင်းလိုက်ပါလာသူ မောင်ပြည့်စုံအောင် အသက်(၁၈)နှစ် ကသာမြို့နယ် နောင်ပိန်းကျေးရွာ၊ ဒေါ်ချောပို အသက်(၆၀) ကသာမြို့နယ် နောင်ပိန်းကျေးရွာ၊ မောင်အောင်ကျော်မင်း အသက်(၂၅)နှစ် ကသာမြို့နယ် ရွာသစ်ကျေးရွာ နေထိုင်သူတို့သည် ဦးခေါင်းထိခိုက်ဒဏ်ရာများ ရရှိသေဆုံးခဲ့ပြီး ယာဉ်မောင်းနှင့် ယာဉ်ပေါ်ပါ ခရီးသည် ဒေါ်နုနုဝင်းတို့မှာ ထိခိုက်ဒဏ်ရာရရှိခြင်းမရှိဘဲ ကျန်ခရီးသည် ၃၃ ဦးတို့မှာ မိုးညှင်းခရိုင် ခုတင် ၁၀၀ ဆံ့ ပြည်သူ့ဆေးရုံတွင် အတွင်းလူနာ(မစိုးရိမ်ရ) များအဖြစ် ဆေးကုသမှု ခံယူလျက်ရှိသည်။



အဆိုပါ ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ကို မဆင်မခြင်မောင်းနှင်သူ ကိုသန့်ဇင်ထွန်း အသက်(၃၁)နှစ် ကသာမြို့နယ် ရွာသစ်ကျေးရွာနေသူအား ဒုရဲမှူး မြင့်မိုး၊ အမှတ်(၁၀၁)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူးတို့က တရားလိုပြုလုပ်၍ မိုးညှင်းမြို့နယ်ရဲစခန်းတွင် အမှုဖွင့် အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**


## နေပြည်တော်-ရန်ကုန် ရထားပေါ်တွင် ခရီးဆောင်အိတ် ခိုးယူထွက်ပြေးသူအား တစ်နာရီအတွင်းဖမ်းဆီးရမိ

**ရန်ကုန် မတ် ၁၃**
နေပြည်တော်မှ ရန်ကုန်သို့ မတ် ၁၀ ရက် ည ၈ နာရီတွင် ထွက်ခွာလာသော အမှတ်(၈) အစုန် ရန်ကုန်-နေပြည်တော် ရထားသည် မတ် ၁၁ ရက် နံနက်ပိုင်းတွင် တိုးကြောင်ကလေးဘူတာသို့ ဆိုက်ရောက်ပြီး ပြန်လည်ထွက်ခွာစဉ် အထက်တန်းတွဲ(၃) ထိုင်ခုံအမှတ် A-1 တွင် စီးလာသူ ဦးမိုးဝဏ္ဏဝင်း၏ ခရီးဆောင်အိတ် ပျောက်ဆုံးသွားကြောင်း ရထားလုံခြုံရေးအဖွဲ့တပ်ခွဲ(၉)တပ်စု(၂)(ပျဉ်းမနား)မှ ရဲဒုတပ်ကြပ်ဇော်မင်းအေးက တိုးကြောင်ကလေးတပ်စုမှူး ဒုရဲအုပ် သန်းအေးထံ ဖုန်းဖြင့်သတင်းပို့ခဲ့ရာ ဘူတာယာဒ်ဝင်းအတွင်းမှုခင်းကျဆင်းရေးတာဝန်ဆောင်ရွက်နေသော ဒုရဲအုပ်သန်းအေးနှင့် ပူးပေါင်းအဖွဲ့သည် အဖွဲ့ခွဲ၍ ဘူတာယာဒ်ဝင်းနှင့် သံလမ်းတစ်လျှောက် လိုက်လံပိတ်ဆို့ရှာဖွေခဲ့ရာ ပစ္စည်းခိုးယူသွားသူ အမျိုးသားတစ်ဦးအား တစ်နာရီအတွင်း ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်တွင် ပစ္စည်းခိုးယူသူ စနေမောင်မောင်(ခ)စနေသား(ခ)နိုဒါဟက် (၂၁)နှစ် ကျွန်းသာယာနယ်မြေ (၅)ရပ်ကွက် ပဲခူးမြို့နေသူထံမှ သက်သေခံပစ္စည်းများဖြစ်သော ခရီးသည် ဦးမိုးဝဏ္ဏဝင်း ပျောက်ဆုံးသွားသည့် ခရီးဆောင်အိတ်၊ ဖုန်းနှစ်လုံး၊ ATM ကတ်သုံးခု၊ အားသွင်းဘက်ထရီတစ်လုံး၊ ငွေကျပ် ၂၈၆၀၀၀ တို့အား ပြန်လည်သိမ်းဆည်းရမိပြီး ပစ္စည်းပိုင်ရှင် ဦးမိုးဝဏ္ဏဝင်းက တရားလိုပြုလုပ်တိုင်တန်းသဖြင့် ပစ္စည်းခိုးယူသူအား သဃ်န်းကျွန်းရထားရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ကြေးမုံ)**

❑



# ကစားသမားဘဝ အဆုံးမသတ်ရရေး တိုက်ပွဲဝင်နေရတဲ့ ကမ္ဘာ့ဖလားသူရဲကောင်း



မေလှဲ့သင်း

လွန်ခဲ့တဲ့ သုံးနှစ်တာကာလ ၂၀၁၄ ကမ္ဘာ့ဖလားရဲ့ သူရဲကောင်းဖြစ်ခဲ့တဲ့ မာရီယိုဂေါ့ဇီဟာ အခုအချိန်မှာတော့ ကစားသမားဘဝအဆုံးမသတ်ရအောင် ရုန်းကန်နေရတဲ့ အနေအထားပါ။ ဂေါ့ဇီရဲ့ လက်ရှိအခြေအနေဟာ လွန်ခဲ့တဲ့ သုံးနှစ်က အခြေအနေနဲ့ လုံးဝခြားနားသွားပြီး ကစားသမားဘဝကတောင် အနားယူရမယ့်ကိန်း ဆိုက်နေတာဖြစ်ပါတယ်။ သူဟာ ရှားပါးကွက်သား ဒဏ်ရာရရှိနေပြီး ဒီဒဏ်ရာကို ကုသနေတာ ကာလအတန်ကြာနေပါပြီ။ ယခုနှစ်ဘောလုံးရာသီအကုန်မှာ အသင်းဟောင်း ဒေါ့မွန်ကို ပြန်လည်ရောက်ရှိလာပေမယ့် ပထမရာသီဝက်မှာ မယုံနိုင်လောက်အောင် ခြေစွမ်းကျဆင်းမှုနဲ့အတူ ဂေါ့ဇီ ကစားသမားဘဝကုန်သွားပြီဆိုတဲ့ ဆက်တိုက်ဝေဖန်မှုတွေကိုလည်း သတင်းစာမျက်နှာတွေမှာ နေ့စဉ်ဆိုသလို မြင်တွေ့နေရပါတယ်။ ဆရာရင်းဖြစ်တဲ့ လက်ရှိ လီဗာပူးနည်းပြ ဂျာဂန်ကလော့ပ်ရှိတဲ့ လီဗာပူးကို ပြောင်းရွှေ့နိုင်တယ်ဆိုတဲ့ ကောလာဟလတွေ၊ အသင်းဟောင်းနဲ့ ပြန်ပူးပေါင်းတဲ့ ကစားသမားတွေကြား ခြေစွမ်းလုံးဝမပေါ်လာတဲ့ ကစားသမားတစ်ဦး စသဖြင့် စသဖြင့် ခန့်မှန်းဖော်ပြချက်တွေကြောင့် ဒီတစ်ပတ်တော့ ဂေါ့ဇီအကြောင်းကို ရွေးချယ်ဖော်ပြလိုက်ပါတယ်။

## ဂေါ့ဇီရဲ့ ဖြစ်တည်ရာ

ပါမောက္ခတစ်ဦးရဲ့ သားဖြစ်သူ မာရီယိုဂေါ့ဇီဟာ အစ်ကိုဖြစ်သူ ဖေဘီယိုနဲ့အတူ ဒေါ့မွန်လူငယ်အကယ်ဒမီကို အသက်(၈)နှစ်အရွယ်မှာ ရောက်ရှိလာသူဖြစ်ပါတယ်။ ၂၀၀၉ ခုနှစ်ကတော့ ဂေါ့ဇီအတွက် တကယ့်ကို ပြောင်းလဲစေတဲ့နှစ်ဖြစ်ပြီး ဒေါ့မွန်နဲ့ ဂျာမနီလူငယ်အသင်းနှစ်ရပ်လုံးအတွက်ပါ အထူးခြေစွမ်းပြနိုင်ခဲ့ပါတယ်။ ၂၀၀၉ ခုနှစ် ယူအီးအက်ဖ်အေယူ-၁၇ ဥရောပချန်ပီယံပြိုင်ပွဲမှာ ဂျာမနီနိုင်ငံအတွက် ဝင်ရောက်ကစားပေးခဲ့သူ ဂေါ့ဇီဟာ အင်္ဂလန်၊ ဟော်လန်နဲ့ အီတလီတို့ကို ရင်ဆိုင်ရာမှာ ခြေစွမ်းပြသနိုင်ခဲ့တဲ့အတွက် အဲဒီပြိုင်ပွဲရဲ့ အကောင်းဆုံးကစားသမားဆုကိုပါ ရရှိခဲ့ပါတယ်။ ဒါကြောင့် အသက်အရွယ်အလိုက် ပြိုင်ပွဲတွေမှာ အကောင်းဆုံးကစားသမားဆု ရရှိခဲ့ဖူးတဲ့ ရွှန်းနီ၊ ဖာဘရီဂတ်စ်နဲ့ တိုနီခရူးစ်တို့ ခြေရာကို အမီလိုက်နိုင်မယ့် နောက်ထပ်ကစားသမားတစ်ဦးအဖြစ် သတ်မှတ်ခံခဲ့ရပါတယ်။ အဲဒီနောက် အကောင်းဆုံးလူငယ်ကစားသမားဆုကို တာစတီဂန်ကို ကျော်ဖြတ်ပြီး ရယူနိုင်ခဲ့တာကြောင့် ဒေါ့မွန်အသင်းနည်းပြဖြစ်တဲ့ ဂျာဂန်ကလော့ပ်ရဲ့ အာရုံကို အမှန်တကယ် ဆွဲဆောင်နိုင်ခဲ့ပါတယ်။ ဒါကြောင့်လည်း ဒေါ့မွန်အသင်းကြီးမှာ ပါဝင်ခွင့်ရရှိခဲ့ပြီး ၂၀၀၉-၂၀၁၀ ဘောလုံးရာသီမှာ ငါးပွဲဝင်ရောက် ကစားခွင့် ရရှိခဲ့တာဖြစ်ပါတယ်။ ဒီလိုနဲ့ ဂေါ့ဇီရဲ့ ကစားသမားဘဝ ပီပီပြင်ပြင် ဖြစ်တည်လာခဲ့တယ်လို့ ဆိုရမှာဖြစ်ပါတယ်။

## ဂျာမနီမက်ဆီ

ဂေါ့ဇီရဲ့ လျင်မြန်မှု၊ ဘောလုံးအထိန်းအသိမ်း၊ ပြိုင်ဘက်နောက်တန်းကို ကျော်ဖြတ်နိုင်တဲ့ စွမ်းရည်၊ ဂိုးသွင်းနိုင်စွမ်းတို့ကြောင့် သူ့ကို “ဂျာမနီမက်ဆီ” ရယ်လို့ အမှတ်သညာပြုခံခဲ့ရပါတယ်။ ဒီလို အစွမ်းအစကြောင့်ပဲ ပွဲထွက်ခွင့်ရဖို့ အချိန်အကြာကြီး သိပ်မစောင့်လိုက်ရဘဲ ၂၀၁၀-၂၀၁၁ ဘောလုံးရာသီအရောက်မှာတော့ ပုံမှန်ပွဲထွက်ခွင့်ရရှိလာခဲ့ပါတယ်။ စတင်ပွဲထွက်ခွင့်ရလာတာနဲ့ တစ်ပြိုင်နက် ကွင်းလယ်တိုက်စစ်ကစားသမားလေး ဂေါ့ဇီဟာ ကိုယ်တိုင်ခြောက်ဂိုးသွင်းယူနိုင်ခဲ့သလို ဂိုးဖန်တီးမှု ၁၁ ကြိမ်အထိ ပံ့ပိုးပေးနိုင်ခဲ့တဲ့အတွက် ဒေါ့မွန်အသင်းရရှိခဲ့တဲ့ ၆၇ ဂိုးမှာ ဂေါ့ဇီရဲ့ ပါဝင်ပတ်သက်မှုက လေးပုံတစ်ပုံတောင်ရှိတယ်လို့ သတ်မှတ်ရမှာပါ။

ဒေါ့မွန်အသင်းဟာ ဘွန်ဒက်စ်လီဂါဖလားကို ဆယ်စုနှစ်အတွင်း ပထမဦးဆုံးအကြိမ် ရယူနိုင်ခဲ့ပါတယ်။ ဒါကြောင့် ဂျာမနီအသင်းရဲ့ ဂန္ထဝင်ကစားသမားကြီး ဘက်ကင်ဘောင်ဝါကတောင် “ဂေါ့ဇီကို ရပ်တန့်ဖို့ဆိုတာ ခက်ခဲပါတယ်။ ပြိုင်ဘက်ကစားသမားတိုင်းအနေနဲ့ သူ့ကို ရင်ဆိုင်ရာမှာ အခက်တွေ့တဲ့အကြောင်းကတော့ သူဟာ ဘောလုံးကို ဉာဏ်နဲ့ ယှဉ်ကစားတတ်သူဖြစ်တာကြောင့်ပါ” လို့ ချီးကျူးခဲ့ရပါတယ်။ အဲဒီနောက်ရာသီမှာလည်း တင်ပါးဒဏ်ရာပြဿနာ ကြုံတွေ့ခဲ့ရသေးပေမယ့် ပြန်လည်ကစားနိုင်ချိန်မှာ ခြေပေါ်အောင် ကစားနိုင်သလို ဒေါ့မွန်အသင်းနဲ့အတူ ဘွန်ဒက်စ်လီဂါဖလားကိုပါ ထပ်မံဆွတ်ခူးနိုင်ခဲ့ပါတယ်။

အဲဒီနောက်ဘောလုံးရာသီမှာတော့ ဒေါ့မွန်ဟာ ဘိုင်ယန်မြူးနစ်ရဲ့ နောက်ကောက်ချခံခဲ့ရပြီး ဘွန်ဒက်စ်လီဂါမှာရော၊ ချန်ပီယံလိဂ်မှာပါ ဒုတိယနဲ့သာ ကျေနပ်ခဲ့ရပါတယ်။ ဒါကြောင့်လည်း ၂၀၁၃ ခုနှစ် ဧပြီလမှာ ဘွန်ဒက်စ်လီဂါပြိုင်ဘက် ဘိုင်ယန်ကို ပြောင်းရွှေ့သွားပြီး သူ့အသက်မွေးဝမ်းကျောင်းနောက်တစ်ဆင့် တစ်ဆစ်ချိုး ပြောင်းလဲခြင်းခရီးစဉ်ကို စတင်ခဲ့တာဖြစ်ပါတယ်။ ဂေါ့ဇီကို ဆုံးရှုံးရလို့ စိတ်ပျက်နေတဲ့ ဂျာဂန်ကလော့ပ်ကလော့ကတော့ “သူဟာ ဂွါဒီယိုလာကို ပုဂ္ဂိုလ်ရေးအရ လေးစားပြီး တီကီတာကာ နည်းစနစ်ကိုကစားချင်တာကြောင့် ဒေါ့မွန်ကနေ ထွက်မသွားတာပါ” လို့မှတ်ချက်ချပါတယ်။

## ၂၀၁၄ ကမ္ဘာ့ဖလားရဲ့ သူရဲကောင်း

ဘိုင်ယန်မြူးနစ်အသင်းနဲ့ စတင်ပွဲထွက်ချိန်မှာပဲ ဂေါ့ဇီဟာ သူ့ရဲ့ခြေစွမ်းအဆင့်တစ်ရပ်ကို သက်သေထူနိုင်ခဲ့တာကြောင့် ဘိုင်ယန်မြူးနစ်အသင်းရဲ့ အားကစားဒါရိုက်တာ မာသီးယက်စ်ကတောင် “ဂျာမန်ကစားသမားတွေထဲမှာ အတော်ကပဆုံးကစားသမားတစ်ဦးကို ကျွန်တော်မြင်တွေ့ခဲ့ရတာ” လို့ ချီးကျူးစကားဆိုခဲ့ပါတယ်။ ဂွါဒီယိုလာက သူဟာ ဂေါ့ဇီရဲ့ ခြေစွမ်းကိုနှစ်သက်သူဖြစ်ပေမယ့် ဂေါ့ဇီနဲ့ မက်ဆီကို နှိုင်းယှဉ်နေမှုကိုတော့ “မာရီယို(ဂေါ့ဇီ)နဲ့ လီယို(မက်ဆီ)တို့နှစ်ဦးကို နှိုင်းယှဉ်နေကြတာကို ကျွန်တော်လည်း ကြားပါတယ်။ ဒါပေမယ့် မက်ဆီဟာ အဆင့်တစ်ရပ်မှာရှိနေတဲ့ ကစားသမားဖြစ်ပြီး ဂေါ့ဇီကတော့ တစ်နေ့တခြား တိုးတက်မှုရနေတဲ့ ကစားသမားပါ” လို့ တုံ့ပြန်ခဲ့ပါတယ်။

ဒါပေမယ့် ၂၀၁၄ ကမ္ဘာ့ဖလားဗိုလ်လုပွဲ ဂျာမနီနဲ့ အာဂျင်တီးနားတို့ရဲ့ ပွဲစဉ်မှာ လူစားဝင်ကစားသမားလေး မာရီယို ဂေါ့ဇီဟာ အချိန်ပိုမိနစ် ၃၀ မှာ မြေမကျသွင်းဂိုးကို ရယူပြီး ဂျာမနီအသင်းကို ချန်ပီယံဖြစ်စေခဲ့တာပါ။ ဒါကြောင့် ၂၀၁၄ ကမ္ဘာ့ဖလားပြီးနောက် ဂေါ့ဇီအပေါ် မီဒီယာတွေ ပိုပြီး အာရုံစိုက်လာပြီး ဂျာမနီလက်ရွေးစင်အသင်းနည်းပြ ဂျိုအာချင်လိုရဲ့ “မာရီယို(ဂေါ့ဇီ)ရေ မင်းဟာ မက်ဆီထက်ပိုကောင်းအောင် ကစားနိုင်မယ်ဆိုတာ ဆရာသိပါတယ်။ အာဂျင်တီးနားဘက်ကို မင်းဂိုးသွင်းနိုင်ရင် မင်းဟာ မက်ဆီထက်ပိုကောင်းတဲ့ ကစားသမားပဲ” ဆိုတဲ့ ပြောစကားဟာလည်း ၂၀၁၄ ကမ္ဘာ့ဖလားရဲ့ အထင်ရှားဆုံးစကားဖြစ်ခဲ့ပါတယ်။

## နေရာစုံကစားရခြင်းနဲ့ ဒဏ်ရာပြဿနာတွေက အမြွာကျိန်စာလား

ဘိုင်ယန်နည်းပြ ဂွါဒီယိုလာဟာ ၂၀၁၄ ကမ္ဘာ့ဖလားအပြီးမှာ ဂေါ့ဇီကို ပိုအထင်ကြီးသွားတာကြောင့်လားတော့ မသိဘူး၊ စွယ်စုံရကစားသမားအဖြစ် နေရာစုံပြောင်းကစားခိုင်းတာကြောင့် ဂေါ့ဇီဟာ တစ်ပွဲနဲ့တစ်ပွဲမတူတဲ့ နေရာတွေမှာ ကစားခဲ့ရပါတယ်။ တစ်ခါတလေ တိုက်စစ်ယောင်ကစားသမား (False Nine)၊ တစ်ခါတစ်ရံ ဗဟိုကွင်းလယ်၊ ကွင်းလယ်တိုက်စစ် စသဖြင့် နေရာစုံကစားရတာကြောင့် ဘယ်နေရာဟာ သူရဲ့ ကစားဟန်နဲ့ အလိုက်ဖက်ဆုံးလဲဆိုတာတောင် ပျောက်သွားပြီး ခြေစွမ်းပိုင်းလည်း ထိုးဆင်းသွားပါတယ်။ ဂွါဒီယိုလာကတော့ သူ့ကို ကစားကွက်ဖန်တီးနိုင်တဲ့ ကစားသမားအဖြစ်နေရာပေးဖို့ ကြိုးစားခဲ့ပေမယ့် သူ့ရဲ့ သွင်းဂိုးအရေအတွက်လည်း ကျဆင်းသွားသလို ဂိုးဖန်တီးမှုလည်း နှစ်ကြိမ်သာ ပြုလုပ်နိုင်ခဲ့တဲ့အထိ ကျဆင်းသွားပါတယ်။

အဲဒီနောက် ၂၀၁၅-၂၀၁၆ ဘောလုံးရာသီမှာတံကောက်ကြောဒဏ်ရာ ရရှိခဲ့ခြင်းနဲ့အတူ ပထမရာသီဝက်ပွဲစဉ်အတော်များများကိုလွဲချော်သွားခဲ့ပြီး ဒဏ်ရာက လွန်မြောက်လာချိန်မှာလည်း ပထမပွဲထွက်စာရင်းမှာ ပါဝင်လာခြင်းမရှိတော့ပါဘူး။ ဒါကြောင့်လည်း ပြီးခဲ့တဲ့နွေဈေးကွက်မှာတော့ လွန်ခဲ့တဲ့ သုံးနှစ်က သူကျောခိုင်းခဲ့တဲ့ ဒေါ့မွန်အသင်းဆီကို ပြန်လည်ပြောင်းရွှေ့လာပြီး နဂိုကအောင်မြင်မှုမျိုး ပြန်လည်ရှာဖွေဖို့ ကြိုးပမ်းခဲ့ပါတယ်။ ဒေါ့မွန်ကို ပြန်လည်ရောက်ရှိတဲ့အချိန်မှာ သူက “ကျွန်တော့်အနေနဲ့ ဒေါ့မွန်ကနေ ထွက်ခွာဖို့ဆုံးဖြတ်ခဲ့တယ်။ ကျွန်တော့်ခြေစွမ်းပိုတိုးတက်မယ်ထင်တဲ့နေရာကို ကျွန်တော်ပြောင်းရွှေ့သွားခဲ့ပါတယ်။ ဒီအတွက် ကျွန်တော်မှာအတွေ့အကြုံတွေလည်း အများကြီးရခဲ့ပါတယ်။ ခုတော့ ကျွန်တော့်ရဲ့ ဆုံးဖြတ်ချက်တွေ ပြောင်းသွားပြီဖြစ်သလို အရင်နဲ့မတူတော့တဲ့ ကစားသမားအဖြစ် ပြန်လာခဲ့တာဖြစ်ပါတယ်” လို့ ဆိုခဲ့တာပါ။ အဲဒီနောက် အဝါနဲ့အနက်ရောင်စပ်ကြား ဂျာစီကို မြတ်မြတ်နိုးနိုး ခုံခုံမင်မင် ပြန်လည်ဝတ်ဆင်ခဲ့ပါတယ်။ ဒါပေမယ့် ဖေဖော်ဝါရီလနှောင်းပိုင်းမတိုင်မီအထိ လိဂ်ပွဲ ၁၁ ပွဲသာ ဝင်ရောက်ကစားခဲ့ပြီး သွင်းဂိုးတစ်ဂိုးသာ သွင်းယူနိုင်ခဲ့တဲ့အနေအထား ကြုံတွေ့နေရပါတယ်။

သူဟာ ဇီဝဖြစ်စဉ်ရောဂါတစ်မျိုး ကြုံတွေ့နေရတာကြောင့် လပေါင်းအတော်ကြာ အနားယူရဦးမှာဖြစ်တယ်လို့ အတည်ပြုပြောကြားခဲ့ပါတယ်။ ဒါကြောင့် ဂေါ့ဇီရဲ့ လက်ရှိအနေအထားအရ အကျဘက်ကို တဖြည်းဖြည်း ဦးတည်နေတယ်လို့တောင် သတ်မှတ်ရတော့မှာဖြစ်ပါတယ်။ သူ့အတွက် ကံကောင်းတာတစ်ခုကတော့ “နုပျိုမှုကို ငွေဖြင့်ဝယ်ယူ၍ မရနိုင်”ဆိုတဲ့ စကားအတိုင်း သူဟာ အခုမှ အသက်(၂၄)နှစ်သာ ရှိသေးတာကြောင့် သူ့ရဲ့ အကောင်းဆုံးပုံစံကိုပြန်ရဖို့ အချိန်များစွာ ကျန်ရှိနေသေးသလို သူတို့မျိုးဆက်မှာ သူဟာ ပါရမီရှင် ကစားသမားတစ်ဦးဖြစ်တယ်ဆိုတာကတော့ ဘယ်သူမှ ငြင်းလို့မရတဲ့ အချက်တွေပဲ ဖြစ်ပါတယ်။ ဒါကြောင့် ဂေါ့ဇီပြန်လာနိုင်ဦးမလား ဆိုတာ စောင့်ကြည့်ရင်းနဲ့ . . . . . . ။

# ၂၀၁၇ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေကြမ်း

## အများပြည်သူ သိရှိလေ့လာ အကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။

**ယမန်နေ့မှအဆက်**

(င) ဝန်ကြီးဌာနက အခါအားလျော်စွာ ပေးအပ်သော လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

၄၁။ စစ်ဆေးရေးအရာရှိချုပ်သည် -

(က) ဝန်ကြီးဌာန လက်အောက်ရှိ သတ္တုတွင်းဦးစီးဌာန သို့မဟုတ် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းတစ်ခုခုမှ သင့်လျော်သော အရာရှိများကို ဤဥပဒေအလို့ငှာ စစ်ဆေးရေးအရာရှိများအဖြစ် တာဝန်ပေးအပ်နိုင်သည်၊

(ခ) မိမိလုပ်ပိုင်ခွင့်များကို စစ်ဆေးရေးအရာရှိများအား လွှဲအပ်၍ ဆောင်ရွက်စေနိုင်သည်။

### အခန်း(၁၂)
### စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၄၂။ ခွင့်ပြုမိန့်ရရှိသူကဖြစ်စေ၊ လိုင်စင်ရရှိသူကဖြစ်စေ၊ ခွင့်ပြုမိန့်ရရှိသူ သို့မဟုတ် လိုင်စင်ရရှိသူ၏ကိုယ်စား စီမံအုပ်ချုပ်သူ တစ်ဦးဦးကဖြစ်စေ၊ မြေအသုံးပြုခွင့်ပြုမိန့် ရရှိသူကဖြစ်စေ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်လျှင်သော် လည်းကောင်း၊ ခွင့်ပြုမိန့်၊ လိုင်စင် သို့မဟုတ် မြေအသုံးပြုခွင့်ပြုမိန့်ပါ စည်းကမ်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင်သော် လည်းကောင်း၊ ဝန်ကြီးဌာနသည် အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကိုဖြစ်စေ၊ အမိန့်တစ်ရပ်ရပ် ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည် -

(က) ခွင့်ပြုမိန့်၊ လိုင်စင် သို့မဟုတ် မြေအသုံးပြုခွင့်ပြုမိန့်ကို ကာလသတ်မှတ်၍ ယာယီရပ်ဆိုင်းခြင်း၊

(ခ) ဒဏ်ကြေးပေးဆောင်စေပြီး လုပ်ငန်းကို ဆက်လက်လုပ်ကိုင်ခွင့်ပြုခြင်း၊

(ဂ) ခွင့်ပြုမိန့်၊ လိုင်စင် သို့မဟုတ် မြေအသုံးပြုခွင့်ပြုမိန့်ကို ပယ်ဖျက်ခြင်း၊

(ဃ) ခွင့်ပြုမိန့်ရရှိသူ၊ လိုင်စင်ရရှိသူ သို့မဟုတ် မြေအသုံးပြု ခွင့်ပြုမိန့်ရရှိသူအား လိုအပ်သလို အရေးယူဆောင်ရွက်ပေးရန် သက်ဆိုင်ရာ ဝန်ကြီးဌာနများသို့ အကြောင်းကြားခြင်း။

### အခန်း(၁၃)
### ပြစ်မှုနှင့် ပြစ်ဒဏ်များ

၄၃။ မည်သူမဆို ကျောက်မျက်ရတနာအရိုင်းကိုဖြစ်စေ၊ ကျောက်မျက်ရတနာ အချောထည်ကိုဖြစ်စေ၊ လက်ဝတ်ရတနာကိုဖြစ်စေ ပြည်ပသို့ ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်မညီဘဲ ထုတ်ဆောင်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် အနည်းဆုံး ငါးနှစ်မှ အများဆုံးတစ်ဆယ်နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။

၄၄။ ခွင့်ပြုမိန့်ရရှိသူကဖြစ်စေ၊ ခွင့်ပြုမိန့်ရရှိသူ၏ ဒါရိုက်တာတစ်ဦးဦးကဖြစ်စေ၊ ခွင့်ပြုမိန့်ရရှိသူကိုယ်စား စီမံအုပ်ချုပ်သူကဖြစ်စေ အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ်အနည်းဆုံး သုံးနှစ်မှ အများဆုံး ခုနစ်နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်-

(က) လုပ်ကိုင်ခွင့်ရရှိသော ကျောက်မျက်ရတနာ လုပ်ကွက်မှတစ်ပါး အခြားလုပ်ကွက် သို့မဟုတ် နေရာတွင် ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်း၊

(ခ) ထုတ်လုပ်ရရှိသော ကျောက်မျက်ရတနာ အရိုင်းကို မှတ်ပုံတင်ရန် ပျက်ကွက်ခြင်း သို့မဟုတ် အမှန်တကယ်ထုတ်လုပ်ရရှိသော ကျောက်မျက်ရတနာအရိုင်းကို မှတ်ပုံမတင်ဘဲ အခြား ကျောက်မျက်ရတနာအရိုင်းဖြင့် လဲလှယ်၍ မှတ်ပုံတင်ခြင်း။

၄၅။ မည်သူမဆို ကျောက်မျက်ရတနာဖြင့် ပြုလုပ်သောပစ္စည်းကို ပြည်ပသို့ ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့် မညီဘဲ သယ်ဆောင်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၄၆။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ်အနည်းဆုံးသုံးနှစ်မှ အများဆုံး ခုနစ်နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည် -

(က) ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်းလုပ်ငန်းကို ခွင့်ပြုမိန့် မရရှိဘဲ လုပ်ကိုင်ခြင်း၊

(ခ) ကျောက်မျက်ရတနာအရိုင်းကို ခွင့်ပြုချက်မရှိဘဲ ရှာဖွေခြင်း သို့မဟုတ် စမ်းသပ်တိုင်းတာခြင်း။

၄၇။ မည်သူမဆို အောက်ပါပြုလုပ်မှု တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ်အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်ထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည် -

(က) ကျောက်မျက်ရတနာအရိုင်းကို ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံး လုပ်နည်းများနှင့်မညီဘဲ လက်ဝယ်ထားခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ရောင်းဝယ်ခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့်ရယူခြင်း၊ လွှဲပြောင်းခြင်း၊

(ခ) ပုဒ်မ ၂၅ ပါ လုပ်ငန်းတစ်ရပ်ရပ်ကို လိုင်စင်မရရှိဘဲ လုပ်ကိုင်ခြင်း။

၄၈။ ခွင့်ပြုမိန့်ရရှိသူကဖြစ်စေ၊ ယင်းခွင့်ပြုမိန့်ရှိသူ၏ကိုယ်စား စီမံအုပ်ချုပ်သူက ဖြစ်စေ ပုဒ်မ ၂၁၊ ပုဒ်မခွဲ (ဆ) နှင့် စပ်လျဉ်း၍ ထုတ်ပြန်သည့် နည်းဥပဒေများနှင့် အမိန့်များကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်လျှင် ထိုသူကို ထောင်ဒဏ် သုံးနှစ်အထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၄၉။ မည်သူမဆို ခွင့်ပြုမိန့်ရရှိသူ၏ ခွင့်ပြုချက်မရှိဘဲ မြေအသုံးပြုခွင့်ပြုမိန့် ရရှိထားသည့် လုပ်ငန်းဧရိယာအတွင်း ကျောက်မျက်ရတနာထုတ်လုပ်ခြင်း လုပ်ငန်းစဉ် တစ်ရပ်ရပ်ကို ဆောင်ရွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ်အနည်းဆုံး တစ်လမှ အများဆုံး သုံးလအထိ ချမှတ်ရမည့် အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၅၀။ မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရန် အားထုတ်ခြင်း၊ ပူးပေါင်းကြံစည်ခြင်းပြုလျှင် သို့မဟုတ် ပြစ်မှုတစ်ရပ်ရပ် ကျူးလွန်ရာတွင် အားပေးကူညီခြင်းပြုလျှင် ယင်းပြစ်မှုအတွက် ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်ကို ချမှတ်ခြင်းခံရမည်။

၅၁။ တရားရုံးသည် ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ပြစ်မှုထင်ရှားတွေ့ရှိလျှင် သက်ဆိုင်ရာပြစ်မှုအတွက် ချမှတ်ရမည့် ပြစ်ဒဏ်အပြင် -

(က) ပြစ်မှုနှင့် သက်ဆိုင်သော ကျောက်မျက်ရတနာ၊ လက်ဝတ်ရတနာနှင့် ငွေကြေးကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်ရမည်။

(ခ) ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့်ယာဉ်၊ ယန္တရား၊ တိရစ္ဆာန်နှင့် အခြား စက်ပစ္စည်းကိရိယာ တန်ဆာပလာများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်နိုင်သည်။

### အခန်း(၁၄)
### အထွေထွေ

၅၂။ ခွင့်ပြုမိန့်ရရှိသူသည် -

(က) ကျောက်မျက်ရတနာထုတ်လုပ်ခြင်း လုပ်ငန်းစဉ်အဆင့်ဆင့်ကို ဆောင်ရွက်ရာတွင်ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှု အနည်းဆုံးဖြစ်စေရန်နှင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားထိခိုက်မှုမရှိစေရန် အလေးထားဆောင်ရွက်ရမည်။

(ခ) ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်းလုပ်ငန်းကို ပိတ်သိမ်းသည့်အခါ ပြန်လည်ထိန်းသိမ်းရေးလုပ်ငန်းများ၊ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ပေးရမည်။

(ဂ) လုပ်ငန်းဆောင်ရွက်ရာဒေသ၏ ကျန်းမာရေး၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် အခြားဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံမှု၏ နှစ်ရာခိုင်နှုန်းထက် မနည်းသော ရန်ပုံငွေတစ်ရပ် ထူထောင်ထားရှိ ဆောင်ရွက်ရမည်။

(ဃ) အထက်ပါလုပ်ငန်းများ ဆောင်ရွက်ခြင်းကို စစ်ဆေးရာတွင် မြန်မာနိုင်ငံတွင်းထွက်သယံဇာတ အရင်းအမြစ်များ တူးဖော်ထုတ်လုပ်ရေးလုပ်ငန်း ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေး (Myanmar Extractive Industries Transparency Initiative – MEITI) အပါအဝင် ဒေသခံပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ရမည်။

၅၃။ ဝန်ကြီးဌာနက တာဝန်ပေးအပ်သော အရာရှိသည် ဤဥပဒေအရ ရရန်ရှိသောငွေများကို တည်ဆဲဥပဒေများပါ ကော်လိတ်တော်အရာရှိ၏ လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ အရကောက်ခံရမည်။

၅၄။ (က) ဤဥပဒေမပြဋ္ဌာန်းမီက တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်းနှင့် စပ်လျဉ်း၍ ထုတ်ပေးထားသည့် သက်တမ်းမကုန်ဆုံးသေးသော လိုင်စင် သို့မဟုတ် မြေအသုံးပြုခွင့်ပြုမိန့်သည်သက်တမ်းကုန်ဆုံးသည့်နေ့အထိသာ အတည်ဖြစ်စေရမည်။

(ခ) ပုဒ်မခွဲ (က) အရ သက်တမ်းမကုန်ဆုံးသေးသော ကာလအတွင်း ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်းလုပ်ငန်းကို လုပ်ကိုင်လျက်ရှိသော ဖက်စပ်လုပ်ငန်းများနှင့် ပုဂ္ဂလိက တစ်ဦးချင်း လုပ်ကိုင်နေသော လုပ်ငန်းများကို ဤဥပဒေပါ ပြဋ္ဌာန်းချက်များအလို့ငှာ ဝန်ကြီးဌာနက ထုတ်ပြန်သော ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်။

၅၅။ ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်နှင့် စပ်လျဉ်းသည့် သက်သေခံပစ္စည်းသည် တရားရုံးရှေ့သို့ တင်ပို့ရန်မလွယ်ကူသော ပစ္စည်းဖြစ်ပါက ယင်းသက်သေခံပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ရန်မလိုဘဲ မည်ကဲ့သို့ထိန်းသိမ်းထားကြောင်း အစီရင်ခံစာ သို့မဟုတ် သက်ဆိုင်ရာ အခြားစာရွက်စာတမ်း အထောက်အထားများဖြင့် တင်ပြနိုင်သည်။ ယင်းသို့ တင်ပြခြင်းကို တရားရုံးရှေ့သို့ သက်သေခံပစ္စည်း တင်ပြဘိသကဲ့သို့ မှတ်ယူကာ သက်ဆိုင်ရာတရားရုံးက ဥပဒေနှင့်အညီ စီမံခန့်ခွဲခြင်းပြုနိုင်သည်။

၅၆။ ဝန်ကြီးဌာနသည် ကျောက်မျက်ရတနာအချောထည်ပြုလုပ်ခြင်းနှင့် လက်ဝတ်ရတနာပြုလုပ်ခြင်း လုပ်ငန်းကိုလည်းကောင်း၊ ကျောက်မျက်ရတနာ အချောထည်နှင့် လက်ဝတ်ရတနာ၊ ကျောက်မျက်ရတနာဖြင့် ပြုလုပ်သော ပစ္စည်းရောင်းချခြင်းလုပ်ငန်းကိုလည်းကောင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် လုပ်ကိုင်လိုသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းအား ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ခွင့်ပြုနိုင်သည်။

၅၇။ ဝန်ကြီးဌာနသည် ဤဥပဒေအရ မိမိအားအပ်နှင်းထားသည့် လုပ်ပိုင်ခွင့်များကို မိမိကြီးကြပ်မှုအောက်ရှိ ဦးစီးဌာန သို့မဟုတ် လုပ်ငန်းအား လွှဲအပ်၍ ဆောင်ရွက်စေနိုင်သည်။

၅၈။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်၏ အကျိုးစီးပွားအလို့ငှာ စည်းကမ်းချက်များ သတ်မှတ်လျက် မည်သည့်ကုမ္ပဏီ၊ အသင်း သို့မဟုတ် ပုဂ္ဂိုလ်ကိုမဆို ကျောက်မျက်ရတနာ ထွက်ရှိနိုင်သည့်ဒေသအတွင်း သင့်လျော်သည့် နယ်မြေတွင် ကျောက်မျက်ရတနာ ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း လုပ်ငန်း လုပ်ကိုင်နိုင်ရန် ခွင့်ပြုနိုင်သည်။

၅၉။ ဝန်ကြီးဌာနသည် ပြည်တွင်းဈေးကွက် လိုအပ်ချက်အရ ကျောက်မျက်ရတနာအရိုင်း သို့မဟုတ် အချောထည်ကို ပြည်တွင်းသို့ တင်သွင်းခြင်းအတွက် ထောက်ခံချက်ပေးနိုင်သည်။

၆၀။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည် ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) သတ္တုတွင်းဦးစီးဌာနနှင့် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းတို့သည် အမိန့်နှင့် ညွှန်ကြားချက်များကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

---

# သီပေါဘော်ကြိုဘုရားပွဲတော်တွင်ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက်ကွင်းဆင်းပညာပေးဟောပြော

**သီပေါ မတ် ၁၃**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်မှ သမိုင်းဘော်ကြိုဘုရား ဗုဒ္ဓပူဇနိယပွဲတော်တွင်နိုင်ငံခြားသားများ အပါအဝင် တောင်ပေါ် မြေပြန့် ဒေသစုံမှဘုရားဖူးများဖြင့်အထူးစည်ကားလျက်ရှိသည်။

ဘော်ကြိုဘုရားပွဲတော်လာ ဘုရားဖူးပြည်သူများနှင့် မော်တော်ယာဉ်မောင်းသူများ၊ သုံးဘီးယာဉ်မောင်းသူများ၊ ဆိုင်ကယ်ယာဉ်မောင်းနှင်သူများအား အမှတ် (၁၂၀) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒုရဲမှူး ချစ်စိန်နှင့်ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက ဘော်ကြိုပွဲတော် လုံခြုံရေးရဲကင်းမှူး ဒု-ရဲမှူးမြင့်ကျော် ဦးစီးရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း၍ မတ် ၁၁ ရက် နံနက် ၈ နာရီမှ၁၀နာရီအထိ ယာဉ်အန္တရာယ်ကင်းရှင်းရေးကွင်းဆင်းဟောပြောကြသည်။

ထိုသို့ဟောပြောရာတွင် ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူးက ပွဲသွားပွဲလာဘုရားဖူးပြည်သူများသည် ပြည်ထောင်စုလမ်းမကြီးပေါ်၌ အတက်အဆင်းယာဉ်များ များပြားနေသည့်အတွက်သတိရှိရန်လိုအပ်ကြောင်း၊ အထူးသဖြင့်လမ်းဖြတ်ကူးခြင်းတွင် သတိထားစေလိုကြောင်း၊ ကလေးသူငယ်များကို တွဲခေါ်ဖို့လိုအပ်ကြောင်း၊ ယာဉ်မောင်းအနေဖြင့်လည်း စည်းကမ်းတကျ သတ်မှတ်သည့်နေရာတွင်ရပ်နားကြရန်ဖြစ်ကြောင်း၊ ခရီးသွားပြည်သူများအန္တရာယ်ကင်းရှင်းရေးအတွက်ဂရုပြုမောင်းနှင်ပြေးဆွဲကြရန် လိုအပ်ကြောင်း၊ နိုင်နင်းသည့်ဝန်ဖြင့်သာတင်ဆောင်ပြေးဆွဲကြရန်ဖြစ်ကြောင်း၊ မိမိကြောင့်ယာဉ်ကြော/လမ်းကြောပိတ်ဆို့မှုမဖြစ်စေရေး မှာကြားသည်။ ယခင်နှစ်များကဘော်ကြိုဘုရားပွဲတော်တွင် ယာဉ်ကြောလမ်းကြောပိတ်ဆို့မှုဖြစ်ခြင်းနှင့် ယာဉ်မတော်တဆမှုများဖြစ်ပွားခဲ့ခြင်းကြုံတွေ့ခဲ့ရမှုရှိခဲ့ပြီး ယခုနှစ်၌ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ယာဉ်ထိန်းရဲတပ်ဖွဲ့မှ စီမံချက်ချမှတ်၍ အထူးကြိုတင်ဆောင်ရွက်ထားကြောင်း သိရသည်။

**သီပေါကိုလတ်**

အနာဂတ်ကမ္ဘာ
လှပဖို့
ပတ်ဝန်းကျင်ကို
ထိန်းသိမ်းစို့

# (၃၇)ကြိမ်မြောက် ပအိုဝ်းအမျိုးသားနေ့အခမ်းအနား စည်ကားစွာကျင်းပ

**ဘားအံ မတ် ၁၃**

ကရင်ပြည်နယ် ဘားအံမြို့နယ် ကျံုစောင့်ကျေးရွာတွင် (၃၇)ကြိမ်မြောက် ပအိုဝ်းအမျိုးသားနေ့ အခမ်းအနားကို မတ် ၁၂ ရက် နံနက် ၇ နာရီကကျင်းပရာ သဘာပတိအဖြစ် ဦးခွန်သန်းမြင့်က ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် ဦးခွန်စိုးနိုင်၊ ဦးခွန်အောင်ကျော်မိုး၊ ဦးခွန်အောင်မြင့်ဦးနှင့် ဦးဇော်မင်းပိုင်တို့က ဆောင်ရွက်ကြသည်။

အခမ်းအနားတွင် သဘာပတိ ဦးခွန်သန်းမြင့်က ပအိုဝ်းအမျိုးသားနေ့ မိန့်ခွန်းမြွက်ကြားပြီး ကရင်ပြည်နယ် ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်ထံမှပေးပို့သော သဝဏ်လွှာကို ပြည်နယ်ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးခွန်မျိုးတင့်က ဖတ်ကြားကာ ပအိုဝ်းတိုင်းရင်းသူတစ်ဦးက ပအိုဝ်းအမျိုးသားနေ့ဖြစ်ပေါ်လာပုံအကြောင်းကို ပအိုဝ်းဘာသာဖြင့် ဖတ်ကြားသည်။

ယင်းနောက် ကရင်ပြည်နယ်အတွင်းရှိ ဂုဏ်ပြုခံအထင်ကရ သက်ကြီးပအိုဝ်းခေါင်းဆောင်များအား ဂုဏ်ပြုလက်ဆောင်များပေးအပ်၍ ၂၀၁၅-၂၀၁၆ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာအောင်မြင်သော ကျောင်းသား၊ ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ပြီး ပအိုဝ်းစာပေယဉ်ကျေးမှု နာယကနှင့် အဖွဲ့ဝင်များက ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား ဂုဏ်ပြုပူဇော်ခဲ့ကြသည်။

အလားတူ ပအိုဝ်းအမျိုးသားနေ့အခမ်းအနားကို ဘားအံမြို့နယ်၊ လှိုင်းဘွဲမြို့နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်၊ ကော့ကရိတ်မြို့နယ်တို့တွင်လည်း စည်ကားစွာကျင်းပခဲ့ပြီး ဘားအံမြို့နယ် ကျံုစောင့်ကျေးရွာတွင် ကျင်းပသည့် ပအိုဝ်းအမျိုးသားနေ့အခမ်းအနားသို့ သာမည၊ ဝါးဆူး၊ ကော့ကျိုက်၊ ကော့လိုက်၊ မြိုင်ကလေး၊ မိသရောင်၊ ရွှေဂံ၊ ဖလန်၊ ခရဲ၊ နောင်ပတုတ်၊ နောင်လုံ(အရှေ့၊ အနောက်)၊ မင်းဇီ၊ ကံခရဲ၊ ကျားကလေး၊ ကျုံစောင့်၊ တံတားဦး၊ ကျုံကောက်၊ သာယာကုန်း၊ ကော့ကဒါ၊ ဝဲကြီးရေကျော်၊ ရေကျော်(ကော့ကရိတ်) ကျေးရွာတို့နှင့် မြဝတီမြို့နယ်တို့မှ ပအိုဝ်းတိုင်းရင်းသား၊ တိုင်းရင်းသူ ၁၅၀၀ ကျော် တက်ရောက်ခဲ့ကြပြီး ကရင်ပြည်နယ်အစိုးရအဖွဲ့ ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးခွန်မျိုးတင့်၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဒေါ်နန်းသူဇာဝင်း၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ကရင်ပြည်နယ်ရှိ ပအိုဝ်းတိုင်းရင်းသားများအနေဖြင့် ဇန်နဝါရီ ၂၂ ရက်တွင် ပအိုဝ်းတစ်မျိုးသားလုံးဆိုင်ရာ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ (အကြို) ကရင်ပြည်နယ် ပအိုဝ်းလူထုတွေ့ဆုံပွဲကို ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပခဲ့ပြီး ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့တွင် ဖေဖော်ဝါရီ ၁၆ ရက်မှ ၂၀ ရက်ထိ ကျင်းပခဲ့သော ပထမအကြိမ် လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ ပအိုဝ်းအမျိုးသားနိုင်ငံရေးဆွေးနွေးပွဲသို့ ကိုယ်စားလှယ်များတက်ရောက်ခဲ့ကာ ပြည်ထောင်စုဖွားညီနောင်တိုင်းရင်းသားအားလုံး နိုင်ငံရေးဆွေးနွေးပွဲအဆင့်ဆင့်တွင် ပါဝင်လာစေရေးနှင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဆီသို့ အရောက်ချီတက်သွားနိုင်ရေး အစဉ်တစိုက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။



**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# နွေရာသီသောက်သုံးရေကန်များ ခန်းခြောက်မှု ဒလမြို့နယ်တွင်ကြုံတွေ့

**ဒလ မတ် ၁၃**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်သည်လည်း နှစ်စဉ် တပေါင်း၊ တန်ခူး နွေရာသီကာလသို့ရောက်ရှိလျှင် သောက်သုံးရေကန် ခန်းခြောက်မှုနှင့် ရေအခက်အခဲများ ရင်ဆိုင်ကြုံတွေ့လျက်ရှိသည်။

ဒလမြို့နယ်သည် နွေရာသီအတွင်း သောက်သုံးရေရှားပါးမှုကြောင့် စိတ်ပူပန်မှုများနှင့် ကြုံတွေ့နေရသည်မှာ ၂၀၁၀ ခုနှစ် မှ စတင်ခဲ့ပြီး ယနေ့အချိန်ထိ ရေမလုံလောက်မှုအတွက် ပူပန်နေရဆဲဖြစ်သည်။ မြို့နယ်အတွင်း ရပ်ကွက်၊ ကျေးရွာများရှိ နှစ်စဉ် လူဦးရေတိုးပွားလာမှုတို့ကြောင့် နွေရာသီသောက်သုံးရေလုံလောက်မှုနည်းပါးလျက်ရှိကြောင်း တွေ့ရသည်။



သောက်သုံးရေကန်များမှာ လူဦးရေနှင့် မျှတမှုမရှိခြင်း၊ မြေသားရေကန်ဖြစ်ခြင်းတို့ကြောင့် ဒေသခံပြည်သူများမှာ ရေကန်ကိုသာ အဓိကအားထားသုံးစွဲနေရကြောင်း သိရသည်။ ဒလမြို့နယ်ရှိ ရပ်ကွက်ပေါင်း၂၄ ရပ်ကွက်၌ အိမ်ခြေ ၂၁၃၆၃ လုံး၊ အိမ်ထောင်စု ၂၄၁၉၂ စု၊ လူဦးရေစုစုပေါင်း ၁၀၇၉၆၆ ဦးရှိပြီး ကျေးရွာ ၂၃ အုပ်စု ကျေးရွာပေါင်း ၅၄ ရွာ၌ အိမ်ခြေ ၉၉၂၃ လုံး၊ အိမ်ထောင်စု ၁၀၉၂၂ စု၊ လူဦးရေစုစုပေါင်း ၄၆၃၅၉ ဦး ရှိပြီး ရပ်ကွက်၊ ကျေးရွာများတွင် နေထိုင်ကြသည့် လူဦးရေစုစုပေါင်း ၁၅၄၃၂၅ ဦးရှိကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

မြို့နယ်အတွင်းရှိ ရေကန်များမှာ မြို့ပေါ်ရပ်ကွက် ၂၄ ရပ်ကွက်၌ မြေသားရေကန် ၁၁၃ ကန်ရှိပြီး ကျေးရွာများ၌ မြေသားရေကန် ၁၈၉ ကန် စုစုပေါင်း ၃၂၂ ကန်သာ အားထားသုံးစွဲလျက်ရှိသည်။ ထို့အပြင် ဒလမြို့နယ်၌ နေ့စဉ်ရေဖြန့်ဖြူးလျက်ရှိသော တွံတေးမြို့နယ်ရေပေးဝေရေးစခန်းမှ တစ်နေ့လျှင် ရေဂါလန် ၁ ဒသမ ၂ သန်း ရရှိပြီး မြို့နယ်စည်ပင်သာယာရေးကော်မတီ ရေသန့်ဌာနက မြို့ပေါ်ရှိ ရပ်ကွက် ၂၃ ရပ်ကွက်အား ရေဖြန့်ဝေပေးလျက်ရှိပြီး ကျေးရွာများသို့ ရေပိုက်လိုင်းများ တပ်ဆင်ဖြန့်ဝေမှုများ မရှိသေးသောကြောင့် မြေသားရေကန်များကိုသာ အဓိကအားထား သောက်သုံးနေရသည်။

ဒလမြို့နယ်သည် ရေချိုမထွက် ရေငန်များသာထွက်ရှိသော မြို့နယ်ဖြစ်သောကြောင့် မိုးရာသီတွင် ရေကန်များ၌သာ သိုလှောင်ပြီး နွေရာသီအတွက် အဓိကထားသောက်သုံးနေရသောကြောင့် နှစ်စဉ်နှစ်တိုင်း နွေရာသီသောက်သုံးရေရှားပါးမှုနှင့် ရေခန်းခြောက်မှုများကြောင့် ရေကိုချွေတာစွာသုံးနေရကြောင်း၊ တချို့ရပ်ကွက်၊ ကျေးရွာများ၌ အချိန်ဖြင့် သောက်သုံးရေကို ပေးဝေနေရကြောင်း သိရသည်။

ထို့ကြောင့် ရပ်ကွက်၊ ကျေးရွာများတွင် နွေရာသီအချိန် သောက်သုံးရေခန်းခြောက်မှုများကြောင့် သောက်သုံးရေပြတ်လပ်မှု မဖြစ်ပေါ်စေရေးတို့အတွက် မြို့နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးမှူးဦးစီးဌာန၊ ရေသန့်ဌာနနှင့် NGO အဖွဲ့အစည်းများ၊ လူမှုကူညီရေးအသင်းအဖွဲ့များမှ နှစ်စဉ်နှစ်တိုင်း ရေသယ်ယာဉ်များဖြင့် ဆောင်ရွက်ပေးသွားရန် စီစဉ်ထားကြောင်း၊ သောက်သုံးရေပြတ်လပ်ပါက အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးနိုင်ရေးအတွက် မြို့နယ်လွှတ်တော်ကိုယ်စားလှယ်များရုံးမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဆက်ဆံရေးတာဝန်ခံ ကိုတင်လှ ဖုန်း ၀၉-၇၈၈၆၂၆၅၆၀နှင့် ဓမ္မပါလဆရာတော် ဖုန်း-၀၁၂၆၉၅၆၆ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**နိုင်လင်းကျော်(ဒလ)**

# လေဆင်နှာမောင်းတိုက်ခတ်ခဲ့မှုကြောင့် ပျက်စီးဆုံးရှုံးသွားသောနေအိမ်များအတွက် ထောက်ပံ့ငွေများပေးအပ်

**မြောက်ဦး မတ် ၁၃**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြောက်ဦးမြို့နယ် ထိပ်ဝပြင်ကျေးရွာအုပ်စု ရုပ်ချောင်းကျေးရွာတွင် လေဆင်နှာမောင်းတိုက်ခတ်ခဲ့မှုကြောင့် နေအိမ်များပျက်စီးဆုံးရှုံးသွားသော လေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေများပေးအပ်ခြင်းကို မတ် ၁၂ ရက် ည ၈ နာရီခွဲက ပြုလုပ်ခဲ့သည်။

အဆိုပါ ထောက်ပံ့ငွေများပေးအပ်ခြင်းအခမ်းအနားသို့ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာနှင့် ပြည်နယ်ဝန်ကြီးများ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်မွန်လတ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဘိုဘိုမင်းသိုက်၊ ထိပ်ဝပြင်ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာအတွင်းရှိ လေးဘေးသင့်ပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်က မြောက်ဦးမြို့နယ်တွင် နှစ်စဉ်နှစ်တိုင်း ရေကြီးမှုများနှင့် လေပြင်းတိုက်ခိုက်မှုများကြုံတွေ့ရသောကြောင့် ကျေးလက်နေပြည်သူများအနေဖြင့် မိမိတို့၏ အသက်အိုးအိမ်စည်းစိမ်များ ဆုံးရှုံးမှုမဖြစ်ပေါ်စေရေးအတွက် သဘာဝဘေးအန္တရာယ်ကြုံတွေ့လာပါက အရေးပေါ်အခြေအနေတုံ့ပြန်နိုင်ရန်နှင့် ထိခိုက်ဆုံးရှုံးနိုင်ခြေများ လျော့ပါးသက်သာစေရန် ကြိုတင်ကာကွယ်ဆောင်ရွက်ထားကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် ထောက်ပံ့ငွေများပေးအပ်ခြင်းကို ဆက်လက်ကျင်းပရာ လေဘေးသင့်အိမ်ထောင်စု ၂၅ စု မှ လေဘေးသင့်ပြည်သူများအား ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက လုံးဝပြိုကျပျက်စီးသွားသော နေအိမ်နှစ်လုံး၊ တစ်စိတ်တစ်ပိုင်းပြိုကျသွားသော နေအိမ် ၂၀ လုံးနှင့် ကြက်ခြံတစ်ခြံ၊ စပါးကျီတစ်လုံးတို့အတွက် စုစုပေါင်းငွေကျပ် ၂၇၄၀၀၀ ကျပ်အား လေဘေးသင့်ပြည်သူများထံ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# လေးမျက်နှာမြို့ မီးဘေးကြိုတင်ကာကွယ်နိုင်ရေး သရုပ်ပြသခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်

**လေးမျက်နှာ မတ် ၁၃**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ် မီးသတ်ဦးစီးဌာနမှ လေးမျက်နှာမြို့ မီးဘေးကြိုတင်ကာကွယ်နိုင်ရေးအတွက် သရုပ်ပြသခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်ခြင်းကို မတ် ၁၂ ရက် နံနက် ၁၀ နာရီက အောင်မင်္ဂလာဈေး၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်မီးသတ်စခန်းတာဝန်ခံ ဦးမြင့်သူက အရေးပေါ်မီးသတ်ဆေးဘူးအသုံးပြုပုံကို ရှင်းလင်းပြသပြီး ဌာနဆိုင်ရာတာဝန်ရှိသူများက လက်တွေ့ငြိမ်းသတ်ပြသကြသည်။

ထို့နောက် စခန်းတာဝန်ခံခေါင်းဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်သုံးစီးဖြင့် မီးငြိမ်းသတ်ခြင်းကို ဇာတ်တိုက်လေ့ကျင့်ခဲ့ကြောင်း သိရသည်။

အဆိုပါ မီးဘေးကြိုတင်ကာကွယ်ရေးဇာတ်တိုက်လေ့ကျင့်မှုအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထူးထက်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ မြို့မိမြို့ဖများနှင့် ဈေးသူ၊ ဈေးသားများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဗိုလ်မှူးဗထူးလမ်းမကြီး ရေစီးရေလာကောင်းမွန်ရေး စက်ယန္တရားဖြင့်ဆောင်ရွက်

**ရန်ကုန် မတ် ၁၃**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်အတွင်း အဓိကလမ်းမကြီးများအား အဆင့်မြှင့်တင်နိုင်ရေးအတွက် ယခင်ကတ္တရာလမ်းများအား ကွန်ကရစ်လမ်းများအဖြစ် ခင်းကျင်းဆောင်ရွက်နေသကဲ့သို့ မြို့နယ်အတွင်း ရေစီးရေလာကောင်းရေးအတွက် မြစ်ထွက်ပေါက်သို့စီးဆင်းသော ရေနုတ်မြောင်းများအား စက်ယန္တရားဖြင့် တူးဖော်ဆောင်ရွက်လျက်ရှိရာ မတ် ၁၃ ရက်က မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးမြတ်မော်ဦး၏ ကြီးကြပ်မှုဖြင့် ဗိုလ်မှူးဗထူးလမ်းတစ်လျှောက် ပိတ်ဆို့အမှိုက်နုန်းသဲများအား စက်ယန္တရားဖြင့် တူးဖော်ဆောင်ရွက်နေသည်ကို မြင်တွေ့ရသည်။

"ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်က ငမိုးရိပ်ချောင်းနဲ့ထိစပ်နေတော့ မိုးရာသီမှာ ရပ်ကွက်အချို့ရေလျှံမှုမဖြစ်ပေါ်စေရေးအတွက် ရေစီးရေလာကောင်းအောင် ပိတ်ဆို့နေတဲ့ရေနုတ်မြောင်းတွေကို ကြိုတင်ဆယ်ယူရှင်းလင်းဆောင်ရွက်နေတာပါ" ဟု မြို့နယ်စည်ပင်သာယာလက်ထောက်အုပ်ချုပ်ရေးမှူး ဦးနိုင်လင်းဦးက ပြောသည်။

ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်သည် ၁၀ ဒသမ ၁၄၅ စတုရန်းမိုင်ကျယ်ဝန်းပြီး ရပ်ကွက်ပေါင်း ၂၆ ရပ်ကွက်ဖြင့် စုဖွဲ့ထားသောမြို့နယ်ဖြစ်သည်။ ယခုဆောင်ရွက်နေသော ဗိုလ်မှူးဗထူးလမ်းသည် ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်နှင့် ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်တို့ကို ဆက်သွယ်ဖောက်လုပ်ထားသော လမ်းမကြီးဖြစ်သည်။ **မောင်သုည**

# ကျောက်ပန်းတောင်းမြို့ ဘူတာလမ်းဆုံရေမြောင်းအတွင်း ရေစီး ရေလာကောင်းမွန်စေရေး အမှိုက်များရှင်းလင်းဖယ်ရှား

**ကျောက်ပန်းတောင်း မတ် ၁၃**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် မြို့တွင်းရှိ စွန့်ပစ်ရေဆိုးများနှင့် မိုးရေများ အဓိကစီးဆင်းရာ ရေဆိုးမြောင်းကြီး၏ ဘူတာလမ်းဆုံနေရာရှိ ရေမြောင်းအတွင်းမှ အမှိုက်များဖယ်ရှားခြင်းကို မတ် ၁၁ ရက် နံနက် ၉ နာရီက မြို့နယ်စည်ပင်သာယာအဖွဲ့ပိုင် ယန္တရားဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါရေမြောင်းမှာ မြို့တွင်းမှရေဆိုးများ အဓိကစီးဆင်းရာမြောင်းတစ်ခုဖြစ်ပြီး မြို့၏မြောက်ဘက် အမြင့်ပိုင်းမှ မြို့၏တောင်ဘက် အနိမ့်ပိုင်းသို့ မြို့လယ်လမ်းမကြီးအတိုင်း စီးဆင်းခြင်းဖြစ်သည်။

မြို့တွင်းမှ ရေမြောင်းအတွင်းသို့ စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်မှုများကြောင့် မိုးရွာသွန်းသည့်အခါများတွင် ရေမြောင်းများပိတ်ဆို့မှုဖြစ်ပြီး မြောင်းရေလျှံခြင်း၊ မြောင်းတွင်းမှ အမှိုက်သရိုက်များ လမ်းပေါ်သို့ ရောက်ရှိခြင်းများ ဖြစ်ပေါ်၍မြို့လယ်လမ်းမတစ်လျှောက် အရုပ်ဆိုးအကျည်းတန်မှုများ ဖြစ်ပေါ်စေကြောင်း သိရသည်။

သို့ဖြစ်ရာ အဆိုပါရေမြောင်းအတွင်း အမှိုက်များ ပိတ်ဆို့မှုမဖြစ်ပေါ်စေရန်အတွက် မြို့နယ်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ၊ မြို့နယ်စည်ပင်သာယာဝန်ထမ်းများက အဖွဲ့ပိုင်ဘက်ဟိုးယာဉ်ငယ်ဖြင့် ရေဆိုးမြောင်းအတွင်းမှအမှိုက်များရှင်းလင်းဖယ်ရှားပြီး မြို့ပြင်အမှိုက်ကျင်းသို့ စွန့်ပစ်ခဲ့ကြကြောင်း သိရသည်။

အဆိုပါ ရေဆိုးမြောင်းအတွင်းမှ အမှိုက်များ ရှင်းလင်းဖယ်ရှားမှုကို မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးဖြိုးတင့်ခိုင်နှင့် ကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာအဖွဲ့မှ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

ယခင်ရက်များကလည်း အဆိုပါဘူတာလမ်းဆုံတွင် ပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ကြစေရန်အတွက် ကတ္တရာလမ်းပေါ်တွင် ဖုံးအုပ်လျက်ရှိသော သဲမြေများအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ဘက်ဟိုးယာဉ်ဖြင့် ရှင်းလင်းဖယ်ရှားမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

# စင်းလုံးငှားလေယာဉ်ဖြင့် ကမ္ဘောဇဝန်ထမ်းများ ဗုဒ္ဓဂယာဘုရားဖူးပို့ဆောင်လှူဒါန်း




**ရန်ကုန် မတ် ၁၃**

ကမ္ဘောဇဘဏ်လီမိတက် ကမ္ဘောဇကုမ္ပဏီများအုပ်စုအောက်ရှိ အရာထမ်း/ဝန်ထမ်းများကို အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာသို့ MAI စင်းလုံးငှားလေယာဉ်ဖြင့် ၂၀၁၀ ခုနှစ်မှ စ၍ နှစ်စဉ်စားစရိတ်ငြိမ်း အခမဲ့ပို့ဆောင်ပေးလျက်ရှိရာ ကမ္ဘောဇကုမ္ပဏီများအုပ်စုမှ အရာထမ်းဝန်ထမ်းစုစုပေါင်း ၁၆၅ ဦးကို သတ္တမအကြိမ်အဖြစ် မတ် ၁၀ ရက်မှ ၁၂ ရက်အထိ ဘုရားဖူးပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ဓမ္မဒါနကုသိုလ်ဖြစ် ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်တွင် ဘုရားအဆူဆူပွင့်တော်မူရာ မဟာဗောဓိညောင်ပင်နှင့် ရွှေပလ္လင်၊ မြတ်စွာဘုရား ခြောက်နှစ်တာ ဒုက္ကရစရိယာကျင့်တော်မူသော ဥရုဝေလတောင်၊ နာလန္ဒာနှင့် ရာဇဂြိုဟ်တစ်ဝိုက်ရှိ ဗုဒ္ဓဝင်နေရာများ၊ အဇာတသတ်စေတီ၊ ဝေဠုဝန်ကျောင်းတော်ရာ၊ နာလန္ဒာတက္ကသိုလ်၊ သုဇာတာ ယနာနို့ဆွမ်းကပ်ရာသေနာနိဂုံးရွာနှင့် အခြားထင်ရှားသော ဘုရား၊ စေတီများသို့ ပို့ဆောင်ခဲ့သည်။ ထို့အပြင် ယခု ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်တွင် ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌနှင့် မိသားစုမှ နာလန္ဒာတက္ကသိုလ်သို့ အမေရိကန်ဒေါ်လာ ၄၅၀၀၀၊ မဟာဗောဓိဓမ္မရိပ်သာကျောင်းသို့ အမေရိကန်ဒေါ်လာ ၅၀၀၀၊ နာလန္ဒာတရုတ်ကျောင်းသို့ အမေရိကန်ဒေါ်လာ ၃၅၀၀တို့ကို ပေးအပ်လှူဒါန်းခဲ့ပြီး အရာထမ်း/ဝန်ထမ်းများကလည်း မဟာဗောဓိဓမ္မရိပ်သာကျောင်းသို့ အလှူငွေစုစုပေါင်း ကျပ်သိန်း ၁၄၅၅၀၀၀၊ အမေရိကန်ဒေါ်လာ ၃၉၆၀နှင့် အိန္ဒိယရူပီး ၄၆၀၀၀ တို့ကိုလည်းကောင်း၊ နာလန္ဒာတရုတ်ကျောင်းသို့ အလှူငွေ အမေရိကန်ဒေါ်လာ ၁၄၂၀၊ အိန္ဒိယရူပီး ၃၂၂၅၀၊ ငွေကျပ် ၁၄၇၀၅၀၀ တို့ကို လည်းကောင်း၊ နာလန္ဒာတက္ကသိုလ်သို့ အလှူငွေ အမေရိကန်ဒေါ်လာ ၈၂၂၈၊ အိန္ဒိယ ရူပီး ၄၀၁၁၀ နှင့် ငွေကျပ် ၆၄၀၀၀၀ တို့ကို ထည့်ဝင်လှူဒါန်းခဲ့ကြောင်း သိရသည်။

ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့သည် ဓမ္မဒါနကုသိုလ် ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်အဖြစ် ၂၀၁၀ ခုနှစ်တွင် အရာထမ်း/ဝန်ထမ်းစုစုပေါင်း ၁၂၄ ဦးကို လည်းကောင်း၊ ၂၀၁၂ ခုနှစ်တွင် အရာထမ်း/ဝန်ထမ်း စုစုပေါင်း ၁၃၈ ဦးကိုလည်းကောင်း၊ ၂၀၁၃ ခုနှစ်တွင် အရာထမ်း/ဝန်ထမ်းစုစုပေါင်း ၁၄၂ ဦးကိုလည်းကောင်း၊ ၂၀၁၄ခုနှစ်တွင် အရာထမ်း/ဝန်ထမ်း စုစုပေါင်း ၁၃၄ ဦးကိုလည်းကောင်း၊ ၂၀၁၅ ခုနှစ်တွင် အရာထမ်း/ဝန်ထမ်း စုစုပေါင်း ၁၂၃ ဦးကိုလည်းကောင်း၊ ၂၀၁၆ခုနှစ်တွင် အရာထမ်း/ဝန်ထမ်းစုစုပေါင်း ၁၂၃ ဦးကိုလည်းကောင်း ဘုရားဖူးစရိတ်ငြိမ်း ပို့ဆောင်ပေးခဲ့ရာ ယခုသတ္တမအကြိမ်အထိ အရာထမ်း/ဝန်ထမ်း စုစုပေါင်း ၉၄၉ ဦးကို ဓမ္မဒါနအဖြစ် ဘုရားဖူးပို့ဆောင်ပေးခဲ့ပြီး တစ်နှစ်လျှင် ကုန်ကျငွေ ကျပ်သိန်းပေါင်း ၁၅၀၀ ခန့် ကုန်ကျခံ၍ ဓမ္မဒါနဘုရားဖူး ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**(ဝ၁ဝ)**

# မူလတန်းနှင့် အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများအတွက် နွေရာသီပန်းချီအခြေခံသင်တန်းအခမဲ့ဖွင့်

**မြစ်သား မတ် ၁၃**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့တွင် ပန်းသီတာဥယျာဉ် သာယာလှပရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီက စီစဉ်၍ မူလတန်းနှင့် အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများအတွက် နွေရာသီပန်းချီအခြေခံသင်တန်းကို ပန်းသီတာ ဥယျာဉ်အတွင်း၌ မတ် ၁၁ ရက် နံနက် ၉ နာရီက အခမဲ့ ဖွင့်လှစ်သင်ကြားခဲ့သည်။

အဆိုပါ နွေရာသီပန်းချီအခြေခံ သင်တန်းတွင် မူလတန်းနှင့် အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူပေါင်း ၁၂၀ ကျော် တက်ရောက် သင်ကြားကြပြီး ပန်းချီဆရာကြီးများဖြစ်ကြသော ဦးသန်းထွန်း(ငြိမ်းငြိမ်းချမ်းချမ်း)၊ ဦးခင်မောင်ဦး (ဒေဒင်)၊ ဦးသိန်းဌေးဦး(မြန်မာမှု)နှင့် ဦးတင်ညွှန့် (မလိခ)တို့က သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းကာလမှာ မတ် ၁၁ ရက်မှ မတ် ၃၁ ရက်အထိ ၂၁ ရက် ကြာမည်ဖြစ်ကြောင်း သိရသည်။

**ရဲဝင်းထွန်း(မြစ်သား)**

# လိုင်ဗားဆည်ပတ်ဝန်းကျင်ကို သဘာဝဘေးမဲ့တောဖြစ်လာစေရန်နှင့် ခရီးသွားများ အနားယူအပန်းဖြေနိုင်ရန် မျှော်မှန်းထား



**ဟားခါး မတ် ၁၃**

ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွှယ်သည် ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်ကျော်နှင့် ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်တာဝန်ရှိသူများလိုက်ပါလျက် မတ် ၁၁ ရက်က ဖလမ်းမြို့နယ်ရှိ လိုင်ဗားဆည်ရေလှောင်တမံနှင့် လေးလက်ကျေးရွာကားလမ်းပြုပြင်ဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ယင်းသို့ ကြည့်ရှုစစ်ဆေးရာ၌ ပြည်နယ်ဝန်ကြီးချုပ်က လိုင်ဗားဆည်ရေလှောင်တမံအတွင်း ရေသိုလှောင်ထားရှိနိုင်မှု ပမာဏအခြေအနေနှင့် ဆည်ပတ်ဝန်းကျင်အနီး သစ်တောများ ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် တာဝန်ရှိသူများအနေဖြင့် ဒေသခံပြည်သူများ သိရှိနားလည်သဘောပေါက်အောင် ချပြရှင်းလင်းဆောင်ရွက်ရေးတို့ကို မှာကြားပြီး ဖလမ်းမြို့နယ် လေးလက်ကျေးရွာကားလမ်းပြုပြင်ဆောင်ရွက်နေမှု အခြေအနေများကို ဆက်လက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် လိုင်ဗားကျေးရွာရှိ ကျေးလက်နေဒေသခံပြည်သူများနှင့်တွေ့ဆုံပြီး အမှာစကားပြောကြားရာ၌ လိုင်ဗားဆည်သည် ဟားခါး၊ ဖလမ်း၊ ထန်တလန်မြို့နယ် သုံးမြို့နယ်တို့ဖြင့် ဆက်စပ်တည်ရှိလျက်ရှိသည်နှင့်အညီ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ အကျိုးတရားများကို ဆောင်ကြဉ်းပေးနိုင်သည့် ဆည်တစ်ခုဖြစ်ကြောင်း၊ နိုင်ငံတော်သမ္မတကြီး၏ ခရီးစဉ်လမ်းညွှန်မှုနှင့်အတူ မိမိတို့အနေဖြင့် ဤဆည်ပတ်ဝန်းကျင်ကို သဘာဝဘေးမဲ့တောကြီး ဖြစ်လာစေရန်နှင့် နိုင်ငံရပ်ခြားခရီးသွားဧည့်သည်များ၊ ပြည်တွင်းခရီးသွားပြည်သူများ အနားယူအပန်းဖြေလေ့လာစရာ ဒေသတစ်ခုဖြစ်လာစေရန်မျှော်မှန်းထားပါကြောင်း၊ ဒေသခံပြည်သူများအလုပ်အကိုင်နှင့် ဝင်ငွေအခွင့်အလမ်းများ ရရှိပြီး ဆင်းရဲနွမ်းပါးမှုလျှော့ချနိုင်စေရေးအတွက် အားလုံးက တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် ပြောကြားသည်။

ပြည်နယ်ဝန်ကြီးများ၊ အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးပြုံးချိုနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက မိမိတို့ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

**ပြည်နယ် မြန်/ဆက်**

# မိတ္ထီလာတွင် သိမ်ကိုးသိမ် လှည့်လည်ပူဇော်ပွဲ စည်ကားသိုက်မြိုက်စွာကျင်းပမည်

**မိတ္ထီလာ မတ် ၁၃**

မိတ္ထီလာတွင် တပေါင်းလပြည့်နေ့တိုင်း နှစ်စဉ်ကျင်းပမြဲဖြစ်သည့် သိမ်ကိုးသိမ်လှည့်လည်ပူဇော်ပွဲကို မတ် ၁၈ ရက် (တပေါင်းလပြည့်ကျော် ၅ ရက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပပူဇော်သွားမည်ဖြစ်ကြောင်း သိရသည်။

သိမ်ကိုးသိမ်လှည့်လည်ပူဇော်ပွဲကျင်းပရေး အလှည့်ကျကော်မတီဥက္ကဋ္ဌ ဦးကျော်ဇေယျက "မိတ္ထီလာမှာ နှစ်စဉ်နှစ်တိုင်း တပေါင်းလပြည့်နေ့တိုင်း သိမ်ကိုးသိမ်လှည့်လည်ပူဇော်ပွဲကို စည်ကားသိုက်မြိုက်စွာကျင်းပခဲ့တာ ဒီနှစ်ဆိုဆဋ္ဌမအကြိမ်မြောက်ရှိပါပြီ။ ဒီနှစ်တော့ တပေါင်းလပြည့်နေ့က တက္ကသိုလ်ဝင်တန်းစာမေးပွဲရက်ကာလအတွင်းရောက်နေတာမို့ ကျောင်းသားမိဘတွေ၊ ကျောင်းသားတွေပါ သိမ်ကိုးသိမ်လှည့်လည်ပူဇော်ပွဲမှာ ပါဝင်နိုင်အောင် စာမေးပွဲပြီးကာလ (တပေါင်းလပြည့်ကျော် ၅ ရက်) မတ် ၁၈ရက်ကို ပြောင်းလဲကျင်းပသွားမှာဖြစ်ပါတယ်။

မိတ္ထီလာမြို့ရပ်ကွက် ၁၄ ရပ်ကွက်နဲ့ ကျေးရွာတွေမှာနေထိုင်သူတွေ၊ ပြီးတော့ ဌာနဆိုင်ရာဝန်ထမ်းတွေ စုစုပေါင်း လူဦးရေ ၃၅၀၀ ကျော်အတွက် မော်တော်ယာဉ်စီးရေ ၁၇၀ ခန့် စီစဉ်ထားရှိပါတယ်" ဟု ပြောသည်။

အဆိုပါ သိမ်ကိုးသိမ် လှည့်လည်ပူဇော်ပွဲဖြစ်မြောက်ရေးအတွက် ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများပူးပေါင်း၍ ပူဇော်ပွဲမကျင်းပမီအချိန်က ကြိုတင်၍ အလှူခံလှည့်လည်ထွက်ရှိပြီး မြို့ပေါ်ရပ်ကွက် ၁၄ ရပ်ကွက် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စေတနာရှင်များက လှူဒါန်းငွေများ ပါဝင်လှူဒါန်းကြသည်။

သိမ်ကိုးသိမ်လှည့်လည်ပူဇော်ပွဲကျင်းပသည့်နေ့တွင် ယင်းပူဇော်ပွဲလိုက်ပါသူများအားလုံးကိုမော်တော်ယာဉ်များဖြင့် အခမဲ့ပို့ဆောင်ခြင်း၊ နေ့လယ်စာထမင်းကျွေးမွေးခြင်းပြုလုပ်ပြီး တစ်နေ့တည်းဖြင့်သိမ်ကိုးသိမ်အား လှည့်လည်ပူဇော်နိုင်အောင် စီစဉ်ဆောင်ရွက်ပေးသည်။

ကောဇာသက္ကရာဇ် ၄၁၆ ခုနှစ်တွင် ပုဂံပြည့်ရှင်အနော်ရထာမင်းကြီး၏ လျှောက်ထားမှုကြောင့် ရှင်အရဟံမထေရ်မြတ်အမှူးပြုသည့် ရဟန္တာအရှင်သူမြတ်များသည် မိတ္ထီလာကန်ကို ဗဟိုပြု၍ ကန်အထက်လေးသိမ်၊ အလယ်ဗဟိုတစ်သိမ်၊ ကန်အောက်လေးသိမ်ပိုင်းခြားပြီး တစ်ချိန်တည်း တစ်ပြိုင်တည်း သိမ်ကိုးသိမ်ကို သမုတ်တော်မူခဲ့ကြသည်။

ယခုအခါ ပဲသီတာသိမ်၊ ကက္ကူကန်သိမ်၊ ဝက်ကျော်သိမ်၊ ရှင်ပင်ကူသိမ်၊ ထီးသုံးဆင့်သိမ်၊ သဖန်းသိမ်၊ ကလိန်ခြေသိမ်တို့မှာ မိတ္ထီလာမြို့နယ်အတွင်း ပါဝင်ပြီး ကူဖြူသိမ်နှင့် ကုန်းတောင်းသိမ်တို့မှာ သာစည်မြို့နယ်အတွင်း ပါဝင်လျက်ရှိသည်။

**ချမ်းသာ (မိတ္ထီလာ)**



# “Game of Thrones” ရုပ်ရှင်သစ်တွင် အက်ဒ်ရှီရန် ပါဝင်သရုပ်ဆောင်မည်

တေးရေး၊ တေးဆိုတစ်ဦးအဖြစ်ကျော်ကြားတဲ့ ဗြိတိန်ဂီတကြယ်ပွင့် အက်ဒ်ရှီရန်ဟာ ဟောလိဝုဒ်ရဲ့ ကျော်ကြားတဲ့ ဇာတ်လမ်းတွဲရုပ်ရှင်တစ်ကားဖြစ်တဲ့ “Game of Thrones”ရဲ့ နောင်လာမယ့်ရာသီအတွက် ရိုက်ကူးထုတ်လွှင့်သွားမယ့်ရုပ်ရှင်မှာ ဧည့်သည်သရုပ်ဆောင်တစ်ဦးအဖြစ် ပါဝင်သွားမှာဖြစ်ကြောင်း အီးတီအွန်လိုင်းဒေါ့ကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

တိုက်ခိုက်ရေးအမျိုးအစားရုပ်ရှင်တစ်ခုဖြစ်တဲ့ “ Game of Thrones” ရုပ်ရှင်တွေရဲ့ လာမယ့်ရာသီအတွက် ရိုက်ကူးသွားမယ့် ရုပ်ရှင်မှာ အက်ဒ်ရှီရန်က ပါဝင်သရုပ်ဆောင်သွားမှာဖြစ်ပေမယ့် သူပါဝင် သရုပ်ဆောင်ရမယ့်အခန်းနဲ့ပတ်သက်ပြီး အသေးစိတ်ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိခဲ့ပါဘူး။ ဒါပေမယ့် အဆိုပါရုပ်ရှင်ကို ဖန်တီးသူတစ်ဦးဖြစ်တဲ့ ဒေးဗစ်ဗန်နီယော့ဖ်က အက်ဒ်ရှီရန်ဟာ အဆိုပါရုပ်ရှင်၏ ပင်တိုင် ဇာတ်ကောင်တစ်ဦးဖြစ်သူ အာယာအဖြစ် ပါဝင်သရုပ်ဆောင်ထားတဲ့ မင်းသမီး မက်စီဝီလီယမ်စ်အတွက် ရည်ရွယ်ပြုလုပ်ပေးခဲ့တဲ့ အံ့အားသင့်ဖွယ် ဖျော်ဖြေမှုတစ်ခုအတွက် ပါဝင်သရုပ်ဆောင်ပေးသွားမှာဖြစ်တယ်လို့ ပြီးခဲ့တဲ့သီတင်းပတ်အကုန်က အမေရိကန်နိုင်ငံ တက္ကဆက်စ်ပြည်နယ်မှာကျင်းပခဲ့တဲ့ ရုပ်ရှင်ပွဲတော်တစ်ခုရဲ့ အဆိုပါရုပ်ရှင်အတွက် အမေးအဖြေကဏ္ဍမှာ ထုတ်ဖော်ပြောကြားခဲ့ခြင်းဖြစ်တယ်လို့လည်း သိရပါတယ်။

လတ်တလော ပြင်ဆင်ရိုက်ကူးနေတဲ့ရုပ်ရှင်ဟာ “Game of Thrones” ရုပ်ရှင်တွေရဲ့ သတ္တမမြောက်ရာသီအတွက် ရုပ်ရှင်တွေဖြစ်ကြပြီး အဆိုပါရာသီမှာတော့ ဇာတ်လမ်းအပိုင်းပေါင်း ခုနစ်ပိုင်းပါဝင်မှာဖြစ်တယ်လို့လည်း သိရပါတယ်။ ယခင်ထုတ်လွှင့်ခဲ့ပြီးဖြစ်တဲ့ ရာသီတွေမှာတော့ တစ်ရာသီအတွက် အပိုင်း ၁၀ ပိုင်း ပါဝင်ခဲ့ပေမယ့် ယခုရာသီမှာတော့ ခုနစ်ပိုင်းသာ ပါဝင်မှာဖြစ်တယ်လို့ ထုတ်ဖော်ပြောကြားခဲ့ရာ ပရိသတ်တွေကို အံ့အားသင့်စေခဲ့ပါတယ်။ ဒါ့အပြင် လာမယ့် ဆဋ္ဌမမြောက်ရာသီဟာ အဆိုပါရုပ်ရှင်တွေရဲ့ နောက်ဆုံးရာသီဖြစ်လာမှာဖြစ်ပြီး အပိုင်းခြောက်ပိုင်းသာ ပါဝင်မှာဖြစ်ကြောင်းလည်း လတ်တလောမှာ အတည်ပြုပြောကြားလာခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

HBO ရုပ်သံလိုင်းက ရိုက်ကူးထုတ်လွှင့်ပြသခဲ့တဲ့ အဆိုပါဇာတ်လမ်းတွဲရုပ်ရှင်ကြီးမှာ အက်ဒ်ရှီရန် ပါဝင်သရုပ်ဆောင်ဖြစ်ခဲ့ပုံနဲ့ပတ်သက်ပြီးလည်း တာဝန်ရှိသူတစ်ဦးက အက်ဒ်ရှီရန်ကို ယခင်ကတည်းက ဧည့်သည်သရုပ်ဆောင်အဖြစ် ထည့်သွင်းရိုက်ကူးချင်ခဲ့တာဖြစ်ကြောင်းနဲ့ ယခုလိုအဆုံးသတ်ခါနီး ရုပ်ရှင်မှသာ ဆန္ဒတွေပြည့်ဝခဲ့တာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလာခဲ့ပါတယ်။

အဆိုပါရုပ်ရှင်မှာ အဓိကဇာတ်ဆောင် အာယာအဖြစ် ပင်တိုင်ပါဝင်သရုပ်ဆောင်ထားတဲ့ အသက်(၁၉)နှစ်အရွယ် မင်းသမီး မက်စီဝီလီယမ်စ်ကလည်း သူအလွန်မြတ်နိုးတဲ့ ဇာတ်ကောင်တစ်ဦးဖြစ်တဲ့ အာယာဟာ အဆုံးသတ်တော့မှာဖြစ်တဲ့အတွက် အလွန်ပင်ဝမ်းနည်းမိကြောင်းလည်း အဆိုပါမီဒီယာကို ဖွင့်ဟခဲ့တယ်လို့လည်း သိရပါတယ်။

အဆိုပါ “Game of Thrones” ရုပ်ရှင်တွေရဲ့ သတ္တမမြောက်ရာသီအတွက် ရုပ်ရှင်သစ်ကိုတော့ လာမယ့် ဇူလိုင် ၁၇ ရက်မှာ စမ်းသပ်ထုတ်လွှင့်ပြသသွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။

**အေးပြည့် – စုစည်းသည်**

## “ Fast and Furious” ရုပ်ရှင်သစ်မှာ ကားတွေအားလုံးထိန်းချုပ်ခံရ

ဟောလိဝုဒ်ရဲ့ နာမည်ကျော်မင်းသားကြီး ဗင်ဒီဇယ်လ် ခေါင်းဆောင်ပါဝင်ထားတဲ့ “Fast and Furious”ဇာတ်လမ်းတွဲရုပ်ရှင်တွေရဲ့ ရုပ်ရှင်သစ်အတွက် အစမ်းဗီဒီယိုကို မကြာသေးမီက ထုတ်ဖော်ပြသခဲ့ရာမှာတော့ ထူးခြားတဲ့ ဇာတ်ဝင်ခန်းတစ်ခန်းပါဝင်နေတာကို စိတ်ဝင်စားဖွယ်တွေ့မြင်ခဲ့ရပါတယ်။ ယင်းရုပ်ရှင်သစ်မှာ မြို့တော်အတွင်းမှာရှိတဲ့ ကားတွေအားလုံးကို အဆိုပါရုပ်ရှင်ရဲ့ အဓိကဗီလိန်တစ်ဦးဖြစ်တဲ့ ချာလစ်ဇ်သယ်ရွန်က ထိန်းချုပ်ထားတာကို တွေ့မြင်ခဲ့ရတာဖြစ်ပါတယ်။

ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း စတင်ထုတ်လွှင့်ခဲ့တဲ့ အဆိုပါဇာတ်လမ်းတွဲရဲ့ ရုပ်ရှင်သစ် “The Fate of the Furious”အတွက် အစမ်းရုပ်ရှင်မှာတော့ နယူးယော့ခ်မြို့တော်အတွင်းက ကားထောင်ပေါင်းများစွာဟာ ထိန်းချုပ်ခံထားရတာဖြစ်ပြီး တစ်နေရာတည်းကို ဦးတည်သွားနေတာကို တွေ့မြင်ခဲ့ရပါတယ်။ ဒါ့အပြင် ယင်းရုပ်ရှင်ရဲ့ အဓိကဗီလိန်ဇာတ်ကောင်ကလည်း နယူးယော့ခ်မြို့တော်မှာရှိနေတဲ့ ကားတွေအားလုံးဟာ လတ်တလောမှာတော့ သူ့ရဲ့ ထိန်းချုပ်မှုအောက်မှာရှိနေကြောင်း ပြောကြားခဲ့တာလည်း တွေ့မြင်ခဲ့ရပါတယ်။

ဒါ့အပြင် ရှစ်ကားမြောက် “Fast and Furious” ရုပ်ရှင်ဖြစ်တဲ့အဆိုပါရုပ်ရှင်သစ်မှာတော့ အဓိကဇာတ်ဆောင် ဒွန်အဖြစ် ပါဝင်ထားတဲ့ မင်းသားကြီး ဗင်ဒီဇယ်လ်ရဲ့ သစ္စာဖောက်မှုတွေကိုလည်း တွေ့မြင်ကြရမှာဖြစ်ပါတယ်။ ဗင်ဒီဇယ်ကျူးလွန်ခဲ့တဲ့ ရာဇဝတ်မှုတွေနဲ့အတူ ပေါက်ကွဲမှုတွေ၊ မီးတောက်တွေကိုလည်း ရုပ်ရှင်သစ်မှာတွေ့မြင်ကြရမှာဖြစ်တယ်လို့ အေ့စ်ရှိုးဘစ်ဇ်ဒေါ့ကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ရုပ်ရှင်သစ် “The Fate of the Furious”မှာ ယခင်ရုပ်ရှင်တွေမှာ ပါဝင်သရုပ်ဆောင်နေကျ ဟောလိဝုဒ် မင်းသား၊ မင်းသမီးတွေဖြစ်ကြတဲ့ ဂျက်ဆင်စတက်ဟမ်၊ မိုက်ကယ်လ်ရော့ဒရီဂွတ်စ်၊ လူဒါခရိုက်စ်နဲ့ တိုင်ရီးဂစ်ဘ်စန်တို့ ပါဝင်ထားကာ ဟယ်လန်မစ်ရန်နဲ့ စကော့ခ်အိစ်ဝုဒ်တို့လည်း ပါဝင်လာခဲ့တာကို တွေ့မြင်ခဲ့ရပါတယ်။ ဒါရိုက်တာ ဘီဂယ်ရီဂရေးက တာဝန်ယူရိုက်ကူးပေးထားတဲ့ ယင်းရုပ်ရှင်သစ်ကိုတော့ လာမယ့် ဧပြီ ၁၄ ရက်ကစတင်ပြီး အမေရိကန်နိုင်ငံတစ်ဝန်း စတင်ရုံတင်သွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။



## ဂီတလှုပ်ရှားမှုတွေကနေ ခေတ္တအနားယူမယ့် ဂျက်ဆန်

ပြီးခဲ့တဲ့ မတ် ၁၁ ရက်က တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မှာ ကျင်းပခဲ့တဲ့ ပရိသတ်တွေနဲ့တွေ့ဆုံပွဲအတွင်း အမှတ်တရလက်မှတ်ရေးထိုးပေးနေစဉ် သတိလစ်လဲကျခဲ့တဲ့ အမျိုးသားတေးဂီတအဖွဲ့ “GOT7” မှ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဂျက်ဆန်ဟာ သူ့ရဲ့ကျန်းမာရေး အခြေအနေကြောင့် တေးဂီတလှုပ်ရှားမှုတွေကနေ ခဏတာအနားယူမှာဖြစ်ကြောင်း သူ့ရဲ့ဖျော်ဖြေရေး အေဂျင်စီက လတ်တလောမှာ ထုတ်ဖော်ပြောကြားလာခဲ့ကြောင်း အမ်ဝေ့ဗ်ဒေါ့ကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ဂျက်ဆန်ရဲ့ လတ်တလောကျန်းမာရေးအခြေအနေနဲ့ပတ်သက်ပြီး အသေးစိတ်ကို ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိပေမယ့် အဆိုပါတေးဂီတအဖွဲ့ရဲ့အေဂျင်စီဖြစ်တဲ့ ဂျဝိုင်ပီအန်တာတိန်းမန့်က ပြီးခဲ့တဲ့ မတ် ၁၂ ရက်မှာတော့ ဂျက်ဆန်ဟာ လတ်တလောမှာ စီစဉ်ထားတဲ့တေးဂီတလှုပ်ရှားမှုတွေမှာ ပါဝင်ဆောင်ရွက်နိုင်ခြင်းမရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့တာဖြစ်ပါတယ်။

“GOT7” ရဲ့ တေးအယ်လ်ဘမ်သစ်ဖြစ်တဲ့ “Flight Log: Arrival”ဟာလည်း ပြီးခဲ့တဲ့ မတ် ၁၃ ရက်မှာ စတင်ထုတ်လွှင့်ခဲ့တာကြောင့် အဆိုပါတေးအယ်လ်ဘမ်နဲ့ပတ်သက်တဲ့ ဖျော်ဖြေပွဲတွေမှာ ပါဝင်နိုင်ရေးအတွက် ဂျက်ဆန်ဟာ လတ်တလောမှာတော့ သူ့ရဲ့ကျန်းမာရေး မြန်မြန်ပြန်ကောင်းလာစေဖို့သာ အာရုံစိုက်နေကြောင်းလည်း အဆိုပါမီဒီယာက ဖော်ပြခဲ့ပါတယ်။

## အမ်မာဝပ်ဆန်ဖွင့်ဟလာတဲ့ “La La Land”ကို ငြင်းပယ်ခဲ့ရတဲ့အကြောင်းအရင်း

“Harry Potter” ဇာတ်လမ်းတွဲရုပ်ရှင်တွေမှာ ကလေးသရုပ်ဆောင်တစ်ဦးအဖြစ် ဟောလိဝုဒ်အနုပညာလောကအတွင်း စတင်ခြေချခဲ့တဲ့ ဗြိတိန်မင်းသမီး အမ်မာဝပ်ဆန်ဟာ ငွေကြေးအရအောင်မြင်ရုံသာမက ယခုနှစ်အတွင်း ကျင်းပခဲ့တဲ့ အနုပညာထူးချွန်ဆုပေးပွဲတွေမှာလည်း ထူးချွန်ဆုတွေများစွာသိမ်းပိုက်နိုင်ခဲ့တဲ့ တေးဂီတရုပ်ရှင် “La La Land”မှာ ပါဝင်သရုပ်ဆောင်ပေးဖို့ ဦးစွာကမ်းလှမ်းခံခဲ့ရပေမယ့် ငြင်းပယ်ခဲ့တာဖြစ်တယ်လို့ သိရပါတယ်။ ဒီလိုငြင်းပယ်လိုက်တဲ့အကြောင်းအရင်းနဲ့ပတ်သက်ပြီး ဟောလိဝုဒ်မီဒီယာအချို့က အမ်မာဝပ်ဆန်ဟာ အဆိုပါရုပ်ရှင်မှာ ပါဝင်သရုပ်ဆောင်ဖို့အနုပညာကြေးကို ကမ်းလှမ်းတာထက်ပိုမိုတောင်းဆိုခဲ့တဲ့အတွက် သူနဲ့ရိုက်ကူးဖြစ်ခဲ့ခြင်းမရှိတော့တာဖြစ်ကြောင်း ဝေဖန်ရေးသားခဲ့ကြတဲ့အပေါ် လတ်တလောမှာတော့ အမ်မာဝပ်ဆန်က ပြန်လည်တုံ့ပြန်ပြောကြားလိုက်ကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေါ့ကွန်းရဲ့ဖော်ပြချက်တွေအရ သိရပါတယ်။

အမ်မာဝပ်ဆန်က သူ့အနေနဲ့ “La La Land”မှာ ပါဝင်သရုပ်ဆောင်ဖို့အတွက် ငြင်းဆိုခဲ့တာဟာ ဒစ္စနေရဲ့ လိုက်ဖ်အက်ရှင်ရုပ်ရှင်သစ် “Beauty and the Beast”ကို လက်ခံရိုက်ကူးပေးချိန်နဲ့ တိုက်ဆိုင်နေတဲ့အတွက်ဖြစ်ကြောင်းနဲ့ ရုပ်ရှင်ကားကြီးနှစ်ကားကို တစ်ပြိုင်နက်လက်ခံရိုက်ကူးပေးပါက အာရုံစိုက်နိုင်မှုလျော့နည်းကာ ပါဝင်သရုပ်ဆောင်ရတဲ့ ဇာတ်ကောင်အတွက် အကောင်းဆုံးသရုပ်ဆောင်နိုင်ခြင်းမရှိမှာကို စိုးရိမ်တာကြောင့် ယခုလိုငြင်းဆိုခဲ့ခြင်းဖြစ်ကြောင်းလည်း မကြာသေးမီက ပြုလုပ်ခဲ့တဲ့ အင်တာဗျူးတစ်ခုမှာ ဖွင့်ဟခဲ့ခြင်းဖြစ်တယ်လို့လည်း သိရပါတယ်။

“La La Land”ရုပ်ရှင်ဟာ ယခုနှစ်အတွက် အကယ်ဒမီဆုပေးပွဲကြီးမှာ ထူးချွန်ဆု လေးဆုကို သိမ်းပိုက်နိုင်ခဲ့တဲ့ရုပ်ရှင်ဖြစ်ပြီး ယင်းရုပ်ရှင်မှာ ပါဝင်သရုပ်ဆောင်ခဲ့တဲ့ ခေါင်းဆောင်မင်းသမီး အမ်မာစတုန်းဟာလည်း ယခုနှစ်ရဲ့ အကောင်းဆုံးအမျိုးသမီးဇာတ်ဆောင်ဆုကို အော်စကာဆုပေးပွဲကြီးမှာ လက်ခံရရှိခဲ့တာဖြစ်ပါတယ်။ ငွေကြေးအရလည်း ဝင်ငွေအကောင်းဆုံးရုပ်ရှင်အဖြစ် ရပ်တည်နိုင်ခဲ့တဲ့အဆိုပါရုပ်ရှင်မှာ အမ်မာစတုန်းနဲ့အတူ မင်းသား ရှိုင်ယန်ဂေါ့စလင်းက ပါဝင်သရုပ်ဆောင်ထားခဲ့ပေမယ့် အဆိုပါရုပ်ရှင်အတွက် မင်းသမီး အမ်မာဝပ်ဆန်နဲ့ မင်းသား မိုင်းစ်တက်လာတို့ကို ဦးစွာကမ်းလှမ်းခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။

အမ်မာဝပ်ဆန်က အဓိကဇာတ်ဆောင် ဘယ်လီအဖြစ် ပါဝင်သရုပ်ဆောင်ထားတဲ့ “Beauty and the Beast(2017)”ကိုတော့ လာမယ့် မတ် ၁၇ ရက်မှာ စတင်ထုတ်လွှင့်သွားမှာဖြစ်ပြီး အမ်မာဝပ်ဆန်ဟာလတ်တလောမှာ “The Ark and the Aardvark”ရုပ်ရှင်ကို လက်ခံရိုက်ကူးပေးလျက်ရှိရာ ယင်းရုပ်ရှင်ကိုတော့ ယခုနှစ်အတွင်း ထုတ်လွှင့်သွားဖို့ စီစဉ်ထားကြောင်းလည်း သိရပါတယ်။



# လွမ်းဆွတ်သင်္ကြန် ညချမ်းများ



စင်စစ်မန္တလေးသင်္ကြန်ဟူသည်ကား ဂီတပွဲတော်ကြီး တစ်ရပ်ဖြစ်ခဲ့သည်။ မြန်မာ့ရိုးရာ မှန်စီရွှေချ၊ ပန္နရူပ ပတ်မထမ်း ဆိုင်းဝိုင်းကြီးများဖြင့် မြန်မာ့ဂီတ၊ မြန်မာ့အကကို ပုံအောကွန့်မြူးသည့် ပွဲတော်ကြီးလည်းဖြစ်၏။ ထို့ပြင်တစ်ဝ အယုတ်အလတ်အမြတ်မရွေး ကိုယ့်ရင်ထဲရှိသမျှ အနုပညာကို စိတ်ရောကိုယ်ပါ ဖော်ထုတ်ပြ၊ ဖော်ထုတ်ခွင့်ရှိသည့်ပွဲတော်ကြီးလည်းဖြစ်သည်။

**မိုး မိုး...မိုး...လား မောင်ရို့....၊**
**လေ လေ.... လေ... လား.... မောင်ရို့....**
**ဘုန်းတော်ကြီးလို့ သက်တော်ရှည် ....**
**တို့တစ်တွေ .... ရေချမ်းအိုးကြီး ....**

ဟူသော ရင်ထဲရှိသည့် စေတနာကို လှစ်ဟသည့်အသံမှ အစပြု၍ . . .

**ဥပုသ်သည်ကို ရေမပက်နဲ့၊ ငရဲကြီးလိမ့်မယ်....၊**
**ခွက်စုတ်ကြီးနဲ့ ပက်တာလောက်တော့ ရီတာပေါ့ ရီတာပေါ့ ....** စသော နောက်ပြောင်ကျီစယ်သည့် အသံများလည်း ဟစ်လာကြသည်။ ထိုအသံများကား သုံးချက်စည်းအတွင်း၊ ကာရန်ကိုက်အသံများဖြစ်၏။ ရှေးကတည်းက ခေါ်ခဲ့တာ သံချပ်တဲ့။

၁၉၄၇ ခုနှစ် သင်္ကြန်မှာပင် မြို့မကဲ့သို့သော ဂီတဦးစားပေးအသင်းကြီးမှပင် သံချပ်များထိုးခဲ့သည်။ ဆိုသူ၊ တီးသူ၊ ကခုန်သူများအကြား ပျော်ရွှင်ဖွယ်ပေါင်းကူးလည်းဖြစ်ခဲ့၏။ အလွမ်းပြေ နားဆင်ကြည့်ကြရအောင်လေ။

**ငွေနန်းဖြူနဲ့ ရွှေမန်းသူ၊ သပြေပန်းယူကာ သွားစို့ဘုရား၊**
**ငွေနန်းစီးလို့ ရေဖျန်းခံ၊ ရွှေနန်းဆန်တာ'မြို့မ'ပါပဲ။**
**ငွေနန်းရုပ်နဲ့ထွက်လို့လာ၊ မြို့မမေတ္တာ ဖြူဖြူဖွေးဖွေး....၊**
**'မြို့မ' လာပေါ့ ခင်ပျိုကညာ၊ ထင်သလိုသာ ပက်ကြပေတော့၊**
**လူချောလူလှ လက်ရွေးစင်၊ ရှက်သွေးခင်ရင်၊ မိုတ်လို့သာပက်၊**
**လောင်းလိုက်ပက်လိုက်နွှဲရှာသူ၊ အသည်းမှာပူတာ၊ အေးပေါ့ အေးပေါ့၊**
**ကေသီရော့ရဲ ထုံးကျော့နှောင်၊ ပြီးတော့မယောင်ခင်တို့ရှုပေး၊**
**ကြည်သာတွဲ့တွဲ့နွဲ့ဟန်မူ၊ တကယ့်စံမတူလှတဲ့ကြော့မှူး၊**
**မြို့မအသင်းနဲ့ ကတဲ့သူ၊ ဘဝတူတူ၊ ဆုယူမှန်းစို့၊ အကကောင်းတဲ့ လှကေခိုင်၊ မငွေမြိုင်လို ကတတ်ရဲ့လား၊**
**မြို့မငွေနန်း ဘဝင်ကြည်၊ ခင်မဒီတွေ၊ ကကြပါဦး၊ ရေပက်သူဇာ၊ လှကညာ၊ ကယ တာကွေးတာ ယဉ်စစပဲ၊**
**ချွေးကလေးစို့ပေါ့ကတဲ့ခင်၊ 'မြို့မ'လာရင် အမောပြေပေါ့၊**
**ပြုံးလိုက် ရီလိုက် လှတာတွေ၊ ဘဝတာရှည်၊ လှနိုင်စေသား၊**
**ရှုလို့မဝ ရွှေမန်းလယ်၊ ငွေနန်းမယ်လို့ ခေါ်လိုက်ချင်ရဲ့...**
**နည်းနည်းပက်လို့၊ ဝဘူးခင်၊ 'မြို့မ' လာရင် ရွှဲအောင်ပက်တော့၊**
**တူရိယာဘက် ထိပ်တန်းတင်၊ 'မြို့မ' တီးရင် ဗေထိယ ဗေထိ....။**

မြန်မာ့ရိုးရာ အတာသင်္ကြန်သည် မြန်မာတို့၏စိတ်ရင်းနူးညံ့သိမ့်မွေ့မှုနှင့် ယဉ်ကျေးသောအနုပညာကို လူတိုင်းစေ့ဖော်ထုတ်ခံစားနိုင်ကြသည့် အမျိုးသားပွဲတော်ဖြစ်လေရာ မြန်မာအများစုရှိသည့် မန္တလေးသင်္ကြန်သည် 'မြန်မာ့ရိုးရာအတာသင်္ကြန်' သရုပ်ကို အပီဆုံးဖော်ထုတ်နိုင်ခဲ့သည့် ပွဲတော်ဖြစ်ခဲ့ဖူးသည်။ စစ်ကြီးမဖြစ်ခင်က ၁၃၀၀ ပြည့်နှစ်သင်္ကြန်၊ စစ်ကြီးအပြီး ၁၉၄၇ ရွှေမန်းတောင်ရိုပ်ခိုသင်္ကြန်၊ ၁၉၅၀ ငြိမ်းချမ်းရေးသင်္ကြန်၊ ၁၉၅၁ ပြည်ထောင်စုသင်္ကြန်များကား အနုပညာစွမ်းရည်အမြင့်မားဆုံးမှတ်တိုင်များ စိုက်ထူနိုင်ခဲ့တာလည်းငြင်းလို့မရ။ ထို့နောက် ၁၉၆၂-၆၃-၆၄-၆၅ သင်္ကြန်များတွင်လည်း အစိုးရဌာနမဏ္ဍပ်ချည်း ၄၀၊ အမျိုးသားအလှပြအသင်းနှင့် အမျိုးသမီးညှော့ခံမဏ္ဍပ်များ၅၀ ကျော်ဖြင့် ခြိမ့်ခြိမ့်သဲခဲ့သော သင်္ကြန်များချည်းဖြစ်ခဲ့၏။

**ဘုန်းတော်ကြီးလို့ သက်တော်ရှည်၊ တို့တစ်တွေ ရေချမ်းအိုးကြီးဟု** စတင်ကာ သံချပ်ထိုးခဲ့သည့်အစဉ်အလာကလည်း မပျက်မယွင်းထွန်းကားခဲ့ရာ သီချင်းဂီတနှင့်အတူ 'သံချပ်'ကလည်း သင်္ကြန်၏ချစ်စရာ့ဓလေ့ဖြစ်ခဲ့သည်။ နိုင်ငံရေးအသိအမြင်ကြွယ်ဝလာခြင်း နှင့်အတူ နိုင်ငံ့သမိုင်းကိုလည်း ပုံဖော်ကာ ကျိုးကြောင်းဆင်ခြင်သိဖြင့် ခေတ်ကိုလည်း ဝေဖန်တည့်မတ်သည့် သံချပ်များကား သင်္ကြန်ပျော် ပရိသတ်၏ သည်းခြေကြိုက်များဖြစ်ခဲ့သည်။

**လူထုအသံသင်္ကြန်**

မန္တလေးတွင် ဂီတမျိုးစေ့နှင့်အတူ သင်္ကြန်သံချပ်မျိုးစေ့ကလည်း အချိုးညီရှင်သန်ပေါက်ဖွားခဲ့သည်။ ဗိုလ်သခင်ဆရာ၊ ဒသဂီရိ၊ တောကရွှေမိ၊ သော်က၊ နှစ်ဦးမောင်မယ်၊ သင်္ကြန်အမြောက်၊ ပျိုးခင်းလူငယ်၊ မိုးသိကြား၊ ပစ်တိုင်းထောင်၊ ပြည်သူ့ဖော်ကောင်၊ ပိတောက်ကုန်းက မျောက်ရှုံး၊ ညောင်ပင်သာက ဆိုးပေ၊ ဒိုးဒိုးဒေါက်ဒေါက်၊ ခွပ်ဒေါင်းနီ၊ နွေဦးသခင်၊ တောက မောင်ကြီး၊ ပြည်သူ့ဘက်သား၊ ရွှေစွန်ညို၊ ဂျာရစ်တို့ရဲ့ လက်ပံနီ စသည်ဖြင့် သံချပ်အသင်းပေါင်းမြောက်မြားစွာလည်း နှစ်စဉ်မပျက်ပါဝင်ဆင်နွှဲခဲ့ကြသည်။ ထိုစဉ်က ဗဟိုမဏ္ဍပ်က ၈၄ လမ်း၊ ကျောက်သွေးတန်း၊ ပြန်ကြားရေးစာကြည့်တိုက်ရှေ့မှာ အများဆုံးဖြစ်သည်။ ယခု ရတနာပုံသတင်းစာတိုက်နေရာဖြစ်၏။ ညနေနေဝင်သည်နှင့် အလှပြယာဉ်တွေ၊ သံချပ်အသင်းတွေက ဗဟိုမဏ္ဍပ်၌ ပြိုင်ပွဲဝင်ရန် ဗိုလ်ချုပ်အောင်ဆန်းလမ်းကြီး တစ်လျှောက်တန်းစီစောင့်နေကြ၏။ လူအုပ်ကြီးက ဗဟိုမဏ္ဍပ်တောင်ဘက်၊ မြောက်ဘက် တစ်ပြကျော်စီအထိ ကြိတ်ကြိတ်တိုးနေသည်။ တောင်ဘက် ၃၁ လမ်းအထိ ပြည့်လျှံနေသော ပရိသတ်က လက်ဆည်ကန်ရပ်ရှိ နာမည်ကျော် နဂါးမယ်မဏ္ဍပ်က ပရိသတ်နှင့်ဆက်စပ်သွားသည်။

မြို့လူထု၏ အသည်းနှလုံး၊ မြို့၏ သွေးကြောမကြီး သဖွယ်တည်ရှိသော ဗိုလ်ချုပ်အောင်ဆန်းလမ်းမကြီးအား သင်္ကြန်ကာလအတွင်း အစည်ကားဆုံးလမ်းမတော်ကြီးဖြစ်သည်။ တောင်မှမြောက်၊ မြောက်မှတောင် အလှပြကားတွေ၊ သံချပ်အသင်းတွေ ဥဒဟို။ သင်္ကြန်စည်တိုသံဖြင့် မန္တလေးကောင်းကင်ယံသည် ဝင့်ကြွားမို့မောက်နေ၏။ ဗဟိုမဏ္ဍပ်ရှေ့၌ 'ဗိုလ်သခင်ဆရာ' သံချပ်အသင်းက ပြိုင်ပွဲဝင်နေသည်။ ပရိသတ်ကားငြိမ်သက်စွာအားပေးနေသည်။ တစ်ခါတစ်ခါမှသာ ဝေါခနဲပွဲကျသံ၊ လက်ခုပ်သံ၊ လက်ခေါက်မှုတ်သံများ ဆူညံသွားသည်။ နောက်၌ တစ်မျှော်တစ်ခေါ် တန်းစီစောင့်ဆိုင်းနေသော အခြားသံချပ်အသင်း၊ အလှပြယာဉ်များကလည်း ယဉ်ကျေးစွာဖြင့် အသံချဲ့စက်များပိတ်ပေးထားကြ၏။ သံချပ်စည်းချက်၊ သံချပ်ဒိုးချက်နှင့်အတူ ပြတ်သားအောင်မြင်သောအသံဖြင့် သံချပ်တိုင်လိုက်သည်။

**မျှော်–မျှော်–မျှော်ကြသဟာများ.....ပျော်ပျော်ပျော်ကြသလား။**
**ဗိုလ်သခင်ဆရာတို့ထွက်လို့လာ...များဆွေသဟာမာကြစေသား**
**ကျွန်တော်များရဲ့မေတ္တာရေ...အတာရေလို အေးမြစေသား**
**အတာရေအေးဆွတ်ဖျန်းခြုံ......ရောဂါအစုံဘယာကင်းဝေး**
**ဘယာဘေးဖြင့် ကင်းဝေးကာ....စိတ်၏ချမ်းသာရကြအများ**
**ဗိုလ်သခင်ဆရာတို့မွေးရပ်မြေ.....တောရပ်ဌာနေ ညောင်ပင်သာဗျို့**
**တပို့တွဲမို့ ပေါက်လဲငုံ.....လုပ်ငန်းအစုံ သိမ်းခဲ့ပြီပေါ့**
**လုပ်ငန်းသိမ်းလို့ အပေါင်းအဖော်.....မန်းမြို့တော်ကို လာခဲ့ပါရဲ့ တစ်နှစ်လုံးလုံး နွမ်းလျှခွေ....ပန်းသမျှတွေ ရေစင်နဲ့ဆေး**
**သင်္ကြန်ကျလို့ မြူးပျော်ရွှင်.....သီတာသဘင်ဆင်နွှဲကြစို့**
**ရောက်ခဲ့ရပေါ့ အတာသင်္ကြန်....မင်းတို့စံရာ ရွှေမြို့တော်ကြီး**
**ရွှေမြို့တော်ကြီးရှုခင်းမှာ....သာသာယာခန်းနားပါပေ့ သာယာခန်းနားဝင့်ကြွားကာ...ရိုးရာဓလေ့မှာ ကွယ်ပျောက်လုပေါ့**
**ရိုးရာဓလေ့ဖြင့် မလျော်ညီစွာ....မကြားဝံ့မနာသာ နောက်ပြောင်မှုများ။**

ထိုနှစ်က မန္တလေးတွင် သံချပ်များအပါအဝင် အမျိုးသားအလှပြယာဉ် ၂၄ ဖွဲ့၊ အမျိုးသမီးရေသဘင်အဖွဲ့ ၃၂ ဖွဲ့၊ အလှပြမဏ္ဍပ် ၁၄ ခုနှင့်ရေကစားမဏ္ဍပ် ၃၀ တို့ ပါဝင်ဆင်နွှဲကြသည်။ နောက်နှစ် ၁၉၆၉ ခုနှစ်မှာတော့ အမျိုးသားအဖွဲ့ ၄၀ ကျော်၊ အမျိုးသမီးအဖွဲ့ပေါင်း ၄၀ ခန့်ရှိသည်။ ပြိုင်ပွဲဝင်ကြသည့်အဖွဲ့ပေါင်း ၉၀ နီးပါး အနက် ယာဉ်အလှပြပထမဆုကို 'စေတနာ' အဖွဲ့က သုံးနှစ်ဆက်တိုက် ဒိုင်းအပိုင်ဆုရခဲ့၏။ 'စေတနာ' အဖွဲ့မှာ မန္တလေးဆေးတက္ကသိုလ်မှ ဆရာ၊ ဆရာမများ၊ ကျောင်းသူ၊ ကျောင်းသားများပါဝင်ဆင်နွှဲကြခြင်းဖြစ်သည်။ သံချပ်ဆုကိုလည်း 'ဗိုလ်သခင်ဆရာ' အဖွဲ့က သုံးနှစ်ဆက်တိုက် ဒိုင်းအပိုင်ဆုရသွား၏။

နောက်နှစ်များတွင် ပြိုင်ပွဲဝင်အသင်းများက ပိုမိုများပြားလာ၏။ ၁၉၇၃ ခုနှစ်တွင် မန္တလေးအနောက်မြောက်မြို့နယ်၌ ညှော့ခံမဏ္ဍပ် ၃၀၊ သံချပ်အဖွဲ့ ၂၁ သင်းနှင့် အလှပြယာဉ် ၅၀၊ အနောက်တောင်မြို့နယ်၌ မဏ္ဍပ် ၃၂ သင်း၊ ယာဉ်အလှပြ ၂၀ နှင့် သံချပ်အဖွဲ့ ၁၉ သင်း၊ အရှေ့တောင်မြို့နယ်တွင် မဏ္ဍပ်ပေါင်း ၁၂၉ သင်း၊ သံချပ် ၁၇ သင်းနှင့်အလှပြယာဉ် ၁၃ သင်း၊ အရှေ့မြောက်မြို့နယ်တွင် မဏ္ဍပ် ၁၈ သင်း၊ သံချပ် ခုနစ်သင်းနှင့်အလှပြယာဉ် ၈ သင်းတို့ ပါဝင်ဆင်နွှဲသဖြင့် တစ်မြို့လုံးအတိုင်းအတာနှင့် ခြုံငုံကြည့်လျှင် မန္တလေး၏ အရပ်တိုင်း၊ ပြတိုင်း၌ နေရာမလပ်စည်ကားခြိမ့်သဲနေမှာသေချာသည်။ ၁၉၇၅ ခုနှစ်မှာတော့ အနောက်မြောက်မြို့နယ်တွင် မဏ္ဍပ် ၂၂ သင်း၊ အလှပြယာဉ် ရှစ်သင်း၊ သံချပ် ၁၄ သင်း၊ အနောက်တောင်မြို့နယ်တွင် မဏ္ဍပ် ၂၂ သင်း၊ ယာဉ်အလှပြ ၁၄ သင်း၊ သံချပ် ခြောက်သင်း၊ အရှေ့တောင်မြို့နယ်တွင် မဏ္ဍပ် ၂၄ သင်း၊ အလှပြယာဉ် ၁၀ သင်း၊ သံချပ် ၁၇ သင်းနှင့် အရှေ့မြောက်မြို့နယ်တွင် မဏ္ဍပ် ၂၄ သင်း၊ အလှပြယာဉ် ကိုးသင်း၊ သံချပ် ၂၇ သင်းတို့ ပါဝင်ဆင်နွှဲခဲ့သည်ဟုဆို၏။

၇၀ ဝန်းကျင် နှစ်ကာလများ၌ အစည်ကားဆုံးဟု ဆိုရမည့် ၁၉၇၃ တွင် တစ်မြို့လုံး၌ အသင်းပေါင်း ၃၀၀ ကျော်ခြိမ့်ခြိမ့်သဲမျှ ပါဝင်ဆင်နွှဲကြသည်က ဂုဏ်ယူမှတ်တမ်းတင်ဖွယ်ဖြစ်၏။ ထိုကာလများကား နှောင်းခေတ်မန္တလေးသင်္ကြန်၏ ရွှေရောင်နှစ်များလည်းဖြစ်သည်။ အဆိုအတီးကလည်း အပြိုင်အဆိုင်၊ အကအလှကလည်း အပြိုင်အဆိုင်၊ သံချပ်အသင်းတွေကလည်း အပြိုင်အဆိုင်။

မန္တလေးသင်္ကြန်နှင့်အတူ ပေါက်ဖွားလာသော 'မြို့မ' အသင်းကြီးကလည်း ဓားတန်းရပ်အသင်းတိုက်ရှေ့မှ ငွေနန်းအလှပြယာဉ်ကြီးဖြင့် နှစ်စဉ်မပျက်မကွက် ဂီတအသစ်အဆန်းများသီဆိုတီးမှုတ်ကာ ဆက်ခံဆင်နွှဲသည်။ ထိုစဉ်က နာမည်ကျော်ကြားထင်ရှားလှသော ရုပ်ရှင်မင်းသားဝင်းဦးကလည်း ၁၉၆၇ ခုနှစ်မှစတင်ကာ ၁၉၇၈ ခုနှစ်ထိ ၁၉၆၈ ခုနှစ်မှလွဲ၍ ၁၁ နှစ်တိုင်တိုင် မပျက်မကွက်ပါဝင်ဆင်နွှဲခဲ့သော ရွှေရောင်သင်္ကြန်ဆယ်စုနှစ်လည်းဖြစ်သည်။

ဗဟိုမဏ္ဍပ်ရှေ့ရောက်ဖို့ လူအုပ်ကြီးကို မနည်းတိုးသွားရသည်။ ဆိတ်ပုဆိုးကြမ်းသည်၊ မုန့်လင်မယားသည်၊ ချွေတာရေးမုန့်သည်၊ ခဲလန်ချောင်းသည်များက လမ်းမကြီးဘေးမှာ အစီအရီ။ သင်္ကြန်တွင်း ၄ ရက်စလုံးရောင်းချကြရမှာမို့ ထိုနေရာ၌ပင်တဲထိုးကာ တစ်မိသားစုလုံးရောက်လာနေကြ၏။ ကြံရည်ကြိတ်စက်က ချိုသံတချွင်ချွင်နှင့် အောက်လင်းဓာတ်မီးရောင်အောက်တွင် အနားမရ မူးချာပတ်ချာလည်နေသည်။ ပြိုင်ပွဲဝင်မည့် သံချပ်အဖွဲ့တွေက တန်းစီစောင့်ဆိုင်းနေ၏။ လူအုပ်ကြားမှာ အတင်းဝင်တိုးပြီး ပြိုင်ပွဲဝင်မည့်သံချပ်အသင်းကားနှင့် မြင်သာရုံ နေရာအထိဝင်ကြရသည်။ မဏ္ဍပ်ပေါ်၌ ရွာစားကျော်က ပတ်လုံးများမှပတ်စာရေစာညှိသံကို အသံချဲ့စက်မှကြားရသည်မှတစ်ပါး ဘာသံမှမရှိ။ အားလုံးက ပြိုင်ပွဲဝင်သံချပ်အသင်းကားဆီ စူးစိုက်ခေါင်းမော့နေကြ၏။ ကားက အဖြူရောင်။ မြန်မာ့ရိုးရာ ကောက်ကြောင်းဖြင့် ရွှေစာယွန်း ပန်းချီဟန် သင်္ကြန်သရုပ်ဖော်အရုပ်များက ကားဘေး၌ လှပစွာရေးခြယ်ထား၏။ ရွှေရောင်၊ မိုးပြာရောင်၊ ခရမ်းရောင်၊ စိမ်းနုရောင် ယှက်သန်းနေသော ရွှေဒေါင်းတောင်ကလောင်ပုံကြီးက ကားတစ်ဖက်တစ်ချက် ခံ့ညားကော့ညွှတ်ချွန်မြနေသည်။ ဗဟိုမဏ္ဍပ်ပေါ်မှ အကဲဖြတ်အဖွဲ့၏ အချက်ပေးငွေမောင်းသံနှင့် မီးစိမ်းလေးလင်းလိုက်သည်နှင့် ပြိုင်ပွဲဝင်သံချပ်အဖွဲ့၏ ကားဦးမှ မီးတောက်မီးလျှံများက မီးခိုးလုံးနှင့်အတူ စတင်ထွက်ပေါ်လာသည်။ ထို့နောက် လေ့ကျင့်ထားသော အဖြူရောင်ကော့ခိုကလေး ငါးကောင် ရုတ်တရက်ထပျံကာ မဏ္ဍပ်ပေါ်မှ အကဲဖြတ်အဖွဲ့၏ ပခုံးပေါ်၊ စားပွဲပေါ်၊ ပန္နရူပပတ်မထမ်းပေါ် နားကြပြီး မူလစတင်ပျံခဲ့ရာနေရာသို့ ပြန်လာကြသည်။ ပရိသတ်လက်ခုပ်သံ ညံမစဲ၊ ခိုကလေးတွေပြန်အရောက် မီးတောက်မီးလျှံအငြိမ်း ကတ္တီပါကားအနီရောင်အောက်မှ လက်ရာမြောက်ပန်းချီကားကြီး တစ်ချပ် ဖြည်းဖြည်းချင်း။

ကွမ်းအစ်တစ်လုံး၊ သျှောင်တစ်ထုံးနှင့် ဆရာကြီး သခင်ကိုယ်တော်မှိုင်းပုံ။

နောက်ခံအနေနှင့် အောင်မြင်ခံ့ညားသော အသံဖြင့် . . .

**ပြည်ရွာမှာ မညီညာလို့ ကွဲပြန်တော့၊**
**စိတ်ထဲမသာမကြည်နှင့်.....**
**ယတြာယာယီ နေကောင်းပြီလို့...**
**အညာဆီကဝေ ပြောင်းခဲ့ပြီး.....**
**နေသောင်းထောင် အရောင်မညှိုးသလိုပ**
**ပြေကောင်းအောင် ဆောင်မကိုးရယ်လို့...**
**ရွှေဒေါင်းတောင်ကလောင်တစ်မျိုးရယ်နှင့် ...**
**တောင်ရိုးမှာ ဆရာကြဲမပေါ့လို့...တဲ့လေ....။**
**ထို့နောက် ......၊ ထို့နောက် ......။**

ကျွန်တော်တို့ မိတ်ဆွေများဖြစ်သည့် ပုလင်းဝင်းသားများ၏ ဒသဂီရိသံချပ်အသင်းသည် ထိုနှစ်က နောက်ဆုံးပိတ်အိတ်နှင့် လွယ်ဆိုသလို. . . သံချပ်တွေ မြိုင်မြိုင်တိုင်သွားသံကား. . . ကျုံးမြို့ရိုးပြာသာဒ်များဆီအထိ ရိုက်ခတ်ခဲ့ပြန်ပေ့။

၁၉၇၆ ခုနှစ်တွင် တစ်မြို့လုံးသံချပ်၊ ယာဉ်အလှ၊ မဏ္ဍပ် စုစုပေါင်း ၁၀၄ သင်း၊ ၁၉၇၇ ခုနှစ်တွင် ၄၅ သင်း၊ ၁၉၇၈ တွင် ၃၄ သင်းဟူသော စာရင်းများအရ မန္တလေးသင်္ကြန်၏ စည်ကားမှုအရပ်မျဉ်းများသိသာစွာကျဆင်းသွားတော့သည်။

လွမ်းဆွတ်ဖွယ်သင်္ကြန်ပုံရိပ်များကား စည်တိုသံ၊ သီချင်းသံ၊ သံချပ်သံများတိုးညှင်းခြင်းနှင့်အတူ ဖြည်းဖြည်းချင်းမှုန်ဝါးသွား။

**သင်္ကြန်နှစ်ဦးတူးပို့တူးပို့**
**တူးသံမြူးသာယာ**
**သင်္ကြန်မယ်များ တူးပို့တူးပို့**
**တူးမာရဲ့နော်ဗျာ....**
**ငွေနန်းသံစုံ တူးပို့တူးပို့**
**အာရုံဖျော်ဖြေကာ**
**မယ်တို့ကိုလည်း တူးပို့တူးပို့ မာပါစေခင်ဗျာ။**

သင်္ကြန်ရောက်တိုင်း အိမ်တွင်းပုန်းကာ တစ်နှစ်တစ်ခါရုပ်မြင်သံကြားမှလာသည့် 'သင်္ကြန်မိုး' ရုပ်ရှင်ကားကိုကြည့်ရင်း ကျုံး၊ မြို့ရိုး၊ ပြာသာဒ်ရှေ့မှ ရိုးရာယဉ်ကျေးမှုသင်္ကြန်ပုံရိပ်များသစ်ဆန်းလာမည့် ကတ္တီပါကားအဖွင့်ကို မျှော်လင့်နေမိတာလည်း ဆယ်စုနှစ်များစွာ ကြာခဲ့ပြန်ပေ့ပြီ။ ။




**ADJUSTABLE MOBILE CONVEYOR**

- ဆန်အိတ်၊ ပဲအိတ်၊ နမ်းအိတ် နှင့် ဘိလပ်မြေအိတ်၊ ဂျပ်ဗာ စသည့်ကုန်ပစ္စည်းများကို သယ်ယူပို့ဆောင်နိုင်ခြင်း
- တစ်မိနစ်လျှင် အိတ် ( ၃၀-၅၀) သယ်ပို့နိုင်ခြင်း
- ကုန်တင်ကားပေါ်သို့ အတင်အချ ပြုလုပ်နိုင်ခြင်း
- ဂိုဒေါင်အတွင်း မိမိလိုအပ်သော အမြင့်သို့စနစ်တကျ ထားသိုနိုင်ခြင်း
- အလွယ်တကူ ရွေ့ပြောင်းနိုင်ခြင်း နှင့် အတင်အချ အနိမ့်အမြင့် ချိန်ညှိနိုင်ခြင်း
- တောင့်တင်းခိုင်မာခြင်း နှင့်ရေရှည်အသုံးပြုနိုင်ခြင်း
ဒါ့အပြင် ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၁ ရက်မှာလည်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်နဲ့ မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်သံရုံးတို့ရဲ့ တရားဥပဒေစိုးမိုးရေးနဲ့ လူ့အခွင့်အရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဥပဒေစိုးမိုးရေးနဲ့ လူ့အခွင့်အရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးသဘောတူညီမှုကို လက်မှတ်ရေးထိုးခဲ့ပါတယ်။

၂၀၁၆ ခုနှစ် မတ်လ ၁၈ ရက်မှာလည်း ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရုံးနဲ့ ဂျပန် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီတို့ရဲ့ မြန်မာနိုင်ငံ ဥပဒေရေးရာ၊ တရားစီရင်ရေးရာနဲ့ သက်ဆိုင်တဲ့ကဏ္ဍများအလိုက် စွမ်းရည်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စီမံချက် ဆွေးနွေးချက် မှတ်တမ်းပြင်ဆင်ချက်

အထူးကဏ္ဍ (ခ) သို့ »»



နေပြည်တော်ရှိ ပြည်ထောင်စုတရားလွှတ်တော်ချုပ်အဆောက်အအုံ။

အထူးကဏ္ဍ (က) မှ »»

ကို လက်မှတ်ရေးထိုးခဲ့ပါတယ်။

**တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း(၂၀၁၅-၂၀၁၇)**

မေး။ ။ တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း(၂၀၁၅-၂၀၁၇)ကို ဆောင်ရွက်နေတယ်လို့ သိရပါတယ်။ အဲဒါနဲ့ ပတ်သက်ပြီး ရှင်းပြပေးပါခင်ဗျာ။

ဖြေ။ ။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရဲ့ မူဝါဒ၊ ရည်မှန်းချက်နဲ့ လုပ်ငန်းစဉ်တွေကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့အတွက် တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း(၂၀၁၅-၂၀၁၇)ကို ရေးဆွဲခဲ့ပြီး ဒုတိယနှစ် လုပ်ငန်းအစီအစဉ်(၂၀၁၆)ကာလဟာ အစိုးရသစ်တာဝန်ယူသည့် တစ်နှစ်တာကာလ ပြုပြင်ပြောင်းလဲနေမှုနဲ့ တိုက်ဆိုင်နေပါတယ်။

အဲဒီစီမံကိန်းအရ မဟာဗျူဟာဖော်ဆောင်မယ့် နယ်ပယ်ငါးရပ်ကို သတ်မှတ်ခဲ့ပါတယ်။ အဲဒီနယ်ပယ်တွေကတော့ (၁)အများပြည်သူ၏ တရားမျှတမှုကို လက်လှမ်းမီရေးကို ကာကွယ်စောင့်ရှောက်ရန်၊ (၂) လူထု၏ အသိအမြင်ကို မြှင့်တင်ပေးရန်၊ (၃) တရားစီရင်ရေးရဲ့ လွတ်လပ်မှုနဲ့ တာဝန်ယူဆောင်ရွက်မှုကို မြှင့်တင်ပေးရန်၊ (၄) တရားစီရင်ရေးရဲ့ သာတူညီမျှမှု၊ မျှတမှုနဲ့ ဂုဏ်သိက္ခာကို အာမခံနိုင်တဲ့ ကတိကဝတ်ထိန်းသိမ်းရန်နဲ့ (၅) အမှုများစစ်ဆေးစီရင်ရာမှာ အချိန်နဲ့တစ်ပြေးညီ ဆောင်ရွက်နိုင်မှုအားကောင်းလာစေရန်တို့ ဖြစ်ပါတယ်။

**တရားရုံးဝန်ဆောင်မှု**

မေး။ ။ သတင်းအချက်အလက် နည်းပညာနဲ့ တရားရုံးဝန်ဆောင်မှုတွေကို အဆင့်မြှင့်တင်တာကရော ဘယ်လိုတွေဆောင်ရွက်ပေးနေသလဲသိပါရစေ။

ဖြေ။ ။ ပြည်သူလူထုရဲ့ တရားမျှတမှု လက်လှမ်းမီရေးအတွက် အမှုတွေရဲ့ အမိန့်ချမှတ်မယ့်နေ့ရက်တွေ၊ အမှုကြားနာမယ့် နေ့ရက်တွေကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရဲ့ အင်တာနက်စာမျက်နှာဖြစ်တဲ့ www.unionsupremecourt.gov.mm နဲ့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ပြည်သူ့ဆက်ဆံရေးဌာနခွဲ လူမှုကွန်ရက်စာမျက်နှာတို့မှာ အချိန်နဲ့တစ်ပြေးညီ လွှင့်တင်ပေးခဲ့ပါတယ်။


ညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်


ညွှန်ကြားရေးမှူးချုပ် ဒေါ်အေးအေးကြည်သက်

မေး။ ။ ပြည်သူတွေ တရားစီရင်ရေးနဲ့ ပတ်သက်ပြီး အသိအမြင်ဗဟုသုတတွေ တိုးပွားစေဖို့ ဆောင်ရွက်မှုတွေနဲ့ပတ်သက်ပြီး ပြောပြပေးပါဦးခင်ဗျာ။

ဖြေ။ ။ပြည်သူတွေ တရားစီရင်ရေးဆိုင်ရာ အသိအမြင်ဗဟုသုတတွေ တိုးပွားစေဖို့အတွက် ၂၀၁၆ ခုနှစ်အတွင်းမှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ရာဇဝတ်အကြောင်းသိကောင်းစရာ၊ တရားမအကြောင်းသိကောင်းစရာ၊ စာချုန်တော်အကြောင်းသိကောင်းစရာ၊ သင့်အတွက်တရားရုံးဆိုပြီး လက်ကမ်းစာစောင်လေးမျိုးကို စုစုပေါင်းစောင်ရေ ၃၈၀၀၀၀ ပုံနှိပ်ပြီး တရားရုံးတွေကနေတစ်ဆင့် အများပြည်သူသို့ ဖြန့်ဝေပေးနိုင်ခဲ့တဲ့အပြင် တက္ကသိုလ်အသီးသီးမှ ဥပဒေပညာသင်ကြားနေသော ကျောင်းသားကျောင်းသူတွေအတွက်လည်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကို လေ့လာရေးခရီးလာရောက်လေ့လာနိုင်ရန် ဆောင်ရွက်ပေးခဲ့ပါတယ်။

**တစ်နေရာတည်း ဆောင်ရွက်နိုင်**

မေး။ ။ တရားရုံးအဆောက်အအုံတွေမှာရော ဘယ်လိုမျိုးအသွင်သဏ္ဌာန်ပြုပြင်ပြောင်းလဲမှုတွေ လုပ်ဆောင်ခဲ့ပါသလဲ။

ဖြေ။ ။ တရားရုံးအသုံးပြုသူတွေကို ပိုမိုကောင်းမွန်တဲ့ဝန်ဆောင်မှုတွေ ပေးနိုင်ဖို့ ရည်ရွယ်ချက်နဲ့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တိုးချဲ့အဆောက်အအုံသစ်ကို တည်ဆောက်ခဲ့ပြီး ၂၀၁၆ ခုနှစ် မေလ ၁၆ ရက်မှာ ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ အဲဒီ တိုးချဲ့အဆောက်အအုံသစ်မှာ အများပြည်သူ နားနေရန်ခန်းမ၊ သတင်းမီဒီယာအခန်း၊ ရာဇဝတ်၊ တရားမနဲ့ စာချုန်တော် အမှုသစ်လက်ခံကောင်တာတွေ၊ ရှေ့နေရှေ့ရပ်၊ ဘီလစ်/မိတ္တူကူးနဲ့ စာပေးစာယူကောင်တာတွေကို တစုတစည်းတည်း ဖွင့်လှစ်ထားရှိပေးထားတာမို့ အများပြည်သူအနေနဲ့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရဲ့ သက်ဆိုင်တဲ့လုပ်ငန်းဆောင်တာတွေကို တစ်ချိန်တည်းတွင် တစ်နေရာတည်း၌ အဆင်ပြေပြေ ဆောင်ရွက်နိုင်ပြီဖြစ်ပါတယ်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးအနေနဲ့ တရားဥပဒေလိုက်နာရမယ့် ကျင့်ဝတ်တွေကို ဆောင်ရွက်လျက်ရှိရာမှာလည်း ယခင်က ရှိပြီးသားကျင့်ဝတ်တွေကို ပြန်လည်မွမ်းမံရေးဆွဲတာဖြစ်ပြီး အဲဒီလိုရေးဆွဲရာမှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ဒိန်းမတ်အစိုးရ၊ UNDP စသဖြင့် ပူးပေါင်းပြီး ပြီးခဲ့တဲ့ ဖေဖော်ဝါရီလ ၂၈ ရက်က Third Dialogue ကို ကျင်းပနိုင်ခဲ့ပါတယ်။ အမှုခေါ်စာရင်းများနဲ့ ပတ်သက်ပြီးလည်း အများပြည်သူလွယ်လွယ်ကူကူကြည့်ရှုနိုင်ဖို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်တရားလွှတ်တော် ၁၄ ခုမှာ Website တွေ၊ Facebook တွေမှာ ဖော်ပြပေးနိုင်ခဲ့တဲ့အပြင် ၂၀၁၆ ခုနှစ်အတွင်းမှာလည်း တရားလွှတ်တော်ချုပ်ရဲ့ တိုးချဲ့ဆောင်မှာ အမှုသစ်လက်ခံကောင်တာတွေ၊ ရှေ့နေရှေ့ရပ်ကောင်တာတွေ၊ မိတ္တူကူးစက် ကောင်တာတွေ စသဖြင့် ထားရှိပေးနိုင်ခဲ့ခြင်းကြောင့် တစ်ချိန်တည်း၊ တစ်နေရာတည်းမှာ ပြီးပြတ်အောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ရန်ကုန်မှာရှိတဲ့ လှိုင်သာယာတရားရုံးကိုလည်း မကြာခင်ဖွင့်လှစ်နိုင်တော့မှာဖြစ်ပါတယ်။

ဒက္ခိဏခရိုင်တရားရုံး၊ နမ့်ဆန်(မြောက်)မြို့နယ်တရားရုံး၊ ဒက္ခိဏသီရိမြို့နယ်တရားရုံးတွေကို အသစ်ပြန်လည်တည်ဆောက်နိုင်ခဲ့တဲ့အပြင် မြို့နယ်အလိုက် လူဦးရေနဲ့ အမှုဖြစ်ပွားမှုနှုန်း လိုက်လျောညီစွာဆောင်ရွက်နိုင်ဖို့အတွက် လှိုင်သာယာမြို့နယ်တရားရုံးအဆောက်အအုံသစ်ကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ခွင့်ပြုရန်ပုံငွေကျပ်သန်းပေါင်း ၁၃၇၉ ဒသမ ၈၃၉ ဖြင့် တည်ဆောက်နိုင်ခဲ့ပါတယ်။

တရားရုံး အဆောက်အအုံသစ်တွေကို တည်ဆောက်ရာမှာလည်း အမှုများစစ်ဆေးစီရင်ရာမှာ အများပြည်သူ ဝင်ရောက်နားထောင်နိုင်ဖို့အတွက် ကျယ်ဝန်းသောတရားခွင်ခန်းတွေ၊ တရားရုံးကို လာရောက်တဲ့သက်သေတွေ၊ ရှေ့နေတွေ၊ ဥပဒေအရာရှိတွေအတွက် သီးခြားနားနေခန်းတွေ၊ အမှုသည်တွေနဲ့ သတင်းရယူဖို့နေရာနဲ့ စုံစမ်းရန်ဌာန၊ ရာဇဝတ်မှုနဲ့ တရားမမှုတွေအတွက် အမှုလက်ခံရာဌာနတွေ၊ တရားရုံးကို လာရောက်တဲ့ မသန်စွမ်းသူတွေအတွက် ဘီးတပ်ကုလားထိုင်နဲ့သွားလာနိုင်တဲ့ လမ်း၊ သတင်းမီဒီယာတွေနဲ့ တွေ့ဆုံဆွေးနွေးခန်း၊ အချုပ်တရားခံတွေအတွက် ကျယ်ဝန်းသော ယာယီအချုပ်ခန်းတွေ၊ လုံခြုံရေးဂိတ်တဲတွေကို ထည့်သွင်း ဆောက်လုပ်ထားတာကြောင့် Court Facilities နဲ့ပြည့်စုံပြီး တရားရုံး အသုံးပြုသူတွေ စိတ်ချမ်းမြေ့ဖွယ်ဖြစ်စေဖို့ ဖော်ဆောင်ပေးခဲ့ပါတယ်။

**မှန်မှန်နှင့် မြန်မြန်စစ်ဆေးရန်**

တရားရုံးများမှာ အမှုတွေကို မှန်မှန်နဲ့မြန်မြန်ဆန်ဆန်စစ်ဆေးဖို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရဲ့ ရည်မှန်းချက်တစ်ခုဖြစ်တဲ့ မှန်မှန်နဲ့မြန်မြန် စစ်ဆေးရန်ဆိုတဲ့ လုပ်ငန်းစဉ်အပါအဝင် လုပ်ငန်းစဉ်အချို့ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ဖို့အတွက် အမှုသွားအမှုလာစီမံခန့်ခွဲမှုကို တရားရုံးများမှာ ရှေ့ပြေးစမ်းသပ်ဆောင်ရွက်

အထူးကဏ္ဍ (ဂ) သို့ »»


တရားလွှတ်တော်ရှေ့နေ အသိအမှတ်ပြုလက်မှတ်ပေးအပ်ပွဲအခမ်းအနားကျင်းပနေမှုမြင်ကွင်း။

အထူးကဏ္ဍ (ခ) မှ »»

နေပါတယ်။ ရှေ့ပြေးစမ်းသပ်ဆောင်ရွက်ရာမှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နဲ့ ပူးပေါင်းပံ့ပိုးပြီး ဆောင်ရွက်ပေးနေတဲ့ အဖွဲ့အစည်းတွေရှိပါတယ်။

အဲဒီလိုပူးပေါင်းလိုက်ခြင်းကြောင့် တရားရုံးကို လူတွေလာရာမှာ အချိန်ကုန်လူပန်းသက်သာအောင်၊ ငွေကုန်လည်းသက်သာအောင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေနဲ့ အမှုအသွားအလာ စီမံခန့်ခွဲမှုအစီအစဉ်ကို ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီလိုဆောင်ရွက်တဲ့နေရာမှာ ပဲခူးတိုင်းဒေသကြီးမှာ တောင်ငူခရိုင်တရားရုံး၊ ရန်ကုန်တိုင်းဒေသကြီးမှာ လှိုင်သာယာမြို့နယ် တရားရုံး၊ ကရင်ပြည်နယ်မှာ ဘားအံမြို့နယ်တရားရုံး စတဲ့ ရုံးသုံးရုံးကို ရှေ့ပြေးတရားရုံးတွေအဖြစ် ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီဆောင်ရွက်မှုဟာ ၂၀၁၅ ခုနှစ်မှာ ဆောင်ရွက်ခဲ့တာဖြစ်လို့ ၂၀၁၆ ခုနှစ်မှာ တစ်နှစ်ပြည့်ခဲ့ပါတယ်။ ဆန်းစစ်ချက်များပြုလုပ်ရာမှာလည်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ရှေ့ပြေးအဖြစ် ဆောင်ရွက်ခဲ့တဲ့တရားရုံးတွေမှာ အမှုသွားအမှုလာစီမံခန့်ခွဲမှုအရ အမှုတွေကိုလည်း လျှော့ချနိုင်ခဲ့ပါတယ်။

ဒါ့အပြင် ကြန့်ကြာမှုတွေကိုလည်း လျှော့ချနိုင်ခဲ့တာကိုတွေ့ရှိရတဲ့အတွက် အောင်မြင်မှုရှိခဲ့ပါတယ်။ အဲဒီလိုအောင်မြင်ခြင်းကလည်း မိမိတို့တရားရုံးတစ်ရုံးတည်းကြောင့်မဟုတ်ဘဲ အခြားဆက်စပ်နေတဲ့ တရားစွဲအဖွဲ့အစည်းတွေရှိပြီး ရှေ့နေရှေ့ရပ်တွေ၊ ရုံးကိုလာပြီး သက်သေခံပေးတဲ့အမှုသည်တွေ၊ သက်သေတွေ အားလုံးရဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်မှုကြောင့် ပထမတစ်နှစ်တာကာလအတွင်း အောင်မြင်မှုရရှိခဲ့ပါတယ်။ ဒါကြောင့် ၂၀၁၆ ခုနှစ်မှာ နောက်ထပ်ငါးရုံးကို ထပ်ချဲ့ခဲ့ပါတယ်။ အဲဒီရုံးငါးရုံးမှာလည်း အမှုသွားအမှုလာ စီမံခန့်ခွဲမှုအစီအစဉ်နဲ့ပဲ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီးမှာ ချမ်းအေးသာစံမြို့နယ်တရားရုံး၊ ဧရာဝတီတိုင်းဒေသကြီးမှာ ပုသိမ်မြို့နယ်တရားရုံး၊ မကွေးတိုင်းဒေသကြီးမှာ မကွေးမြို့နယ်တရားရုံး၊ စစ်ကိုင်းတိုင်းဒေသကြီးမှာ မုံရွာခရိုင်တရားရုံးနဲ့ မွန်ပြည်နယ်မှာ မော်လမြိုင်ခရိုင်တရားရုံး စတဲ့ ရုံးငါးရုံးကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**ရာဇဝတ်မှု ၁၃၈၂ မှု**

မေး။ ။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရဲ့ တရားစီရင်ရေးလုပ်ငန်းဆောင်ရွက်နိုင်မှုတွေကိုလည်း သိချင်ပါတယ်။


ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် တရားစီရင်ရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ်။

ဖြေ။ ။ ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁ ရက်ကနေ ဒီဇင်ဘာ ၃၁ ရက်အထိ (ယခင်နှစ်အမှုလက်ကျန်မပါ) ပြည်ထောင်စု တရားလွှတ်တော်ချုပ်မှာ ရာဇဝတ်အမှုပေါင်း ၁၃၈၂ မှုလက်ခံရရှိကာ ၁၂၆၉ မှုစစ်ဆေး ပြီးပြတ်ပြီး တရားမအမှုပေါင်း ၂၄၉၅ မှု လက်ခံရရှိခဲ့ကာ ၂၃၅၀ မှုစစ်ဆေးပြီးပြတ်ခဲ့ပါတယ်။ ဒါ့အပြင် စာချွန်တော်လျှောက်ထားမှု ၃၀၀ လက်ခံရရှိပြီး ၁၉၂ မှု စစ်ဆေးပြီးပြတ်ခဲ့ပါတယ်။ ရာခိုင်နှုန်းအားဖြင့် ရာဇဝတ်မှုမှာ ၉၁ ဒသမ ၈၂ ရာခိုင်နှုန်း၊ တရားမမှုမှာ ၉၄ ဒသမ ၁၉ ရာခိုင်နှုန်း၊ စာချွန်တော်မှာ ၆၄ ရာခိုင်နှုန်း ပြီးပြတ်အောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်တရားလွှတ်တော်တွေမှာ ရာဇဝတ်အမှုပေါင်း ၅၂၂၇ မှု လက်ခံရရှိခဲ့ပြီး ၅၅၉၉ မှု စစ်ဆေးပြီးပြတ်ခဲ့ပါတယ်။ တရားမအမှုပေါင်း ၅၇၈၂ မှု လက်ခံရရှိပြီး ၅၁၂၇ မှု စစ်ဆေးပြီးပြတ်ခဲ့ပါတယ်။ ရာခိုင်နှုန်းအားဖြင့် ရာဇဝတ်မှုမှာ ၁၀၇ ဒသမ ၁၂ ရာခိုင်နှုန်း၊ တရားမမှုမှာ ၈၈ ဒသမ ၆၇ ရာခိုင်နှုန်း ပြီးပြတ်အောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ခရိုင်တရားရုံးတွေမှာ ရာဇဝတ်အမှုပေါင်း ၁၈၀၃၄ မှုလက်ခံရရှိပြီး ၁၆၅၂၀ မှု စစ်ဆေးပြီးပြတ်ခဲ့ပါတယ်။ တရားမအမှုပေါင်း ၁၂၇၈၄ မှုလက်ခံရရှိပြီး ၁၁၅၄၆ မှု စစ်ဆေးပြီးပြတ်ခဲ့ပါတယ်။

**တရားမမှု ၉၈ ဒသမ ၃၁ ရာခိုင်နှုန်း ပြီးပြတ်**

ရာခိုင်နှုန်းအားဖြင့် ရာဇဝတ်မှုမှာ ၉၁ ဒသမ ၆၀ ရာခိုင်နှုန်း၊ တရားမမှုမှာ ၉၀ ဒသမ ၃၂ ရာခိုင်နှုန်း ပြီးပြတ်အောင်ဆောင်ရွက်နိုင်ခဲ့ပါတယ်။ မြို့နယ်တရားရုံးတွေမှာ ရာဇဝတ်အမှုပေါင်း ၃၄၆၆၆၉ မှု လက်ခံရရှိပြီး ၃၄၁၅၈၇ မှုစစ်ဆေးပြီးပြတ်ကာ တရားမအမှုပေါင်း ၂၄၁၆၆ မှု လက်ခံရရှိပြီး ၂၃၇၅၇ မှု စစ်ဆေးပြီးပြတ်ခဲ့ပါတယ်။ ရာခိုင်နှုန်းအားဖြင့် ရာဇဝတ်မှုမှာ ၉၈ ဒသမ ၅၃ ရာခိုင်နှုန်း၊ တရားမမှုမှာ ၉၈ ဒသမ ၃၁ ရာခိုင်နှုန်း ပြီးပြတ်အောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဥပဒေအရတည်ထောင်တဲ့ အခြားတရားရုံးတွေဖြစ်တဲ့ ကလေးသူငယ်တရားရုံး (ရန်ကုန်နဲ့ မန္တလေး)မှာ ကလေးသူငယ်ဥပဒေအရ စွဲဆိုတင်ပို့တဲ့ အမှုပေါင်း ၃၀၇ မှုလက်ခံရရှိပြီး ၃၀၃ မှုစစ်ဆေးပြီးပြတ်ကာ ရာခိုင်နှုန်းအားဖြင့် ၉၈ ဒသမ ၇၀ ရာခိုင်နှုန်း၊ စည်ပင်သာယာတရားရုံး(နေပြည်တော်၊ ရန်ကုန်နဲ့ မန္တလေး) တို့မှာ စည်ပင်သာယာဥပဒေအရ စွဲဆိုတင်ပို့တဲ့ အမှုပေါင်း ၃၂၁၃၇ မှုလက်ခံရရှိပြီး ၃၂၂၃၃ မှု စစ်ဆေးပြီးပြတ်ခဲ့ပါတယ်။

ရာခိုင်နှုန်းအားဖြင့် ၁၀၀ ဒသမ ၃၀ ရာခိုင်နှုန်း ပြီးပြတ်အောင်ဆောင်ရွက်နိုင်ခဲ့ပါတယ်။ မော်တော်ယာဉ်တရားရုံး (နေပြည်တော်၊ ရန်ကုန်နဲ့ မန္တလေး)တို့မှာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဖောက်ဖျက်လို့ မော်တော်ယာဉ်ဥပဒေအရ စွဲဆိုတင်ပို့တဲ့ အမှုပေါင်း ၁၃၄၄၇ မှုရှိခဲ့ပြီး ၁၃၄၄၇ မှုကို စစ်ဆေးစီရင်နိုင်ခဲ့တာကြောင့် ရာနှုန်းပြည့် ပြီးပြတ်အောင်ဆောင်ရွက်နိုင်ခဲ့ပါတယ်။

**အခွင့်အရေးအပြည့်အဝ ရရှိစေ**

ပြစ်ဒဏ်ကျအကျဉ်းသားတွေရဲ့ အခွင့်အရေးတွေ အပြည့်အဝရရှိစေဖို့အတွက်လည်း ပြည်ထောင်စုတရားသူကြီးချုပ်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ် တရားသူကြီးချုပ်တို့က အကျဉ်းထောင်များ၊ ရဲဘက်စခန်းများ၊ ရဲတပ်ဖွဲ့အချုပ်ခန်းများရှိ အကျဉ်းသား၊ အကျဉ်းသူများ၊ အချုပ်သားများ၏ နေရာထိုင်ခင်းသက်သာချောင်ချိမှု ရှိ/မရှိ၊ သန့်ရှင်းမှု ရှိ/မရှိ၊ အာဟာရသင့်တင့်မျှတမှု ရှိ/မရှိ၊ ကျန်းမာရေးပြည့်စုံမှု ရှိ/မရှိ၊ ဆေးကုသရန်အခွင့်အရေး ရှိ/မရှိ၊ အမျိုးသမီးအကျဉ်းသူများအား အကာအရံလုံခြုံစွာထားရှိခြင်း ရှိ/မရှိ တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးနိုင်ခဲ့ပါတယ်။

မေး။ ။ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်တွေကရော ဘာတွေဖြစ်မလဲခင်ဗျာ။

ဖြေ။ ။ မြန်မာ့တရားစီရင်ရေးစနစ်၊ အခြေခံမူတွေနဲ့ကိုက်ညီတဲ့ တရားစီရင်ရေးကျင့်ဝတ်ဆိုင်ရာတွေကို အပြည်ပြည်ဆိုင်ရာစံနှုန်းတွေနဲ့အညီ ပေါင်းစပ်ဖြည့်စွက်ကျင့်သုံးနိုင်ဖို့အတွက် တရားစီရင်ရေးဆိုင်ရာကျင့်ဝတ်တွေ ပြန်လည်သုံးသပ်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာဆွေးနွေးပွဲကို နှစ်ကြိမ်တိုင်တိုင် ကျင်းပခဲ့ပြီး ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်မှာလည်း ဒိန်းမတ်နိုင်ငံ၊ UNDP ၊ ICJ တို့နဲ့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တို့ ပူးပေါင်းပြီး တတိယအကြိမ် တရားစီရင်ရေးဆိုင်ရာ ကျင့်ဝတ်တွေ ပြန်လည်သုံးသပ်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အဆင့်မြင့်ဆွေးနွေးပွဲကို ကျင်းပခဲ့ပြီးဖြစ်ပါတယ်။ ရှေ့ဆက်ဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်တွေအတွက် ကျင့်ဝတ်မှာပါဝင်သင့်တဲ့ အရေးပါတဲ့အချက်တွေကို တရားစီရင်ရေးကဏ္ဍတစ်ရပ်လုံးအတွက် ပထမဆုံးနဲ့ ပြည့်စုံကောင်းမွန်တဲ့ နိုင်ငံတကာစံနှုန်းများနဲ့ကိုက်ညီတဲ့ တရားစီရင်ရေးဆိုင်ရာကျင့်ဝတ် သတ်မှတ်ပြဋ္ဌာန်းနိုင်တော့မှာ ဖြစ်ပါတယ်။

တရားသူကြီးတွေရဲ့ စွမ်းဆောင်ရည်တိုးတက်ရေးအတွက် သင်တန်းတွေကို JICA ရဲ့ အကူအညီနဲ့ Presentation, Mock Case Study, Sharing Experience Style,

အထူးကဏ္ဍ (ဃ) သို့ »»

**တရားစီရင်ရေးဆိုင်ရာကျင့်ဝတ်တွေ ပြန်လည်သုံးသပ်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာဆွေးနွေးပွဲကို နှစ်ကြိမ်တိုင်တိုင်ကျင်းပခဲ့ပြီး ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်မှာလည်း ဒိန်းမတ်နိုင်ငံ၊ UNDP ၊ ICJ တို့နဲ့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တို့ပူးပေါင်းပြီး တတိယအကြိမ် တရားစီရင်ရေးဆိုင်ရာကျင့်ဝတ်တွေ ပြန်လည်သုံးသပ်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အဆင့်မြင့်ဆွေးနွေးပွဲကို ကျင်းပခဲ့ပြီးဖြစ်ပါတယ်။**


ပြည်ထောင်စုတရားလွှတ်တော်ရုံးဝန်ထမ်းများအား ကွန်ပျူတာသင်တန်းပေးနေသည်ကို တွေ့ရစဉ်။

**မြန်မာနိုင်ငံရဲ့ တရားစီရင်ရေးစနစ်မှာ ဒီမိုကရေစီနိုင်ငံတွေမှာ ကျယ်ကျယ်ပြန့်ပြန့် လက်ခံကျင့်သုံးလျက်ရှိတဲ့ စံနှုန်းတွေနဲ့ ကိုက်ညီတဲ့အပြင် တည်ဆဲဥပဒေတွေမှာလည်း နိုင်ငံသားတွေရဲ့ဥပဒေအရ အခွင့်အရေးတွေကို အစဉ်တစိုက် ဖော်ဆောင်ပေးလျက်ရှိပါတယ်။ အစိုးရသစ်သက်တမ်း တစ်လျှောက်မှာလည်း ပြည်ထောင်စုတရားလွှတ်တော်ချုပ် အနေနဲ့ ပြည်သူတွေ၊ မိတ်ဖက်အဖွဲ့အစည်းတွေရဲ့ ထိရောက်တဲ့ ပူးပေါင်းဆောင်ရွက်မှုတွေနဲ့အတူ အများပြည်သူ ယုံကြည်ကိုးစားတဲ့ တရားစီရင်ရေး ဖြစ်ထွန်းလာစေဖို့အတွက် လက်အောက်ခံတရားရုံးများအပေါ် ဦးဆောင်လမ်းညွှန်လျက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေနဲ့ အစွမ်းကုန် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။**

**အထူးကဏ္ဍ (၈) မှ »»**

Group Work ပုံစံတို့ဖြင့် ထိရောက်တဲ့ သင်ကြားမှုနည်းစနစ်ကို ပြောင်းလဲပြီး သင်ထောက်ကူပစ္စည်းတွေမှာလည်း Mock Case File, Flowcharts တွေအသုံးပြုပြီး သင်ကြားခဲ့ပါတယ်။ သင်ခန်းစာတွေမှာလည်း အမေရိကန်အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီရဲ့ တရားဥပဒေစိုးမိုးမှု မြှင့်တင်ရေးစီမံကိန်းနဲ့ ပူးပေါင်းပြီး အမှုသွားအမှုလာစီမံခန့်ခွဲမှု (Caseflow Management)၊ UNDP နဲ့ပူးပေါင်းပြီး Fair Trial Standard၊ UNICEF နဲ့ပူးပေါင်းပြီး International Standards to Juvenile Justice သင်ခန်းစာတွေကိုလည်း ထည့်သွင်းပို့ချနိုင်ခဲ့ပါတယ်။

ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရှိ ဝန်ထမ်းတွေအတွက် ရုံးဝန်ထမ်းများ ကွန်ပျူတာအခြေခံသင်တန်း၊ ရုံးလုပ်ငန်း ကျွမ်းကျင်မှုဆိုင်ရာ ကွန်ပျူတာမွမ်းမံသင်တန်း၊ ကွန်ပျူတာအလယ်အလတ်အဆင့်သင်တန်းတွေ ဖွင့်လှစ်ခဲ့တဲ့အပြင် တိုင်းဒေသကြီးနဲ့ ပြည်နယ် တရားလွှတ်တော်များတွင်လည်း တရားရေးဝန်ထမ်းများနဲ့ စာရေးဝန်ထမ်းတွေအတွက် UNDP ရဲ့ အကူအညီနဲ့ အပြည်ပြည်ဆိုင်ရာ ကွန်ပျူတာအသုံးပြုမှုအဆင့်မြှင့်တင်ရေးသင်တန်း Introduction to International Computer Driving Level၊ မျှတသည့်တရားစီရင်ရေးဆိုင်ရာ စံနှုန်းများသင်တန်း Fair Trial Standards Training၊ တရားဥပဒေစိုးမိုးရေးဆိုင်ရာ အခြေခံမူတွေနဲ့ သက်သေခံချက်တွေကို ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း Rule of Law Principles and Evidential Analysis သင်တန်းတို့ကို ဖွင့်လှစ်ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ရှေ့နေရှေ့ရပ်တွေနဲ့ စပ်လျဉ်းပြီး ၂၀၁၆ ခုနှစ်အတွင်း တရားလွှတ်တော်ရှေ့နေ ၁၀၈၇ ဦးနဲ့ အထက်တန်းရှေ့နေ ၁၅၃၀ တို့ကို အသိအမှတ်ပြုလက်မှတ်တွေ ပေးအပ်နိုင်ခဲ့ပြီး အလုပ်သင်ရှေ့နေအဖြစ် ၁၃၂၃ ဦးတို့ကို ခွင့်ပြုပေးနိုင်ခဲ့ပါတယ်။

**အမှုသွားအမှုလာစီမံခန့်ခွဲမှု**

မေး။ ။ တရားစီရင်ရေးဆိုင်ရာလုပ်ထုံးလုပ်နည်းတွေ ပြုပြင်စမ်းသပ်ဆောင်ရွက်ခြင်းနဲ့ ပတ်သက်ပြီးလည်း ရှင်းပြပေးစေချင်ပါတယ်။

ဖြေ။ ။ အမှုအခင်းတွေနဲ့စပ်လျဉ်းပြီး တရားရုံးကို အကြိမ်ကြိမ်လာရောက်ကြရတဲ့ အမှုသည်တွေ၊ သက်သေတွေရဲ့ အချိန်၊ ငွေကြေး၊ ပင်ပန်းမှုတို့ကို ဖြစ်နိုင်သမျှ လျှော့ချနိုင်ဖို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် အနေနဲ့ အမှုသွားအမှုလာစီမံခန့်ခွဲမှု (Caseflow Management)အစီအစဉ်ကို အမေရိကန်အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီရဲ့ တရားဥပဒေစိုးမိုးမှုမြှင့်တင်ရေးစီမံကိန်းတို့ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။

အမှုသွားအမှုလာစီမံခန့်ခွဲမှု (Caseflow Management)အစီအစဉ်ဆိုတာကတော့ တရားရုံးသို့စွဲဆိုလာတဲ့ ရာဇဝတ်မှုနဲ့ တရားမဆိုင်ရာ မှုခင်းတွေကို အမှုမစစ်ဆေးမီ အမှုတွေမှာ စစ်ဆေးတင်ပြမယ့်သက်သေတွေ၊ စာရွက်စာတမ်းတွေကို ပြည့်စုံစွာကြိုတင်ပြင်ဆင်ပြီး သက်သေနဲ့ စာရွက်စာတမ်းတွေကို ဘယ်ရက်မှာ စစ်ဆေးတင်ပြမယ်ဆိုတာကို နှစ်ဖက်အမှုသည်၊ ၎င်းတို့ရဲ့ အကျိုးဆောင်ရှေ့နေတွေ၊ ဥပဒေအရာရှိတွေနဲ့ တရားသူကြီးတို့ ညှိနှိုင်းပြီး အမှုအခြေအနေအလိုက် စစ်ဆေးစီရင်ရာမှာ ရုံးချိန်းများနဲ့ ကြာမြင့်မယ့် အချိန်ကာလကို တစ်ပါတည်းသတ်မှတ်ကာ အချိန်ဇယားနဲ့ ကြိုတင်သတ်မှတ်ဆောင်ရွက်တဲ့ လုပ်ငန်းစဉ်တစ်ခုဖြစ်ပါတယ်။

အဲဒီအစီအစဉ်ကို ရှေ့ပြေးတရားရုံးသုံးရုံးဖြစ်တဲ့ တောင်ငူခရိုင်တရားရုံး၊ လှိုင်သာယာမြို့နယ်တရားရုံးနဲ့ ဘားအံမြို့နယ်တရားရုံးတို့ကို ၁-၇-၂၀၁၅ ရက်ကစပြီး စမ်းသပ်ဆောင်ရွက်ခဲ့ရာ ၃၀-၆-၂၀၁၆ ရက်မှာ လုပ်ငန်းဆောင်ရွက်မှုတစ်နှစ်တာကာလ ပြည့်မြောက်ခဲ့ပါတယ်။

**စစ်တမ်းကောက်ခံတွေ့ရှိချက်**

အဲဒီလိုတစ်နှစ်တာကာလအတွင်း အကဲဖြတ် ဆန်းစစ်ရာမှာ စစ်တမ်းကောက်ခံတွေ့ရှိချက်တွေအရ နှစ်ဖက်အမှုသည်၊ ၎င်းတို့ရဲ့ အကျိုးဆောင်ရှေ့နေတွေ၊ တရားစွဲအဖွဲ့အစည်းဖြစ်တဲ့ ဥပဒေရုံးတွေ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အပါအဝင် အခြားဆက်စပ်သော မိတ်ဖက်အဖွဲ့အစည်းတွေရဲ့ တရားရုံးအပေါ် ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှု အားကောင်းသဖြင့် တရားရုံးအသုံးပြုသူတွေရဲ့ ကျေနပ်မှုမှာ ၆၆ ရာခိုင်နှုန်းအထိ သိသိသာသာ တိုးတက်ခဲ့ပါတယ်။ ဒါကြောင့် ၂၀၁၆ ခုနှစ်တွင် မုံရွာခရိုင်တရားရုံး၊ မော်လမြိုင်ခရိုင်တရားရုံး၊ မကွေးမြို့နယ်တရားရုံး၊ ချမ်းအေးသာစံမြို့နယ် တရားရုံးနဲ့ ပုသိမ်မြို့နယ်တရားရုံး စုစုပေါင်း ငါးရုံး ထပ်မံတိုးချဲ့ခဲ့ပြီး အဆိုပါရုံးများရှိ ကြန့်ကြာမှုခင်းတွေကို အမှုသွားအမှုလာစီမံခန့်ခွဲမှု (Caseflow Management)အစီအစဉ်ဖြင့် ၁-၁၀-၂၀၁၆ ရက်ကစပြီး ဆောင်ရွက်နိုင်ခဲ့ပါတယ်။

မြန်မာနိုင်ငံရဲ့ တရားစီရင်ရေးစနစ်မှာ ဒီမိုကရေစီနိုင်ငံတွေမှာ ကျယ်ကျယ်ပြန့်ပြန့် လက်ခံကျင့်သုံးလျက်ရှိတဲ့စံနှုန်းတွေနဲ့ ကိုက်ညီတဲ့အပြင် တည်ဆဲဥပဒေတွေမှာလည်း နိုင်ငံသားတွေရဲ့ဥပဒေအရ အခွင့်အရေးတွေကို အစဉ်တစိုက်ဖော်ဆောင်ပေးလျက်ရှိပါတယ်။ အစိုးရသစ်သက်တမ်းတစ်လျှောက်မှာလည်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေနဲ့ ပြည်သူတွေ၊ မိတ်ဖက်အဖွဲ့အစည်းတွေရဲ့ ထိရောက်တဲ့ ပူးပေါင်းဆောင်ရွက်မှုတွေနဲ့အတူ အများပြည်သူယုံကြည်ကိုးစားတဲ့ တရားစီရင်ရေး ဖြစ်ထွန်းလာစေဖို့အတွက် လက်အောက်ခံတရားရုံးများအပေါ် ဦးဆောင်လမ်းညွှန်လျက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေနဲ့ အစွမ်းကုန် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

အခုလို စိတ်ရှည်လက်ရှည် ဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်ခင်ဗျာ။

**၂၀၁၆ ခုနှစ်အတွင်း စီရင်ဆုံးဖြတ်ခဲ့သောအမှုပေါင်း (ယခင်နှစ်လက်ကျန်စာရင်းမပါ)**

| ပြည်ထောင်စုတရားလွှတ်တော်ချုပ် | ရာဇဝတ် | တရားမ | စာချွန်တော် |
|---|---|---|---|
| စွဲတင် | ၁၃၈၂ | ၂၄၉၅ | ၃၀၀ |
| ပြီးပြတ် | ၁၂၆၉ | ၂၃၅၀ | ၁၉၂ |

**၂၀၁၆ ခုနှစ်အတွင်း စီရင်ဆုံးဖြတ်ခဲ့သောအမှုပေါင်း (ယခင်နှစ်လက်ကျန်စာရင်းမပါ)**

| တိုင်းဒေသကြီး / ပြည်နယ် တရားလွှတ်တော်များ | ရာဇဝတ် | တရားမ |
|---|---|---|
| စွဲတင် | ၅၂၂၇ | ၅၇၈၂ |
| ပြီးပြတ် | ၅၁၉၉ | ၅၀၂၇ |

**၂၀၁၆ ခုနှစ်အတွင်း စီရင်ဆုံးဖြတ်ခဲ့သောအမှုပေါင်း (ယခင်နှစ်လက်ကျန်စာရင်းမပါ)**

| မြို့နယ်တရားရုံးများ | ရာဇဝတ် | တရားမ |
|---|---|---|
| စွဲတင် | ၃၄၆၆၉ | ၂၄၁၆၆ |
| ပြီးပြတ် | ၃၄၁၅၈၇ | ၂၃၇၅၇ |

**၂၀၁၆ ခုနှစ်အတွင်း စီရင်ဆုံးဖြတ်ခဲ့သောအမှုပေါင်း (ယခင်နှစ်လက်ကျန်စာရင်းမပါ)**

| ဥပဒေအရတည်ထောင်သော အခြားတရားရုံးများ | စွဲတင် | ပြီးပြတ် |
|---|---|---|
| ကလေးသူငယ်တရားရုံး | ၃၀၇ | ၃၀၃ |
| စည်ပင်သာယာတရားရုံး | ၃၂၁၃၇ | ၃၂၂၃၃ |
| မော်တော်ယာဉ်တရားရုံး | ၁၃၄၄၄၇ | ၁၃၄၄၄၇ |




ရန်ကုန်မြို့ လှိုင်သာယာမြို့နယ်ရှိ မြို့နယ်တရားရုံးအဆောက်အအုံ။

# ဒေသဖွံ့ဖြိုးတိုးတက်လာမှုများနှင့်အတူ ပိုမိုပနံရလာသည့် ရှမ်းပြည်နယ်

ရာမည၊ နန္ဒာဝင်း



ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များ စိတ်ဝင်တစားလေ့လာသွားရောက်ရာ နေရာဒေသတစ်ခုဖြစ်သည့် အင်းလေးဖောင်တော်ဦးဘုရားမြင်ကွင်း။

**မြန်မာရာဇဝင်သမိုင်းများ၊ ကုန်းဘောင် သီပေါ ရာဇဝင်များအရ ရှမ်းပြည်ကို စတင်တည်ထောင်သူမှာ ဘိန္နကမင်းဖြစ်သည်ဟု ဆိုကြပြီး "ရှမ်းမင်းအစ ဘိန္နက"**ဟုပင် ဆိုခဲ့ကြသည်။ **တောင်ပေါ်ဒေသဖြစ်ပြီး ချမ်းအေးသည့် ရာသီဥတုရှိသော ရှမ်းပြည်နယ်သည်** မြန်မာနိုင်ငံရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်များအနက် အကြီးဆုံးဖြစ်သည်။

အင်းလေးကန်၊ ဂုတ်ထိပ်တံတား၊ ပင်းတယလိုဏ်ဂူတော်၊ မွေတော်ကက္ကူဘုရား၊ ထမ့်ဆန်းလိုဏ်ဂူတော်၊ မြန်မာ့ပတ္တမြား၊ နီလာကျောက်မျက်ရတနာများထွက်ရှိရာ မိုင်းရှူးရတနာမြေ စသည့် အထင်ကရနေရာများနှင့် ထင်ရှားကျော်ကြားသော တန်ခိုးကြီးဖောင်တော်ဦးဘုရားလည်း တည်ရှိရာဒေသဖြစ်သဖြင့် ပြည်တွင်းသာမက ပြည်ပမှနိုင်ငံခြားသားခရီးသွားများပါ စိတ်ဝင်တစားလာရောက်မှုများသော ဒေသလည်းဖြစ်သည်။

ရှမ်းပြည်နယ်တွင် ရှမ်း၊ ဓနု၊ အင်းသား၊ ပလောင်၊ ပဒေါင်၊ ပအိုဝ်း၊ ကိုးကန့်၊ ဝ၊ ကချင်၊ ဗမာ၊ အခါ၊ လားဟူ၊ လီရှော စသဖြင့် တိုင်းရင်းသားလူမျိုးပေါင်းစုံရှိပြီး လူဦးရေ ၅၈ သိန်းကျော် မှီတင်းနေထိုင်ကြသည်။ အကျယ်အဝန်း စတုရန်းမိုင် ၆၁၀၀၀ ကျော်ရှိသည်။

ရှမ်းပြည်နယ်၌ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတစ်ခု၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေးခု၊ ခရိုင် ၁၃ ခု၊ မြို့နယ်ပေါင်း ၅၅ မြို့နယ်တို့ဖွဲ့စည်းတည်ရှိသည်။

အစိုးရသစ် တစ်နှစ်တာကာလအတွင်း ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူများ၏ အကျိုးစီးပွားအတွက် ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များကို သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ရှမ်းပြည်နယ် အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသော ပြည်နယ်သူ၊ ပြည်နယ်သားများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်နယ်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ ဘက်စုံကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ အစိုးရသစ် စတင်တာဝန်ထမ်းဆောင်ခဲ့သော တစ်နှစ်တာကာလအတွင်း လယ်ယာကဏ္ဍ အဆင့်မြှင့်တင်ပေးခြင်း၊ မြို့ပေါ်ကျေးလက်မကျန် လမ်းတံတားများတည်ဆောက်ပေးခြင်း၊ လျှပ်စစ်ဓာတ်အားရရှိရေး၊ ပညာရေး၊ ကျန်းမာရေး၊ ခရီးသွားလုပ်ငန်းကဏ္ဍ အစရှိသည်တို့ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

**နိုင်ငံရေးဆွေးနွေးပွဲများပြုလုပ်**

ရှမ်းပြည်နယ်အတွင်း တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသော ရှမ်းပြည်နယ် ပြန်လည်ထူထောင်ရေးကောင်စီ/ရှမ်းပြည်တပ်မတော် (RCSS/SSA)နှင့် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်(PNLO) တို့ရှိပြီး NCA လက်မှတ်ရေးထိုးထားခြင်းမရှိသည့် လက်နက်ကိုင်အဖွဲ့ ငါးဖွဲ့ရှိနေကာ ပြည်နယ်၏လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့က ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ရှမ်းပြည်နယ် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-S) အစည်းအဝေးများကို ပြီးခဲ့သည့်နှစ်ဇန်နဝါရီလ ၂၇ ရက်၊ ဇွန်လ ၂၉ - ၃၀ ရက်နှင့် နိုဝင်ဘာလ ၄ ရက်နေ့တို့တွင် သုံးကြိမ်ပြုလုပ်ခဲ့ပြီး နှစ်ဖက်တပ်များ ညှိနှိုင်းဆွေးနွေးကန့်ကွက်ပြောကြားချက်များနှင့်ပတ်သက်၍ ဆွေးနွေးဆောင်ရွက်နိုင်ခဲ့သည်။

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)လက်မှတ်ရေးထိုးပြီးနောက် ပထမအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံကို အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး နိုင်ငံရေးဆွေးနွေးမှုများပြုလုပ်သွားရန် သဘောတူညီချက်အရ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများကို လူမျိုး၊ ဒေသ၊ အကြောင်းအရာအလိုက် ကျင်းပလျက်ရှိရာ ရှမ်းပြည်နယ်အတွင်း ပအိုဝ်းလူမျိုး အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကို ယခုနှစ်ဖေဖော်ဝါရီလ ၁၆ ရက်မှ ၂၀ ရက်နေ့အထိ ဟိုပုံးမြို့၌ အောင်မြင်စွာကျင်းပနိုင်ခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဆိုင်ရာ၊ တိုင်းရင်းသားလူမျိုးများ အခွင့်အရေးဆိုင်ရာ၊ လူမှုရေးဆိုင်ရာ၊ စီးပွားရေးဆိုင်ရာ၊ မြေယာနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးနိုင်ခဲ့သဖြင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေးအတွက် များစွာအထောက်အကူဖြစ်စေသော နိုင်ငံရေးဆွေးနွေးပွဲကြီးပင်ဖြစ်သည်။

**ဘိန်းခင်းများဖျက်ဆီး**

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ရှမ်းပြည်နယ်၌ ဘိန်းခင်းဧရိယာ ၈၁၇၅ ဒသမ ၃၇ ဧကကို ဖျက်ဆီးနိုင်ခဲ့ပြီး ကျန်ရှိနေသည်များကိုလည်း ဆက်လက်ဖျက်ဆီးနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရှမ်းပြည်နယ်တွင် သစ်၊ လက်ဖက်၊ ရော်ဘာ အပါအဝင် ပန်းသီး၊ စပျစ်သီး၊ လိမ္မော်သီး စသည့် အသီးအနှံများကိုလည်း စိုက်ပျိုးကြသည်။

**မျိုးကောင်းမျိုးသန့်မျိုးစေ့များထုတ်လုပ်**

ရှမ်းပြည်နယ်အတွင်း လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၁၆-၂၀၁၇

အထူးကဏ္ဍ (စ) သို့ »»



အင်းလေးကန် ရေရှည်တည်တံ့ရေးအတွက် ရေလမ်းထိန်းသိမ်းရေးနှင့် နုန်းဆယ်လုပ်ငန်း ဆောင်ရွက်နေစဉ်။

အထူးကဏ္ဍ (င) မှ »»

ဘဏ္ဍာနှစ်အတွင်း စိုက်ပျိုးရေးဦးစီးဌာနမှ သီးနှံအလိုက် မျိုးကောင်းမျိုးသန့်မျိုးစေ့များ ထုတ်လုပ်ပေးခဲ့ရာတွင် စပါး၊ အစေ့ထုတ်ပြောင်း၊ နေကြာ၊ ပဲစင်းငုံ အစရှိသည်တို့ကို ဧက နှစ်ထောင့်နှစ်ရာကျော် ဖော်ဆောင်ပေးနိုင်ခဲ့သည်။

ထို့ပြင် တောင်သူလယ်သမားများ ဝင်ငွေပိုမိုတိုးတက်ရရှိစေရန် ကုန်းမြင့်ဒေသ လယ်ယာမြေဖော်ထုတ်ရေးစီမံကိန်းများကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ဟိုပုံးမြို့နယ်၊ ကျိုင်းတုံမြို့နယ်နှင့် ကွတ်ခိုင်မြို့နယ်တို့တွင် ဆောင်ရွက်ခဲ့ပြီး ဧက ၆၀၀ ဖော်ထုတ်ပေးနိုင်ခဲ့သည်။ လာမည့်ဘဏ္ဍာနှစ်တွင်လည်း ဧက ၈၀၀ ဆက်လက်ဖော်ထုတ်ရန်လျာထားကြောင်း သိရသည်။

တောင်သူများကို စိုက်ပျိုးစရိတ်ချေးငွေအဖြစ် ယခင်က စပါးတစ်ဧကလျှင် ငွေကျပ်တစ်သိန်းထုတ်ချေးပေးခဲ့ရာမှ အစိုးရသစ်လက်ထက်တွင် ငွေကျပ် တစ်သိန်းငါးသောင်းထိ တိုးမြှင့်ထုတ်ချေးပေးခဲ့သည်။ ထို့ပြင် ချေးငွေထုတ်ချေးရာတွင် လွယ်ကူမြန်ဆန်စေရေးအတွက် တောင်သူ ၁၀ ဦးပါသော အစုအဖွဲ့မှ သုံးဦးပါဝင်သောအဖွဲ့အဖြစ် ဖြေလျှော့ပေးနိုင်ခဲ့သည်။

ရာသီအလိုက် သီးနှံထုတ်လုပ်မှုချေးငွေအနေဖြင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မြို့နယ် ၄၇ မြို့နယ်၊ ကျေးရွာအုပ်စု ၄၄၈ အုပ်စုတွင် အစုအဖွဲ့ ၁၃၆၈၉ စု၊ တောင်သူပေါင်း ၃၈၃၉၉ ဦးကို ချေးငွေကျပ် ၂၂၄၁၂ ဒသမ ၀၈ သန်း ထုတ်ချေးပေးနိုင်ခဲ့သည်။

ရှမ်းပြည်နယ်တွင် စိုက်ပျိုးမြေများကို သားစဉ်မြေးဆက် လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိစေရေးအတွက် ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့်အညီ တောင်သူ ၂၉၈၁၆၀ တို့၏ ဦးပိုင်လုပ်ကွက်ပေါင်း ၃၈၃၈၄၂ ကို လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၇)အား ထုတ်ပေးနိုင်ခဲ့ပြီး မြေယာဥပဒေနှင့်အညီ မြေယာပိုင်ဆိုင်ခွင့်ရရှိစေရေးအတွက် မြေစာရင်းပုံစံ (၁၀၅) ရေးကူးခြင်းလုပ်ငန်းကို အစိုးရသစ်ကာလအတွင်း ၂၄၁၉၂ စောင်ကို မြေယာဥပဒေ၊ နည်းဥပဒေ ညွှန်ကြားချက်များနှင့်အညီ ထုတ်ပေးနိုင်ခဲ့သည်။

ထို့ပြင် ယခင်က ဘဏ္ဍာတော်အခွန်အခကြေး(Royalty Fees)ကောက်ခံရေးဆိုင်ရာ အမိန့်ကြော်ငြာစာထုတ်ပြန်၍ မြေအမျိုးအစားအလိုက် မြေအသုံးချမှုပရီမီယံကြေးများကိုကောက်ခံခဲ့သော်လည်း ယခုအစိုးရသစ်တာဝန်ယူပြီးနောက်ပိုင်း ယင်းကိစ္စကို ပယ်ဖျက် ဖြေလျှော့ပေးခဲ့သည်။

**ကျေးရွာဂရန် ၄၃၆၄ ခု**

အိမ်ရာမြေများကို ကျေးရွာမြေငှားဂရန်စီမံချက်အရ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်ပေါင်း ၄၇ မြို့နယ် ကျေးရွာပေါင်း ၄၇ ရွာတွင် ကျေးရွာဂရန် ၄၃၆၄ ခုကို ကျေးလက်နေပြည်သူများသို့ ရှမ်းပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေဖြင့်လည်း ထုတ်ပေးနိုင်ခဲ့သည်။

**စီးပွားရေးစိုက်ခင်း ဧက ၃၀၀**

သစ်တောကဏ္ဍအနေဖြင့် သစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်းအရ နိုင်ငံတော်အစိုးရသစ်လက်ထက်တွင် ရှမ်းပြည်နယ်အတွင်း၌ စီးပွားရေးစိုက်ခင်း ဧက ၃၀၀၊ ရေဝေရေလဲစိုက်ခင်း ဧက ၄၀၀၊ သဘာဝတောတန်ဖိုးမြှင့်စိုက်ပျိုးခြင်း ဧက ၈၆၀ စုစုပေါင်းစိုက်ဧက ၁၅၆၀ ကို ရန်ပုံငွေကျပ် ၆၇ ဒသမ ၀၁၄ သန်းဖြင့် စိုက်ပျိုးခဲ့ပြီး ရာခိုင်နှုန်း ၉၀ ကျော် ရှင်သန်အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့သည်။



ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်

**မြစိမ်းရောင် (အသားကဏ္ဍ) မွေးမြူရေးကျေးရွာများ**

အစိုးရသစ်လက်ထက်တွင် ရှမ်းပြည်နယ်၌ ဒေသတွင်း စားသုံးမှုဖူလုံစေရေးအတွက် အသားကဏ္ဍ မွေးမြူထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်ပေးလျက်ရှိရာ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး အစီအစဉ်အရ တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန် ရည်ရွယ်ချက်ဖြင့် မြစိမ်းရောင်(အသားကဏ္ဍ) မွေးမြူရေးကျေးရွာများထူထောင်၍ မွေးမြူရေးတိရစ္ဆာန်များဖြန့်ဖြူးပေးခြင်း၊ School Milk Program အရ မွေးမြူသူများသို့ နို့စားနွားများဖြန့်ဖြူးပေးခြင်းနှင့် မွေးမြူရေးဘဏ်စနစ်ဖြင့် မျိုးကောင်းမျိုးသန့်တိရစ္ဆာန်များ ဖြန့်ဖြူးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း တစ်မြို့နယ်လျှင် ငွေကျပ် သန်း ၃၀ ဖြင့် ညောင်ရွှေ၊ ပင်လောင်း၊ လွိုင်လင်၊ လားရှိုး၊ နမ့်ခမ်းနှင့် တာချီလိတ်မြို့နယ်များတွင် မွေးမြူရေးတိရစ္ဆာန်များ ဖြန့်ဖြူးပေးနိုင်ခဲ့သည်။

**အိမ်ထောင်စု ၁၁၉ စု**

မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ပြည်သူများ၏ အခြေခံလိုအပ်ချက်များဖြစ်သည့် နေထိုင်ရေးကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် အစိုးရဝန်ထမ်းများအပါအဝင် ဝင်ငွေနည်းမိသားစုများအတွက် တန်ဖိုးနည်း၊ တန်ဖိုးသင့်အိမ်ရာများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း တောင်ကြီးမြို့အထွက် ဟိုပုံးကားလမ်းမကြီးဘေးရှိ ပြည်သူ့အင်ဒိမ်ရာ လေးခန်းတွဲ ငါးထပ်တိုက်ခြောက်လုံးတွင် နေထိုင်ရေးအခက်အခဲရှိသည့် ပြည်သူများကို ပြင်ပ၊ အငြိမ်းစားဝန်ထမ်းများနှင့် အငြိမ်းစားယူခါနီးဝန်ထမ်းများဟူ၍ အုပ်စုသုံးခုခွဲကာ စနစ်တကျမဲနှိုက်၍ အိမ်ထောင်စု ၁၁၉ စုအား နေရာချထားပေးနိုင်ခဲ့သည်။

**ရည်မှန်းဆောင်ရွက်**

ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာနလက်အောက်ရှိ မြို့နယ်စည်ပင်သာယာရေးဌာနများအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ငွေလုံးငွေရင်း/သာမန်အသုံးစရိတ်စုစုပေါင်း ၁၂၀၂ ဒသမ ၈၆၂ သန်းဖြင့်

အထူးကဏ္ဍ (ဆ) သို့ »»



ပအိုဝ်းအမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကျင်းပစဉ်။




ရှမ်းပြည်နယ် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC-S) တတိယအကြိမ်အစည်းအဝေး ကျင်းပစဉ်။

## ရှမ်းပြည်နယ်အတွင်း တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသော ရှမ်းပြည်နယ် ပြန်လည်ထူထောင်ရေးကောင်စီ/ ရှမ်းပြည်တပ်မတော် (RCSS/SSA)နှင့် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO) တို့ရှိပြီး NCA လက်မှတ်ရေးထိုး ထားခြင်းမရှိသည့် လက်နက်ကိုင်အဖွဲ့ ငါးဖွဲ့ရှိ


ညောင်ရွှေမြို့နယ်ရှိ မျိုးစေ့ထုတ်စပါးစိုက်ခင်းကို တွေ့ရစဉ်။

**အထူးကဏ္ဍ (၈) မှ »»**

မြို့ပြလမ်း၊ တံတား၊ ရေပေးဝေရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ကတ္တရာလမ်း၊ ကျောက်လမ်း၊ ကွန်ကရစ်လမ်း၊ မြေသားလမ်း စုစုပေါင်း မြို့ပြလမ်း ၃၂၆ လမ်း အရှည် ၄၇ မိုင် ၅ ဒသမ ၁၃၂ ဖာလုံကို ဆောင်ရွက်ခဲ့ပြီး ဖြစ်သည်။

ထို့ပြင် မြို့နယ်ပေါင်း ၄၂ မြို့နယ်တွင် တံတား ၁၇၁ စင်း ဆောက်လုပ်ပေးနိုင်ခဲ့ပြီး မြို့နယ် ၂၁ မြို့နယ်တွင် ရေပေးဝေရေးလုပ်ငန်း ၇၂ ခုကို အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ခဲ့သည်။

အစိုးရသစ်လက်ထက်တစ်နှစ်တာကာလအတွင်း လမ်းဦးစီးဌာနအနေဖြင့် ၁၂ ပေ အကျယ် ကတ္တရာလမ်းသစ် ၁၇၄ မိုင် ၇ ဖာလုံ၊ ကွန်ကရစ်လမ်းသစ် ၄ မိုင် ၆ ဖာလုံ၊ ၁၈ ပေ အကျယ် ကတ္တရာလမ်းချဲ့ခြင်း ၁၆၆ မိုင်၊ ၂၃ ပေ အကျယ် ကတ္တရာလမ်းချဲ့ခြင်း ၆ မိုင် ၅ ဖာလုံ၊ ကတ္တရာထပ်ပိုးလွှာခင်းခြင်းနှင့် လမ်းနိမ့်မြင့်ညှိ၍ ရေပိတ်လွှာလောင်းခြင်း ၂၂၈ မိုင် ၅ ဖာလုံ၊ ကျောက်လမ်းနှင့် အမာခံလမ်းခင်းခြင်း ၁၀၇ မိုင် ၂ ဖာလုံ၊ မြေသားတာပေါင်နှင့် ကျောက်တောင်လမ်းချဲ့ခြင်း ၃၆၂ မိုင် ၃ ဖာလုံ၊ သံကူကွန်ကရစ်တံတား/ရေပြွန်တည်ဆောက်ခြင်း ၁၃၀၁၀၉ ပေတို့ကို ပြည်ထောင်စု/ပြည်နယ် ခွင့်ပြုရန်ပုံငွေကျပ် ၄၅၀၄၅ ဒသမ ၄၀၂ သန်းဖြင့် စံချိန်စံညွှန်းနှင့်အညီ တည်ဆောက်ပေးခဲ့သည်။

ထို့ပြင် လမ်း ၁၃ လမ်းပေါ်ရှိတံတား ၂၇၃ စင်းအား တံတား အဝင်/အထွက်နေရာများ ချောမွေ့စေရန်အတွက် ကတ္တရာခင်း၍ ဖြေညှိခြင်းလုပ်ငန်းများအပြင် သိန်း ၃၀၀ အောက် လမ်း/တံတားဂိတ် ခုနစ်ဂိတ်ကိုလည်း ဖြေလျှော့ပေးခဲ့သည်။ ယင်းအပြင် ရှမ်းပြည်နယ်အတွင်းရှိ လမ်းများအားလုံးကို ASEAN Class III ၁၈ ပေ အကျယ်လမ်း/ကွန်ကရစ်လမ်းအဆင့်ထိ ရောက်ရှိစေရေး ရည်မှန်းဆောင်ရွက်လျက်ရှိသည်။

**လူမှုစီးပွားဘဝတိုးတက်စေရေး**

ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးနှင့် ဝင်ငွေတိုးပွားစေရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်လမ်း၊ တံတား၊ ရေပေးရေးနှင့် မီးလင်းရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း လမ်း၊ တံတားလုပ်ငန်းများတွင် ကတ္တရာလမ်း၊ ကျောက်လမ်း၊ မြေလမ်း စုစုပေါင်း ၁၁၁ လမ်းအား ခွင့်ပြုရန်ပုံ ငွေကျပ် ၈၈၅၈ ဒသမ ၆၇၄ သန်းဖြင့်လည်းကောင်း၊ ကွန်ကရစ်တံတား၊ သစ်သားတံတားနှင့် အခြားတံတား စုစုပေါင်း တံတား ၁၆၄ စင်းအား ခွင့်ပြုရန်ပုံငွေကျပ် ၁၈၂၈ ဒသမ ဝ၃ သန်းဖြင့်လည်းကောင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ကျေးလက် ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်မှုအနေဖြင့် တွင်းတိမ် ၁၀ တွင်း၊ တွင်းနက် ၂၇ တွင်း၊ လက်တူးတွင်း ခြောက်တွင်း၊ မြေသားရေကန် ၁၉ ကန်၊ စိမ့်စမ်းရေသွယ်ယူခြင်း၂၀၄ ခုနှင့် အခြားရေပေးရေးလုပ်ငန်း ၅၈ ခုတို့ကို ခွင့်ပြုငွေကျပ် ၅၀၂၈ ဒသမ ၆၂၁ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

**ကျေးရွာမီးလင်းရေး**

ကျေးရွာမီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်မှုအနေဖြင့် ဆိုလာ ၄၀၁၄၁ စုံကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ကျေးလက်လူမှုစီးပွားဘဝ တိုးတက်မြင့်မားစေရေးအတွက် ရှမ်းပြည်နယ်အတွင်း မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ယူနစ်ပေါင်း ၄၂၀၊ ကျေးရွာပေါင်း ၆၀၃ ရွာအတွက် ကော်မတီများဖွဲ့စည်းပြီး ချေးငွေဖြင့် လုပ်ငန်းများ လည်ပတ်လုပ်ကိုင်နိုင်ရန် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

**လျှပ်စစ်ဓာတ်အား**

လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှုကောင်းမွန်စေရေးနှင့် ကျေးရွာမီးလင်းရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ရာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ပြည်နယ်အစိုးရ၏ မူလခွင့်ပြုရန်ပုံငွေ၊ ဖြည့်စွက်ရန်ပုံငွေ၊ အထွေထွေရန်ပုံငွေ စုစုပေါင်း ငွေကျပ် ၁၈၁၆၈ ဒသမ ၇၅၈ သန်းဖြင့် ၁၁ ကေဗွီလိုင်း ၆၁ ဒသမ ၉၃ မိုင်၊ ၄၀၀ ဗို့လိုင်း ၆၆ ဒသမ ၅၉ မိုင်နှင့် ၁၁/သုည ဒသမ ၄ ကေဗွီ ထရန်စဖော်မာ ၆၆ လုံး၊ ၁၁၉၀၅ ကေဗွီတိုးချဲ့တည်ဆောက်ပေးနိုင်ခဲ့သည်။ ကျေးရွာပေါင်း ၁၇၄ ရွာတွင် အိမ်ခြေ ၂၃၄၃၀၊ အိမ်ထောင်စု ၂၄၅၅၂ စုနှင့် မီးသုံးစွဲသူ ၆၆၁၈၂ ဦးခန့်အား လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်ရေး ဆောင်ရွက်ပေးနိုင်ခဲ့သည်။

**ကုန်သွယ်မှုပမာဏ**
**ဒေါ်လာ ၄၂၉၄ သန်းကျော်**

ကုန်သွယ်ရေးကဏ္ဍတွင် မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း မော်တော်ယာဉ် ၁၈၄၆၅၈ စီးဖြင့် ပို့ကုန်ပမာဏ အမေရိကန်ဒေါ်လာ ၂၆၇၄ ဒသမ ၆၈၅ သန်း၊ မော်တော်ယာဉ် ၁၀၂၅၀၈ စီးဖြင့် သွင်းကုန်ပမာဏ အမေရိကန် ဒေါ်လာ ၁၃၈၉ ဒသမ ဝ၆၂ သန်း စုစုပေါင်း မော်တော်ယာဉ် ၂၈၇၁၆၆ စီးဖြင့် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၄၂၉၄ ဒသမ ၉၆၉ သန်းကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည်။

ထို့ပြင် တာချီလိတ်ကုန်သွယ်ရေးစခန်းမှ အဆိုပါဘဏ္ဍာနှစ်အတွင်း ပို့ကုန်ပမာဏ အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၃၄၀ သန်း၊ သွင်းကုန်ပမာဏ အမေရိကန် ဒေါ်လာ ၅၇ ဒသမ ၄၇၉ သန်း စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၇၀ ဒသမ ၈၁၉ သန်းနှင့် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ပို့ကုန်ပမာဏ အမေရိကန်ဒေါ်လာ ၄၈၃ ဒသမ ဝ၂၁ သန်း၊ သွင်းကုန်ပမာဏ အမေရိကန်ဒေါ်လာ ၅၁ ဒသမ ၇၁၃ သန်း စုစုပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၅၃၄ ဒသမ ၇၃၄ သန်းကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည်။

ရှမ်းပြည်နယ်အတွင်း ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုပြပွဲ (Shan State Investment Fair) ကို ယခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်တွင် တောင်ကြီးမြို့ Royal Taunggyi ဟိုတယ်၌ ပြုလုပ်ခဲ့ပြီး ဌာနဆိုင်ရာများ၊ သံရုံးများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ကုန်သည်/စက်မှုအသင်းအဖွဲ့များ၊ ပြည်တွင်းပြည်ပလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြပြီး ပြခန်းပေါင်း ၂၁ ခန်းကို ပြသခဲ့သည်။

**ခရီးသွားလုပ်ငန်းမြှင့်တင်**

ရှမ်းပြည်နယ်အတွင်း ခရီးသွားလုပ်ငန်းမြှင့်တင်ရေးဆောင်ရွက်ချက်အနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် လန်ချန်မှ ဟဲဟိုးနှင့် ထိုင်းနိုင်ငံ ချင်းရိုင်မှ ဟဲဟိုးသို့ လေကြောင်းလိုင်း တိုက်ရိုက်ပြေးဆွဲပြီး ခရီးသွားလုပ်ငန်းမြှင့်တင်ရေး ညှိနှိုင်းဆောင်ရွက်ခဲ့သည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ဟိုတယ်/တည်းခိုရိပ်သာလိုင်စင် ၂၈၈ ခု၊ ခရီးလှည့်လည်ရေးလုပ်ငန်းလိုင်စင် ၈၀၊ ပို့ဆောင်ရေးလုပ်ငန်းလိုင်စင် (ကား/စက်လှေ) ၁၆၆၉ ခု၊ ဧည့်လမ်းညွှန်လိုင်စင် ၁၁၆၅ ဦး တို့ကို ထုတ်ပေးနိုင်ခဲ့သည်။

ဟိုတယ်နှင့် ခရီးသွားကဏ္ဍတွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဟိုတယ်ဆိုင်ရာသင်တန်းလေးမျိုးကို ၂၃ ကြိမ်ဖွင့်လှစ်နိုင်ခဲ့ပြီး သင်တန်းသား ၁၈၅၅ ဦး တက်ရောက်ခဲ့သည်။

ထို့ပြင် ရှမ်းပြည်နယ်အတွင်း ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်း(CBT Pilot Project)ကို ရှမ်းပြည်နယ်တောင်ပိုင်း အရှေ့ဘက်တောင်တန်းပေါ်ရှိ ပအိုဝ်းကျေးရွာလေးရွာ၌ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယင်းကျေးရွာများမှ လူငယ် ၅၀ ခန့်ကို အလုပ်အကိုင်များ ဖန်တီးပေးနိုင်ခဲ့သည်။

အဆိုပါ CBT လုပ်ငန်းသည် ကာလတိုအတွင်း ASEAN TOURISM FORUM (ATF 2017) စင်ကာပူတွင် ဆုရရှိခဲ့ပြီး ITB(Berlin)ခရီးသွားပြပွဲတွင် Winner Award ဆု ရရှိခဲ့သည်။

ယင်းလုပ်ငန်းကို အကောင်အထည်ဖော်မှုအနေဖြင့် ရှာင် ပင်းတယဒေသရှိ ဓနုတိုင်းရင်းသားများနေထိုင်ရာ ကျေးရွာနှစ်ရွာ၊ ပလောင်တိုင်းရင်းသားများနေထိုင်ရာ ကျေးရွာနှစ်ရွာ စုစုပေါင်း ကျေးရွာလေးရွာတို့တွင် ဆက်လက်အကောင်အထည်ဖော်လျက်ရှိပြီး အင်းလေးကန် တောင်ဘက်ရှိ စံကားအင်းတွင် CBT လုပ်ငန်းနှစ်ခုကို ဆောင်ရွက်လျက်ရှိသည်။

**အင်းလေးကန် မတိမ်ကောစေရေး**

ရှမ်းပြည်နယ်သည် ရေအရင်းအမြစ် သယံဇာတပေါကြွယ်ဝသော ပြည်နယ်တစ်ခုဖြစ်သော်လည်း ရေလိုအပ်သောဒေသတစ်ခုအဖြစ်သို့ ရောက်ရှိမသွားစေရန် ရေအရင်းအမြစ် သယံဇာတများကို စနစ်တကျစီမံဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံ၏ ဒုတိယအကြီးဆုံး သဘာဝကန်းတွင်း ရေကန်ဖြစ်သည့် အင်းလေးကန်မတိမ်ကောစေရေး၊ သဘာဝပတ်ဝန်းကျင်ဂေဟစနစ် မပျက်သုဉ်းစေရေးနှင့် အစဉ်သာယာလှပစိမ်းလန်းစိုပြည်ရေးအတွက် ငွေကျပ် သန်း ၁၀၀၀ တန်ဖိုးရှိ သောင်တူးစက်ကို ဝယ်ယူခဲ့ပြီး ဒေသဆိုင်ရာအုပ်ချုပ်မှုအဖွဲ့အစည်းများ၏ ကြီးကြပ်မှုဖြင့် သက်ဆိုင်ရာဌာန / အဖွဲ့အစည်းများက ထိန်းသိမ်းဆောင်ရွက်လျက်ရှိသည်။

**အသေးစားစက်မှုလက်မှုလုပ်ငန်း**
**၁၃ မျိုး၊ လုပ်ငန်းရှင် ၁၃၀**

အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း အသက်မွေးဝမ်းကျောင်း အထောက်အကူပြုကာလတိုသင်တန်း ခုနစ်မျိုးကို ၃၃ ကြိမ်ဖွင့်လှစ်ပို့ချပေးခဲ့ပြီး အသေးစားစက်မှုလက်မှုလုပ်ငန်း ၁၃ မျိုးအတွက် လုပ်ငန်းရှင် ၁၃၀ တို့ကို မှတ်ပုံတင်ပြုလုပ်ပေးနိုင်ခဲ့သည်။

စားသုံးသူရေးရာဦးစီးဌာနမှ ပြည်နယ်/ခရိုင်အဆင့် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိရာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း မြို့နယ်ပေါင်း ၂၇ မြို့နယ်တွင် စုစုပေါင်းလူဦးရေ ၁၅၄၃၄၂ ဦးကို စားသုံးသူရေးရာဆိုင်ရာ အသိပညာပေးဆောင်ရွက်ခဲ့သည်။

**အခြေခံပညာကျောင်း ၁၅၈၀၀ ကျော်**

အစိုးရသစ်၏ တစ်နှစ်တာကာလအတွင်း ရှမ်းပြည်နယ်အစိုးရအဖွဲ့သည် အခြေခံပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲတိုးတက်မှုအနေဖြင့် အခြေခံပညာကျောင်းပေါင်း ၁၅၈၄၄ ကျောင်းထိ တိုးတက်ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

ရှမ်းပြည်နယ်အတွင်း အခြေခံစာတတ်မြောက်မှု ရာခိုင်နှုန်းမှာ ၆၄ ဒသမ ၄ ရာခိုင်

**အထူးကဏ္ဍ (၉) သို့ »»**


ရှမ်းပြည်နယ်၌ ဒေသတွင်း စားသုံးမှုဖူလုံစေရေးအတွက် တစ်ပိုင်တစ်နိုင် ကြက်မွေးမြူရေးလုပ်ငန်းကို မြင်တွေ့ရစဉ်။

## လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှုကောင်းမွန်စေရေးနှင့် ကျေးရွာမီးလင်းရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ရာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ပြည်နယ်အစိုးရ၏ မူလခွင့်ပြုရန်ပုံငွေ၊ ဖြည့်စွက်ရန်ပုံငွေ၊ အထွေထွေရန်ပုံငွေ စုစုပေါင်း ငွေကျပ် ၁၈၁၆၈ ဒသမ ၇၅၈ သန်းဖြင့် ၁၁ ကေဗွီလိုင်း ၆၁ ဒသမ ၉၃ မိုင်၊ ၄၀၀ ဗို့လိုင်း ၆၆ ဒသမ ၅၉ မိုင်နှင့် ၁၁/သုည ဒသမ ၄ ကေဗွီ ထရန်စဖော်မာ ၆၆ လုံး၊ ၁၁၉၀၅ ကေဗွီ တိုးချဲ့တည်ဆောက်ပေးနိုင်ခဲ့သည်။ ကျေးရွာပေါင်း ၁၇၄ ရွာတွင် အိမ်ခြေ ၂၃၄၃၀၊ အိမ်ထောင်စု ၂၄၅၅၂ စုနှင့် မီးသုံးစွဲသူ ၆၆၃၈၂ ဦးခန့်အား လျှပ်စစ်ဓာတ်အား သုံးစွဲနိုင်ရေး ဆောင်ရွက်ပေးနိုင်ခဲ့



ဆီဆိုင်မြို့နယ် ဘန်းယဉ်ကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများ လျှပ်စစ်ဓာတ်အားရရှိရေးဆောင်ရွက်ထားသည်ကို တွေ့ရစဉ်။

**အထူးကဏ္ဍ (စ) မှ »»**

နှုန်းဖြစ်ရာ ပြည်နယ်အတွင်း စာတတ်မြောက်မှုနှုန်း တိုးတက်လာစေရန် တောင်ကြီးခရိုင် စာတတ်မြောက်ရေးလှုပ်ရှားမှုကို ယခုနှစ် ဇန်နဝါရီ ၁၂ ရက်မှစတင်၍ မြို့နယ် ကိုးမြို့နယ်တွင် ဆောင်ရွက်ခဲ့သည်။ စာကျက်ဝိုင်း ၂၅၀၄ ဝိုင်း၊ စာသင်သား ၁၆၉၇၂ ဦးကို ဆရာ ဆရာမ ၂၆၈၅ ဦးက တစ်ရက်လျှင် သုံးနာရီဖြင့် ရက်ပေါင်း ၄၀ သင်ကြားပေးခဲ့သည်။ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် သက်မွေးလုပ်ငန်းသင်တန်းများ ဖွင့်လှစ်ခြင်းကိုလည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

### ကျန်းမာရေးအဆင့်မြှင့်တင်

ရှမ်းပြည်နယ်အတွင်း နေထိုင်ကြသော ပြည်သူများ၏ ကျန်းမာရေးအဆင့်အတန်း မြင့်မားစေရေးအတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ဆေးရုံ၊ ကျန်းမာရေးဌာနပေါင်း ၂၅ ခု တိုးတက်လာခဲ့ပြီး ဆရာဝန်၊ သူနာပြု၊ ကျန်းမာရေးဆရာမပေါင်း နှစ်ထောင်ကျော် တိုးမြှင့်ခန့်ထားပေးနိုင်ခဲ့သည်။ အခမဲ့ ကျန်းမာရေးကွင်းဆင်းကုသမှု ၂၂၁၂ ကြိမ်နှင့် လူဦးရေ ရှစ်သောင်းကျော်ကို ကုသပေးနိုင်ခဲ့သည်။



မန္တလေး-လားရှိုး-မူဆယ်လမ်း(၂၆၁/၂-၂၈၅/၀)ကြား ၄၈ ပေ လေးလမ်းသွားချဲ့ခြင်းလုပ်ငန်းဆောင်ရွက်နေသည်ကို တွေ့ရစဉ်။

လူနာများ ဆေးရုံတက်ရောက်ကုသမှု လွယ်ကူချောမွေ့စေရေးအတွက် ရှမ်းပြည်နယ်အတွင်း ခုတင် (၂၀၀)နှင့်အထက် ဆေးရုံကြီးများဖြစ်သော တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံကြီး၊ အမျိုးသမီးနှင့် ကလေးဆေးရုံကြီး၊ လှိုင်လင်ခုတင် (၂၀၀) ဆံ့ ဆေးရုံကြီးများတွင် Reception Center များ ဖွင့်လှစ်ပြီး ဆေးလူမှုဆက်ဆံရေးအရာရှိ/ဆေးလူမှုဆက်ဆံရေးမှူးများဖြင့် ကူညီဆောင်ရွက်ပေးနိုင်ရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိသည်။

တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံကြီး ဓာတ်ရောင်ခြည်ကုသဌာနတွင် Cobalt 60 Machine ကို ပညာရှင်များက တပ်ဆင်ပြီးဖြစ်ကာ MRI 1.5 Tesla (GE-Signa Explorel) ရောဂါရှာဖွေရေးစက်ဖြင့် ပြီးခဲ့သည့်နှစ် ဇွန်လမှစတင်၍ ရောဂါရှာဖွေကုသပေးလျက်ရှိသည်။

ကျောက်ကပ် ဝေဒနာရှင်များအတွက် (H.DMachine)စက်တပ်ဆင်ပြီး ကျောက်ကပ်သန့်စင်ခြင်းလုပ်ငန်းကို ပြီးခဲ့သည့်နှစ် မေလမှစတင်၍ဆောင်ရွက်နိုင်ခဲ့သည်။ လှိုင်လင်ခုတင် (၂၀၀)ဆံ့ဆေးရုံကြီးတွင် CT Machine အတွက် အဆောက်အအုံဆောက်လုပ်ပြီး စက်တပ်ဆင်နိုင်ခဲ့သည်။

ဆေးလိပ်ငွေ့ကင်းစင် ရှမ်းပြည်တစ်ခွင် အထိမ်းအမှတ်အဖြစ် လူထုစက်ဘီးစီးနင်းပွဲနှင့် မီနီမာရသွန်ပြိုင်ပွဲကို ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ရှမ်းပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ မြို့နယ်ခြောက်မြို့နယ်တွင် ဆောင်ရွက်ခဲ့သည်။

### ငွေကျပ် ၂၅၆၇ သိန်းကျော်

ရှမ်းပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် လူငယ်ပရဟိတဂေဟာများ၊ ဘိုးဘွားရိပ်သာများ၊ မင်္ဂလာဦးလူငယ်ရိပ်သာနှင့် ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းများသို့ စုစုပေါင်း ငွေကျပ် ၂၅၆၇၉၀၀၀၀ ထောက်ပံ့ပေးအပ်ခဲ့ပြီး ယခင်ဘဏ္ဍာနှစ်များထက် ၃ ဒသမ ၃ ဆ ပိုမိုထောက်ပံ့နိုင်ခဲ့သည်။

၂၀၁၆-၂၀၁၇ ခုနှစ်အတွင်း အသက်(၉၀)နှင့် (၁၀၀)ကြား အဘိုးအဘွားတစ်ဦးလျှင် ငွေကျပ် တစ်သောင်းခွဲနှုန်းဖြင့်လည်းကောင်း၊ အသက် (၁၀၀)အထက် အဘိုးအဘွားတစ်ဦးလျှင် ငွေကျပ် နှစ်သောင်းနှုန်းဖြင့်လည်းကောင်း တိုးမြှင့်ထောက်ပံ့ခဲ့သည်။ လူမှုရေးအခက်အခဲရှိသော အဘိုးအဘွားများကိုလည်း ထောက်ပံ့ကြေးရ ဘိုးဘွားရိပ်သာများသို့ ပို့ဆောင်ပေးနိုင်ခဲ့သည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းဖြစ်သော (Early Childhood Intervention)ရှေးဦးစွာ ကလေးသူငယ် ဘက်စုံဖွံ့ဖြိုးတိုးတက်မှုအား တိုင်းတာစစ်ဆေးပံ့ပိုးပေးရေးလုပ်ငန်းများကို ရှေးဦးရက် (၁၀၀၀) စီမံချက်အနေဖြင့် မိခင်ကိုယ်ဝန်ဆောင်ချိန်မှစ၍ တစ်လလျှင် မိခင် တစ်ဦးကို တစ်သောင်းခွဲနှုန်းဖြင့် တစ်နှစ်လျှင် ကျပ် တစ်သိန်းရှစ်သောင်း ထောက်ပံ့ပေးသွားမည်ဖြစ်သည်။

လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်း ဒုတိယအစီအစဉ်အဖြစ် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် အသက် (၉၀)နှင့်အထက် အဘိုးအဘွား တစ်ဦးကို တစ်လလျှင် တစ်သောင်းကျပ်နှုန်းဖြင့် တစ်နှစ်လျှင် ကျပ် တစ်သိန်းနှစ်သောင်း ထောက်ပံ့သွားမည်ဟု သိရသည်။

အစိုးရအဖွဲ့သစ် တာဝန်ယူပြီးနောက် တစ်နှစ်တာကာလအတွင်း ရှမ်းပြည်နယ်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍအသီးသီးတွင် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ပေးနိုင်ခဲ့သလို ရှမ်းပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားတိုးတက်လာစေရန်အတွက်လည်း ဆောင်ရွက်ပေးလျက်ရှိသည်။

ရှမ်းတောင်တန်းကြီးများ၊ အထင်ကရနေရာများ၊ သဘာဝရှုခင်းများ၊ ချစ်စရာ ယဉ်ကျေးမှုရိုးရာအကများ၊ ဒေသထွက် အစားအစာများနှင့် ဓလေ့စရိုက်များကြောင့် ကျော်ကြားလှသည့် ရှမ်းပြည်နယ်၏ အလှသည် ဒေသဖွံ့ဖြိုးတိုးတက်လာမှုများကြောင့် ပိုမိုပန်းရနေပေတော့မည်။

■■■



ကျောက်မဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် တည်ဆောက်ထားသည့် မန်ပင့်-မန်ပွေလမ်းပေါ်ရှိ တံတားတစ်စင်းကို တွေ့ရစဉ်။

## ရေသန့်လုပ်ငန်းစက်ရုံနှင့် မြေအမြန်ရောင်းပါမည်

ဒဂုံအရှေ့စက်မှုဇုံ ၊ မိန်းလမ်းမကြီး၊ မြေ(၂)ဧကပေါ်ရှိ နိုင်ငံခြားစံချိန်မီ ရေသန့်လုပ်ငန်းစက်ရုံ အမြန်ရောင်းမည်၊ လက်ရှိအောင်မြင်လျက်ရှိ နေ့စဉ်ပုံမှန် (၁၅)သိန်းနှင့် သိန်း(၂၀) ကြားဝင်ငွေရှိ၍ အောင်မြင်ပြီးသားလုပ်ငန်း အသင့်ဆက်လက် လုပ်ကိုင်သွားရုံဖြင့် နေ့စဉ်ဝင်ငွေအပြင် စီးပွားဖြစ်လုပ်ငန်းဖြစ်ပါသည်၊ ကိုယ်ပိုင် Transformer 315 KVA တပ်ဆင်ထားပြီး ရေအလွန်ကောင်း၊ FDA ထောက်ခံချက်၊ စက်မှုလိုင်စင်၊ စည်ပင်လိုင်စင်၊ လျှပ်စစ် EI လိုင်စင်၊ ကျန်းမာရေးလိုင်စင်နှင့် ထောက်ခံချက်များ ရရှိထားပြီး အရှုပ်အရှင်းမရှိ အမည်ပေါက်။

(ညှိနှိုင်း၍ လျှော့ရောင်းပါမည်။) **ခေါ်ဈေး သိန်း(၁၅၀၀၀)သိန်း**

ပြည်ပတွင်သွားရောက်နေထိုင်ရမည်ဖြစ်ပါ၍ ရောင်းချခြင်း ဖြစ်ပါသည်။

Ph: 09-420073607, 09-250009978

---

**Mandalar Charm T & T ၏ သင်္ကြန်ခရီးစဉ်**

၁။ နီပေါ ငါးရက် – USD 1100 –ဧပြီ ၁၇–၂၁

၂။ နီပေါ ရှစ်ရက် – USD 1450 –ဧပြီ ၁၄–၂၁

၃။ မလေးရှား ငါးရက် – USD 750 –ဧပြီ ၁၅–၁၉

၂၂၆၊ ၃၈လမ်း၊ ရန်ကုန် ( ဖုန်း ၀၁–၂၄၂၂၃၉/၂၅၆၆၇၂ )

---

**ကြို့တင်မှာပါ**

ဟာသူများလို့ ချက်ချင်းမရောက်ရင် စိတ်မဆိုးကြပါနဲ့

09 5095 095, ☎ 01-682844

စိတ်ကောင်းကြည်လင် ချန်ပီယံပေါ်ဆန်းမွှေး

---

**ကိုကျော်နိုင် CAR RENTAL**

ALPHARD, HIACE (14, 12, 9 seater), Mark II ကားသစ်ကြီးများဖြင့် အချိန်ပိုင်း၊ လချုပ်၊ Driver ပါ ဈေးနှုန်းချိုသာစွာဖြင့် ငှားရမ်း ဝန်ဆောင်မှုပေးပါသည်။

အမှတ် ၁၃၀၊ ၉၄လမ်း၊ မြေညီ၊ မင်္ဂလာတောင်ညွန့်။

✆ 09 253 582510, 09 515 8803

---

**GOLDEN CITY** 09-450765726,09-454466958 09-781076743,09-457557040

Mar -24/31, April 7/12/17

---

**GA Travel & Tours**

☼ ကျိုက်ထီးရိုး – ၁၂၀၀၀ ⎫ Scania, Sunlong, Yutong

☼ ချောင်းသာ – ၁၅၀၀၀ ⎭ နေ့စဉ် (5+1 FOC)

☼ ငွေဆောင် – ၁၈၀၀၀ (သောကြာ)

Ph - 0945000520, 09455000530, 09451500093

---

ပထမဦးဆုံး အကြိမ် ထူးခြားစည် ကားစွာ ကျင်းပမည့်

# ဗိတ္ထီလာမြို့ကုန်စည်ပြပွဲကြီး

09-5031660, 09-785031660, 09-250660119

(၂၇–၃–၂၀၁၇)မှ (၁–၄–၂၀၁၇)ထိ

ကန်တော်မင်္ဂလာခန်းမ

---

**GARTEN FLOOR**

Specialize of Vinyl & Laminate Floor

ခေတ်မီ နောက်ဆုံးပေါ် ဒီဇိုင်းများကို Garten တွင်ရွေးချယ်ပါ။

သင့်အိမ်အတွက် ကြမ်းခင်းဆိုလျှင် ဒီဇိုင်းသစ်လှ အရည်အသွေးကောင်းမွန် စိတ်ချရသော Garten Floor Show Room သို့ကြွလှမ်းခဲ့ပါ။

**Garten Material**

*Bring Up Happy Life*



စတီးလက်ရန်းတိုင်များကိုလည်း လက်လီ/လက္ကားမှာယူ ရရှိနိုင်ပါသည်။

မြန်မာနှစ်သစ်ကူးအထူး PROMOTION အနေဖြင့် (1.3.2017) မှ (30.4.2017)နေ့အထိ Laminate Floor နှင့် Vinyl Floor များအား(၅ ကျင်း) နှင့် အထက် ဝယ်ယူအားပေးသော Customer များအတွက် 5% Discount ပေးနေပါပြီ။

**Vinyl Floor**

- 100% ရေစိုခံနိုင်ခြင်း။
- ရေငွေ့ရိုက်မှုခံနိုင်ခြင်း။
- ခေတ်မီသေသပ်လှပခြင်း။
- အလွယ်တကူခြစ်ရာပွန်းရာမထင်ခြင်း။
- ဖိအားဒါဏ်ခံနိုင်ခြင်း။
- ဖြုတ်တပ်ရလွယ်ခြင်း။
- ရာသီဥတုကြောင့်ဖြစ်ပေါ်သော စိုထိုင်းမှုကို (၁၀၀%)ကာကွယ်နိုင်ပါသည်။

**Laminate Floor**

- အလွယ်တကူ ခြစ်ရာပွန်းရာမထင်ခြင်း။
- ဖိအားဒါဏ်ခံနိုင်ခြင်း။
- ဖြုတ်တပ်ရလွယ်ကူပြီး အခြားနေရာတွင် ပျက်စီးမှုမရှိဘဲ ပြန်ခင်းနိုင်ခြင်း။
- Double Clip System ကို အသုံးပြုထားသောကြောင့် တစ်ခုနှင့် တစ်ခု ချိတ်ဆက်ရာတွင် ခိုင်မြဲခြင်း။
- မတော်တဆ ညစ်ပေသွားလျှင်လည်း အလွယ်တကူ သန့်စင်နိုင်ခြင်း။
- မီးဒဏ်ကို သာမန်ထက် ပိုမိုခံနိုင်ရည်ရှိခြင်း။
- Polish တင်ရန်မလိုဘဲ အမြဲတမ်း တောက်ပအရောင်မမှိန်ခြင်း။

HOT LINE | 09 459 177778 | 09 240 0988

အမှတ်(၂၂၄)၊ မြေညီထပ်၊ ကျိုက္ကဆံလမ်းနှင့် ကျောက်မြောင်းလမ်းထောင့်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့ | ☎: 09-790 177709, 09-790 178988 | ✉ : garten.sh@gmail.com

---

# PARKSON

JUNCTION SQUARE

A NEW SHOPPING DESTINATION

*For a new lifestyle*

သင့်ဘဝနေထိုင်မှုပုံစံအသစ်အတွက် နေရာသစ်တစ်ခုမှာဈေးဝယ်ထွက်ရအောင်



သင့်စိတ်ကြိုက် အမှတ်တံဆိပ်ပေါင်းများစွာ နှင့် အံ့အားသင့်ဖွယ်ရာများစွာတို့နှင့်အတူ

Level 1 & 2, Corner of Pyay Road & Kyunn Taw Road
07 Quarter, Kamaryut Township,Yangon

## ဖွင့်ပွဲနေ့

သောကြာနေ့ ၁၇.၀၃.၂၀၁၇

**၁၀%** ၅၀,၀၀၀ကျပ်ဖိုးဝယ်ယူလျှင် လျှော့ဈေးနှင့်ညီမျှသော လျှော့ဈေးဘောက်ချာ ပြန်လည်ရရှိနိုင်ခြင်း

စည်းကမ်းချက် : လျှော့ဈေးဘောက်ချာ ပြန်လည်ပေးအပ်ရာတွင် ဝယ်ယူသောပမာဏမှာ သိန်းဂဏန်းကျော်လျှင် အစွန်းထွက်ကို သောင်းဂဏန်းကျပ်အတိအကျဖြစ်သော round down တွက်ချက်ပါမည်။

**၁၅,၀၀၀** ပထမဆုံးဈေးဝယ်သူ ၁၀၀ဦးအတွက် ကျပ်တန်လျှော့ဈေးဘောက်ချာ ထုတ်ယူနိုင်ခြင်း (အသက်၁၈နှစ်အောက်များ ခံစားခွင့်မရှိပါ။)

သတ်မှတ်ထားသော ကုန်ပစ္စည်းအမှတ်တံဆိပ်များမှ အထူးခံစားခွင့်များ

အဖွဲ့ဝင်အသစ်များအတွက် : ပွိုင့် ၁၀၀ အခမဲ့ထည့်သွင်းပေးခြင်း

အဖွဲ့ဝင်ပြီးသူများအတွက် : ပွိုင့် ၃ ဆ

စည်းကမ်းချက်များ : Parkson ကဒ် အဖွဲ့ဝင်များသာ

## Opening day

FRIDAY, 17TH MARCH 2017



**Rebate**

**10 %** by Discount Voucher for every purchase of 50,000 Ks

Purchase amount will be rounded down to 10,000 Ks T&C

**Free**

**15,000 Ks**

Discount Voucher for the first 100 customers
(Not applicable for young people under 18 years of age)

**Special deals from selected brands**

For new members: **Free instant 100 points**

For existing members: **X3 bonus points**

Applicable for Parkson Card members only
While stock lasts T&C

